# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသော ခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့ မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ် (ဓမ္မပဒ-၆၀)**


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၈)၊ အမှတ်(၀၈၆)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ပန္နက်တော်တင်မင်္ဂလာအခမ်းအနားတက်ရောက်





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဝါရင့်စီးပွားရေးအကြံပေးနှင့် **Presidential Committee On New Southern Policy** ဥက္ကဋ္ဌတို့ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ စိုက်ထူပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြန်မာ- ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားတည်ဆောက်ရေး စီမံကိန်းရေိယာ၌ ကျင်းပသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ စိုက်ထူပေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ရန် အခမ်းအနားကျင်းပမည့် ဒလမြို့နယ်ဆိပ်ကမ်းသို့ နံနက် ၈ နာရီ ၁၀မိနစ်တွင် ရေယာဉ်ဖြင့် ရောက်ရှိလာရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**သိန်းတစ်သောင်းမလို တံတားတစ်စင်းသာလိုသော ရန်ကုန်တစ်ဖက်ကမ်း ဒလပြည်သူများရဲ့ ရင်တွင်းစကားသံ** စာ » ၅

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** စာ » ၈




# ၂၀၁၉ ခုနှစ်၊ (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။

(၁၉)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
နီးနှောဖလှယ်ပွဲ

(၂၈-၂၉.၁၂.၂၀၁၈) နေပြည်တော်

## သံအမတ်ကြီး ဦးစိုးလင်းဟန် နယ်သာလန် ဘုရင်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးလင်းဟန်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၉ရက်နေ့တွင် သည်ဟိတ်မြို့၌ နယ်သာလန်နိုင်ငံ ဘုရင် ဝီလီယံအလက်ဇန္ဒြားထံ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးအား လှည့်လည်ကြည့်ရှု

**မန္တလေး ဒီဇင်ဘာ ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယမန်နေ့က မန္တလေးမြို့ အလုပ်သမား ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဆေးရုံအုပ်ကြီးက ဝန်ထမ်းအင်အား ဖွဲ့စည်းပုံ၊ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှု အခြေအနေများနှင့် ဆေးရုံကြီးလုပ်ငန်းဆောင်ရွက်မှုများ၊ ဘဏ္ဍာငွေရရှိမှုနှင့် အဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဆေးကုသမှုနှင့် ဆေးဝါးရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က လူမှုဖူလုံရေးအဖွဲ့၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာနှစ်အလိုက် ဆေးရုံပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဆေးပစ္စည်းကိရိယာများဖြည့်တင်းပေးနိုင်မှု အခြေအနေ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆေးပစ္စည်းကိရိယာများ ဖြည့်တင်းပေးမည့် အခြေအနေနှင့် ဆောင်ရွက်ပေးမည့် ဆေးရုံပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လူမှုအကာအကွယ်ပေးရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး ရည်မှန်းချက်များကို အကောင်အထည် ဖော်လျက်ရှိကြောင်း၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များကို အလုပ်သမားများ ရရှိခံစားနိုင်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ အဓိက လုပ်ငန်းတာဝန်များတွင် ဆေးကုသမှု ဝန်ဆောင်မှုပေးခြင်းသည် အဓိကကျကြောင်း၊ ယခုအခါတွင် ဆေးကုသမှုဝန်ဆောင်မှုကို ဆောင်ရွက်ပေးရာ၌ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဆေးရုံသုံးရုံ၊ ဆေးခန်း ၉၆ ခန်း၊ ဌာနကြီး ဆေးခန်း ၅၅ ခန်း၊ လူမှုဖူလုံရေး - ကဲဝဲလ်ဆေးခန်း လေးခန်း၊ ရွေ့လျားဆေးကုသယာဉ် (MMU) တစ်စီးတို့ဖြင့် ဆေးကုသမှုပေးလျက်ရှိကြောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရသည့် ဌာနဖြစ်သည့်အတွက် ဝန်ဆောင်မှုကောင်းမွန်ရေးနှင့် ဆက်ဆံရေးကောင်းမွန်ရန် အရေးကြီးကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလျက်ရှိသည့် အာမခံအလုပ်သမားများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မယ်စဲ့ ဒီဇင်ဘာ ၂၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့ နံနက်က စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထာဝစဉ်ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ထာဝစဉ်မမေ့အပ်သော လွတ်လပ်ရေးနေ့ခေါင်းစဉ်ဖြင့် လည်းကောင်း သတ်မှတ်ယှဉ်ပြိုင်စေခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၀ ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနိုင်ရေး ဆွေးနွေး

**ပေါင်းတည် ဒီဇင်ဘာ ၂၄**

(၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအဖြစ် ပေါင်းတည်မြို့တွင် အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ရာ ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားနိုင်ရေး ဆွေးနွေးပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

ပါဝင်မည့် အားကစားပြိုင်ပွဲများမှာ မာရသွန်၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ ချောတိုင်တက်၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်၊ ဂိုးကျဉ်း၊ သံပုံးရိုက်၊ ခေါင်းအုံးရိုက်၊ သုံးယောက်တွဲလွန်ဆွဲပွဲ၊ အပ်နဖားထိုး၊ ပူဖောင်းဖောက်၊ မုန့်စားပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲနှင့် ပါဆယ်ဂိမ်းများကို ပါဝင်ယှဉ်ပြိုင်ကစားနိုင်မည်ဖြစ်ပြီး ပြိုင်ပွဲများကို ဇန်နဝါရီလ ၃ရက်နှင့် ၄ရက်တို့တွင်ကျင်းပကာ ဆုများကို တစ်ပါတည်းချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

မြန်မာ့အလင်း

# ငြိမ်းချမ်းအေးမြသည့် အခါသမယ

ယနေ့သည် ခရစ္စမတ် (ဝါ) ခရစ်တော်၏ မွေးနေ့အခါသမယဖြစ်သည်။ ကမ္ဘာ့လူသားသန်းပေါင်း ၂၁၀၀ ကျော်တို့၏ ယုံကြည်ကိုးကွယ်ရာ ခရစ်ယာန်ဘာသာ၏ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ ကမ္ဘာ့နိုင်ငံပေါင်းများစွာတို့တွင် ခရစ္စမတ်ပွဲတော်ကို ငြိမ်းချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည့်အခါကာလလည်း ဖြစ်သည်။

ယေရှုခရစ်ဟုလည်း ခေါ်ဆိုကြသည့် ခရစ်တော်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်က အာရှအနောက်ပိုင်းဒေသ၌ ဖွားမြင်တော်မူခဲ့သည်။ မိမိတို့၏ စိတ်နှလုံးကို နှိမ့်ချထားရန်၊ အဆုံးစွန်ထိ သည်းခံခွင့်လွှတ်ကြရန်၊ လူလူချင်း မေတ္တာတရားထားရှိရန် စသည့်ယေရှုခရစ်၏ သွန်သင်ဟောကြားချက်များက လူသားအားလုံးနှင့် သက်ဆိုင်သောအဆုံးအမများပင်ဖြစ်ပြီး လိုက်နာကြသည်နှင့်အမျှ မျက်မှောက်ကမ္ဘာလောကကြီးပေါ်မှ ပဋိပက္ခများ၊ စစ်ပွဲများ၊ အကြမ်းဖက်မှုများ ပျောက်ကွယ်ဆိတ်သုဉ်းသွားကြကာ လူသားသန်းပေါင်းများစွာတို့ ရင်ဆိုင်ခံစားနေကြရသည့် စစ်မက်ဘေး၊ အငတ်ဘေးတို့အပါအဝင် လူမှုဒုက္ခအပေါင်းမှလည်း ကင်းဝေးနိုင်ကြမည်ဖြစ်သည်ဟု ယုံကြည်မိသည်။

ယနေ့ကမ္ဘာတွင် လူသားအများအပြား ကိုးကွယ်ယုံကြည်ကြသည့် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ စသည့် ဘာသာကြီးများမှာ အာရှအနောက်ပိုင်းနှင့် တောင်အာရှဒေသတို့တွင် ခေတ်ကာလခြားပြီး ပွင့်ထွန်းပေါ်ပေါက်ခဲ့ကြခြင်း ဖြစ်သည်။ ဘာသာတရား တစ်ခုနှင့်တစ်ခု ဓလေ့ထုံးတမ်းများ၊ သီးခြားယုံကြည်မှုများ ကိုယ်စီကိုယ်စီရှိနေသော်လည်း လူတစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်၍ လူ့အဖွဲ့အစည်းနှင့် လူသားတို့၏ ကမ္ဘာလောက တည်ငြိမ်အေးချမ်းရေးကို တည်ဆောက်ကြရန်အတွက် ဟောကြားညွှန်ပြမှုများတွင်မူ အနှစ်သာရအားဖြင့် အတူတူသာဖြစ်သည်။

"ဤလောက၌ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပေတည်း" ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့သလို -

"မတရားသောသူတို့၏ တိုက်တွန်းခြင်းသို့မလိုက်၊ လူဆိုးတို့၏ လမ်းတွင် မရပ် မနေ၊ မထီမဲ့မြင်ပြုသော သူတို့၏ အစည်းအဝေး၌ မထိုင်၊ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညဥ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏" ဟူ၍ ခရစ်တော်ကလည်း လမ်းညွှန်ဆုံးမခဲ့၏။

လူသားအားလုံးတို့သည် ဘာသာစွဲ၊ အယူစွဲ၊ လူမျိုးစွဲ၊ ဆရာစွဲ၊ ဓလေ့စွဲ၊ ဇာတ်စွဲ စသည့် တစ်ယူသန် အစွဲအလမ်းများ ကင်းဖို့လိုအပ်ပါကြောင်း။ **Freedom of Thought** - စိတ်ဓာတ်နှင့် အတွေးအခေါ် လွတ်လပ်ရမည် ဖြစ်ကြောင်း၊ အရေးကြီးသည့်အချက်မှာ ဘာသာဝင်တိုင်းသည် မိမိတို့ ဘာသာတရား၏ အနှစ်သာရတို့ကို လိုက်နာကျင့်သုံးခြင်းမှ မချွတ်ယွင်းဖို့ လိုအပ်ကြောင်း၊ မိမိတို့ကိုးကွယ်သော ဘာသာတရားကို အသုံးပြု၍ အခြားကိုးကွယ်ရာ ဘာသာတရားများကို မနှောင့်ယှက်၊ မရှုတ်ချရန် အထူးဂရုပြုရမှာဖြစ်ကြောင်း အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးတစ်ပါးက မိန့်ကြားတော်မူခဲ့ဖူးသည်။

အမုန်းတရားဟူသမျှတို့ကို မေတ္တာဖြင့် ဖြေဖျောက်ခြင်း၊ ရန်ငြိုးအာဃာတတို့ကို ခန္တီ သည်းခံခွင့်လွှတ်ခြင်းတို့ဖြင့် ချုပ်ငြိမ်းစေခြင်း၊ အစွန်းရောက် တစ်ယူသန်မှုတို့ကို ဖယ်ရှားခြင်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ အစရှိသည့် လောကကမ္ဘာကို လောင်ကျွမ်းစေသည့် ကိလေသာမီးတို့ ငြိမ်းအေးစေကာ ငြိမ်းချမ်းသာယာသည့် လူသားကမ္ဘာကို မျက်မှောက်ပြုနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

*✻ ရှေ့စာမှ*

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) တံတားစီမံကိန်း ဖြစ်ပေါ်လာပုံ၊ တံတားအမျိုးအစားနှင့် တံတား တည်ဆောက်သည့်အတွက် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် စပ်လျဉ်း၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ ဝါရင့်စီးပွားရေးအကြံပေးနှင့် Presidential Committee On New Southern Policy ဥက္ကဋ္ဌ Mr. Kim Hyun Chul က မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကိုရီးယားသမ္မတနိုင်ငံက ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

**ပန္နက်တော်တင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိန်မြအေး၊ အမျိုးသားလွှတ်တော် ပြည်တွင်း၊ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးကျော်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H . E. Mr. Lee Sang Hwa တို့က သတ်မှတ်နေရာများတွင် ပန္နက်တော်တင်ပေးကြပြီး တွင်းတော်ဝန်းပေးကြသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတား ပန္နက်တော်တင် မင်္ဂလာပိုင်တိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။** သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေသခံတစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

**အမွှေးနံ့သာရည်ပက်ဖျန်း**

ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ ဝါရင့်စီးပွားရေးအကြံပေးနှင့် Presidential Committee On New Southern Policy ဥက္ကဋ္ဌတို့က မြန်မာ - ကိုရီးယား ချစ်ကြည်ရေး(ဒလ) မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍ ပန္နက်တော်တင်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ ကိုရီးယားသမ္မတနိုင်ငံ ဝါရင့်စီးပွားရေးအကြံပေးနှင့် Presidential Committee On New Southern Policy ဥက္ကဋ္ဌ၊ ကိုရီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Sang Hwa တို့နှင့် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တံတားပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဒလဘက်ကမ်းမှ တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုသည်။

**လေးလမ်းသွားတံတားဖြစ်**

မြန်မာ - ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားအမျိုးအစားမှာ ကြိုးဆိုင်းတံတား (Cable Stayed Bridge) ဖြစ်ပြီး တံတားအရှည် ၆၁၄၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၁၆၀ ဖြစ်ကာ ယာဉ်တစ်စီးချင်း ခံနိုင်ဝန် ၇၅ တန်ရှိသည့် လေးလမ်းသွား တံတားဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ကိုရီးယားသမ္မတနိုင်ငံ ဝါရင့်စီးပွားရေးအကြံပေးနှင့် Presidential Committee On New Southern Policy ဥက္ကဋ္ဌ၊ ကိုရီးယားနိုင်ငံ သံအမတ်ကြီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** ဓာတ်ပုံ -ဘိုဘို

**ပိုမိုသွက်လက်မြန်ဆန်စွာစီးဆင်း**

တံတား တည်ဆောက်ပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် အဆိုပါဒေသများ၏ ကုန်စည်ကူးလူးဆက်ဆံမှုများ ပိုမိုသွက်လက်မြန်ဆန်စွာ စီးဆင်းနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့ အနောက်ခြမ်းဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း ဆူကြံ့နိမ့်မြင့်ကွာဟမှုများ ပိုမိုနည်းပါးသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊

*စာမျက်နှာ ၄ သို့*




**ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား ပန္နက်တော်တင် မင်္ဂလာအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။** သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒေါက်တာဇေမြင့်၊ ဦးမင်းသူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုရီးယားသမ္မတနိုင်ငံ၏ ဝါရင့်စီးပွားရေးအကြံပေးနှင့် Presidential Committee On New Southern Policy ဥက္ကဋ္ဌ Mr. Kim Hyun Chul ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ တံတားစီမံကိန်းတွင် ပါဝင်ကြမည့် ကိုရီးယားသမ္မတနိုင်ငံမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် စစ်ကိုင်းတိုင်းဒေသကြီးရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် ချင်းပြည်နယ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ချင်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်တို့သည် ယနေ့ နံနက်ပိုင်းတွင် ကလေးမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်မှ သင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များအား တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သင်တန်းတက်ရောက်နေသော သင်တန်းသူများ၏ သင်တန်းချုပ်လုပ်နေမှုများအား ကြည့်ရှုအားပေး၍ သင်တန်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ပြုစုလေ့ကျင့် သင်ကြားပေးလျက်ရှိသော ကလေးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းပေးခဲ့ပြီး ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ၏ အဓိကရည်မှန်းချက်ဖြစ်သည့်ဒေသ၊ ပြည်နယ်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့်သူများဖြစ်စေရန်၊ စည်းကမ်းနှင့်အချိန်ကို တန်ဖိုးထားတတ်စေရန်၊ ပေါင်းသင်း ဆက်ဆံရေးကောင်းမွန်စေရန်၊ ကျန်းမာသန်စွမ်း ဖျတ်လတ်အောင် ပြုမူနေထိုင်စေရေးတို့အပြင် ဘဝ၏ တိုးတက်မှု၊ ရင့်ကျက်မှု၊ အတွေးအမြင်ကျယ်ပြန့်စွာ သိရှိနားလည် ဆုံးဖြတ်နိုင်စွမ်းရှိစေရေးအတွက် မဖြစ်မနေ စာဖတ်ခြင်း အလေ့အကျင့်ကောင်းများကို လေ့ကျင့်ကြိုးစား ကျင့်ကြံကြရန်နှင့် ပြုစုပျိုးထောင်ပေးကြရန် မှာကြားခဲ့ပြီး ကျောင်းသား ကျောင်းသူ အိမ်ဆောင်များ၊ စားရိပ်သာများ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် အတူ နေ့လယ်စာအတူ စားသုံးခဲ့သည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဖောက်လုပ်ပေးခဲ့သော ခိုင်ကမ်း - ပိန်းပိ - တွီးစောက်-ဒေါ်လွင် မြေသားလမ်း (၂၈၊ ၀) မိုင်အနက် (၂၊ ၀)မိုင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါလမ်းသည် ကလေးမြို့မှ ခိုင်ကမ်း- ပိန်းပိ- တွီးစောက်-ဒေါ်လွင် ကျေးရွာတို့ကိုဖြတ်၍ တီးတိန်မြို့သို့ ဆက်သွယ်ပေးမည့် လမ်းကြောင်းဖြစ်ပြီး ယခင်လမ်းဟောင်းထက် မိုင်(၂၀၊ ၀)ခန့် လျော့နည်းပြီး အချိန်သက်သာစွာ သွားလာနိုင်မည့် လမ်းကြောင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် ရန်ကုန်တိုင်းဒေသကြီး၌ လျှပ်စစ်နှင့်စွမ်းအင်ကိစ္စရပ်များ စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဓာတ်အားကွပ်ကဲရေးဌာန(ရန်ကုန်)အတွက် အဆောက်အအုံသစ်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အသစ်တည်ဆောက်လျက်ရှိသည့် 66/11-6.6kV, 30 MVA GIS Outdoor Substation စီမံကိန်းလုပ်ငန်းခွင်သို့လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် 66/11-6.6 kV, (2 ×20) MVA GIS Indoor Substation စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ ဓာတ်အားခွဲရုံတည်ဆောက်ရေးဆောင်ရွက်နေမှု အခြားအခြေအနေများကိုလည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ကုက္ကိုင်းဓာတ်အားခွဲရုံသို့ရောက်ရှိပြီး 66/11- 6.6 kV, (2 ×30) MVA အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခရမ်းကျောင်းသား ကျောင်းသူများ ရန်ကုန်၌လေ့လာ

**ခရမ်း ဒီဇင်ဘာ ၂၄**

ခရမ်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၃ ရွာမှ အလယ်တန်းကျောင်းသား ကျောင်းသူ ၃၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမ ငါးဦး ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာကျောင်းပိတ်ရက်အတွင်း ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ ပံ့ပိုးစီစဉ်မှုဖြင့် ဒီဇင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့က တစ်ညအိပ် နှစ်ရက် ရန်ကုန်၌ လေ့လာခဲ့ကြသည်။

အဆိုပါ လေ့လာရေးကျောင်းသား ကျောင်းသူများသည် ဒီဇင်ဘာ ၂၂ ရက်က ခရမ်းမြို့မှ ကားနှင့်ထွက်လာကြရာ ရန်ကုန်မှ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) အမှုဆောင်များက စောင့်ကြို၍ ရွှေလင်ပန်းစက်မှုဇုန်ရှိ ထူးသစ်ငါးစာတောင့်စက်ရုံ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ဗိုလ်ချုပ်ပြတိုက်များသို့ ပို့ဆောင်၍ လေ့လာစေခဲ့သည်။

ယင်းနောက် ဒီဇင်ဘာ ၂၃ ရက်တွင် ခရမ်းမြို့နယ်အသင်း(ရန်ကုန်)ရုံး၌ အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံပြီး တိရစ္ဆာန်ဥယျာဉ်၊ အလုံရှိ အေးရှားဝေါ(လ်)ကုန်တင်ကုန်ချဆိပ်ကမ်း၊ ဗိုလ်တထောင်ဘုရား၊ မဟာဗန္ဓုလပန်းခြံ၊ သာကေတရှိ တိုင်းရင်းသားကျေးရွာများသို့ လေ့လာရေးပို့ဆောင်ပေးခဲ့သည်။

**ခရမ်း-စိုးမြင့်**




"လူမျိုးဆိုသည်မှာ သုခဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် စကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ၊ ကောင်းတူဆိုးဖက် ပူးပေါင်းနေလိုသော အစဥ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေ၏"

*[ ၁၉၄၆ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက် ]*

# သိန်းတစ်သောင်းမလို တံတားတစ်စင်းသာလိုသော ရန်ကုန်တစ်ဖက်ကမ်း ဒလပြည်သူများရဲ့ ရင်တွင်းစကားသံ


ဦးထွေးတင်(ခ) ဦးမြသိန်း
(တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)


ဦးဖိုးဇော်
(ဗညားဒလရပ်ကွက်)


ဒေါ်ကျင်သိန်း
(စိန်ပန်းလမ်း)


ဦးဆန်းဦး
(ဗညားဒလရပ်ကွက်)


ကိုမြတ်သူအောင်
(ကမာကဆစ်ရပ်ကွက်)


မသီတာဝင်း
(တွံတေးမြို့နယ်)

ရန်ကုန် ဒီဇင်ဘာ ၂၄

**ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလပြည်သူများ၏ အိပ်မက်တံတားဟု တင်စားခေါ်ဝေါ်ခံရသော မြန်မာ - ကိုရီးယားချစ်ကြည်ရေး ရန်ကုန်- ဒလ တံတားစီမံကိန်းအကောင်အထည်ဖော်မှု ပန္နက်တင်အခမ်းအနားယနေ့စတင်ဆောင်ရွက်ပြီ ဖြစ်သည်။ ယင်းအိပ်မက်တံတားနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏ ရင်တွင်းစကားသံများကို မြန်မာ့အလင်းမှ ရေးသားဖော်ပြလိုက်ပါသည်။**

**ဦးထွေးတင်(ခ) ဦးမြသိန်း**
**တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်**

ဒီ ရန်ကုန် - ဒလ တံတားစီမံကိန်းက ပြည်သူတွေအနှစ်နှစ်အလလက စောင့်မျှော်ခဲ့တဲ့ စိတ်ကူးအိပ်မက်ပါ။ အားလုံးကလည်း ပြောဆိုနေခဲ့ကြတဲ့ အိပ်မက်တံတားပေါ့။ အခုတော့ ဒလနဲ့ ဆက်စပ်မြို့နယ်က ပြည်သူတွေ ဆန္ဒကို အကောင်အထည်ဖော်ပေးနိုင်ပြီဖြစ်တဲ့အတွက် အလွန်ပဲ အားရဝမ်းသာဖြစ်မိပါတယ်။ ဒီဒလတံတားနဲ့ ပတ်သက်လို့လည်း လမ်းအူကြောင်းနဲ့ သက်ဆိုင်တဲ့ပြည်သူတွေကို သက်ဆိုင်ရာကနေ လျော်ကြေးတွေပေးထားပြီးဖြစ်ပါတယ်။ အရင်အစိုးရလက်ထက်ကတည်းက လျော်ကြေးတွေ အဆင့်ဆင့်ပေးလာတာပါ။ အဲဒီ အချိန် ကာလ တန်ဖိုးနဲ့ဆိုရင် ပြည်သူတွေမနစ်နာပါဘူး။ ထိုက်ထိုက်တန်တန် ရခဲ့ကြတာပါ။ အခုဆိုရင် ဒေသခံပြည်သူတွေက နှစ်ပေါင်းများစွာ တံတားကြီး ဆောက်မယ်၊ ဆောက်မယ်ဆိုပြီးတော့ ပျက်ပျက်သွားတဲ့အတွက် အိပ်မက်တံတားလို့တောင် ဝေဖန်ခံခဲ့ကြရတာပါ။ ယနေ့လို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့အတွက် ဒီ ဒလ မြို့နယ်သာမက ဆက်စပ်မြို့နယ်က ပြည်သူတွေကပါ အလွန်ဝမ်းသာပီတိဖြစ်နေကြပါတယ်။

**ဦးဖိုးဇော်**
**ဗညားဒလရပ်ကွက်**

အဖေအမေ၊ အဘိုးအဘွားတွေ ရှိစဥ်ကတည်းက ဒီတံတားဆောက်မယ်၊ ဆောက်မယ်နဲ့ ပြောလာခဲ့တာ။ နောက်နားကအထိ ပြည်သူကြားမှာ တကယ်ဖြစ်လာလိမ့်မယ်လို့ မယုံကြည်ကြဘူး။ အခုတော့ လက်တွေ့အကောင်အထည်ဖော် မြင်လိုက်ရတာ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ သွားလာရေး၊ သောက်သုံးရေကအစ လိုအပ်မှုတွေရှိနေတဲ့ ဒေသမှာ တံတားကြီးနဲ့အတူ သောက်သုံးရေပါ ပါလာမယ်ဆိုတော့ ဒေသခံပြည်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ။ ဒီတံတားကြီးက အိပ်မက်တံတားလို့ ပြောလို့ရပါတယ်။ ဒီ ရန်ကုန်- ဒလ တံတားကြီးသာ ပြီးဆုံးသွားရင် ဒီဒလနယ်တစ်ခုတည်းမဟုတ်ပါဘူး။ ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူတွေအားလုံး ကုန်စည်စီးဆင်းမှုကအစ လွယ်ကူပြီး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်သွားမှာပါ။ တကယ်တော့ ဒီတံတားကြီးနဲ့ သိန်းတစ်သောင်းနဲ့ ဘယ်ဟာယူမလဲဆိုရင် ဒီတံတားကြီးကိုပဲ တမ်းတမိမှာပါ။ ဘာနဲ့မှ လဲလို့မရပါဘူး။ သိန်းပေါင်းတစ်သောင်းက ကျွန်တော်နဲ့ မိသားစုပဲ အဆင်ပြေမှာလေ။ ဒီတံတားကြီးက တိုင်းဒေသကြီးနဲ့ မြို့နယ်က ပြည်သူအားလုံး အကျိုးရှိမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ အရာပါ။

**ဒေါ်ကျင်သိန်း**
**စိန်ပန်းလမ်း၊ ဒလမြို့**

ဒီရန်ကုန်တစ်ဖက်ကမ်း ဒလဘက်ခြမ်းအနေနဲ့ကတော့ ဒီတံတားကြီးကအတော်လေးကို အထောက်အကူပြု ဖြစ်သွားမှာပါ။ အရင်က သမ္ဗန်မြုပ်တယ်၊ သင်္ဘောတွေတိုက်တဲ့အခါကျတော့ ပြည်သူတွေ အတော် လေးကို အသက်အန္တရာယ်ကြားကနေ သွားလာခဲ့ကြရပါတယ်။ အခုလို ရန်ကုန်- ဒလ တံတားကြီး တကယ်ပဲ အကောင်အထည်ဖော် တည်ဆောက်ဖြစ်တယ်ဆိုတော့ ဝမ်းသာပါတယ်။ အဘွားတို့ကတော့ အသက်တွေလည်း ကြီးပြီဆိုတော့ နောင်လာ နောက်သား မြေးမြစ်တွေအတွက်ကတော့ ရန်ကုန်တစ်ဖက်ကမ်းနဲ့ ကူးလူးသွားလာရတာ အတော်လေးကို အဆင်ပြေသွားမှာပါ။ အဘွားတို့ ငယ်ငယ်ကတည်းက အခု ရန်ကုန်- ဒလ အလွယ်တကူသွားလာနိုင်တဲ့ တံတားကြီးကို မျှော်လင့်ခဲ့တာပါ။ အခုတော့ အဘွားတို့ရဲ့စိတ်ကူးအိပ်မက် တွေ တကယ်ပဲ အကောင်အထည်ပေါ်လာတော့ အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါတယ်။

**ဦးဆန်းဦး**
**ဗညားဒလရပ်ကွက်**

ပြည်သူတွေအားလုံး၊ ဒေသခံတွေအားလုံး ဒီတံတားကြီးကို မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်နေခဲ့တာပါ။ အခုလိုဖြစ်မြောက်သွားတာ အတော်လေးကို ဝမ်းသာပါတယ်။ အရင်ကတော့ အိပ်မက်တံတားပဲဆိုပြီး မယုံကြည်ခဲ့မိပါဘူး။ အခုတော့ လက်တွေ့ ပန္နက်တင်အခမ်းအနားလုပ်လိုက်ပြီဆိုတော့ တကယ်ပဲဆိုတာ အိပ်မက်ကနေ လန့်နိုးလာသလိုပါပဲ။ ဒလမြို့နယ်အနေနဲ့ လူကြီး၊ လူငယ်၊ လူလတ်မကျန် ရန်ကုန်မှာ အလုပ်သွားလုပ်ကြပါတယ်။ နောင် အခုလိုတံတားကြီးပြီးလို့ စက်ရုံ၊ အလုပ်ရုံတွေ အကောင်အထည်ဖော်ဖြစ်မယ်ဆိုရင် ဒီဒလမြို့ဟာ အတော်လေးကို ဖွံ့ဖြိုးတိုးတက်သွားမှာပါ။ ဒေသခံပြည်သူတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရသွားမယ်လို့ ယုံကြည်ပါတယ်။ လောလောဆယ် ဒီဘက်ခြမ်းပြည်သူတွေကျတော့ သမ္ဗန်နဲ့ပဲ အားကိုးနေကြရတယ်။ အန္တရာယ်ရှိတာပေါ့။ တံတားကြီးပြီးသွားရင်တော့ အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်ပါပြီ။ နွေ၊ မိုး၊ ဆောင်း အမြဲ အသက်အန္တရာယ်ကြားမှာ ကူးလူးသွားလာနေကြရတာပါ။

**ကိုမြတ်သူအောင်**
**ကမာကဆစ်ရပ်ကွက်**

ဒီတံတားကြီး အခုလိုတည်ဆောက်ဖြစ်တဲ့အတွက် ဒေသခံတစ်ဦးအနေနဲ့ အလွန်ပဲ ဝမ်းသာပါတယ်။ အရင်က လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့လို့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကအစ ဘက်ပေါင်းစုံက နောက်ကျကျန်ခဲ့ရတယ်။ အခုလို ရန်ကုန်မြို့ကြီးနဲ့ အလွယ်တကူ သွားလာဖြတ်သန်းနိုင်တော့မယ်ဆိုတော့ နောင်လာနောက်သားတွေအတွက် တော်တော်လေးကို ကောင်းသွားမှာပါ။ လတ်တလောမှာတော့ သမ္ဗန်ငယ်လေးတွေနဲ့ သွားလာနေကြတာလည်းရှိတော့ လူတွေအတွက် အသက်အန္တရာယ်တွေနဲ့ ကြုံတွေ့နေရတာပေါ့။ အရင်ကလည်း လူတွေ အသက်ဆုံးရှုံးခဲ့တာ မနည်းဘူး။ ညဘက်တွေ၊ မနက်စောစောပိုင်းတွေ ပိုပြီး အန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ကြရတယ်။ ဆောင်းတွင်းဘက်ဆို မြူတွေပိတ်တော့ ရန်ကုန်သွားအလုပ်လုပ်တဲ့သူတွေ အချိန်နောက်ကျတာတွေ ဖြစ်ကြတယ်။ ဒီတံတားကြီးပြီးသွားရင်တော့ အချိန်အနည်းငယ်အတွင်း ကူးလူးသွားလာနိုင်တော့မှာဆိုတော့ ဒေသခံတစ်ဦးအနေနဲ့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။

**မသီတာဝင်း**
**တွံတေးမြို့နယ်**

ဒီနေ့ကတော့ ကိုယ့်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် တံတားကြီး တကယ်ပဲ အကောင်အထည်ဖော် တည်ဆောက်တော့မယ်ဆိုတော့ ဝမ်းသာလို့ လာကြည့်တာပါ။ ဒီတံတားကြီး ပြီးဆုံးသွားရင်တော့ ပြည်သူတွေအားလုံး လွယ်လင့်တကူ အချိန်တိုအတွင်း သွားလာနိုင်ကြပြီဆိုတော့ အားလုံးကလည်း ဝမ်းသာနေကြပါတယ်။ ဒီတံတားကြီးကို မျှော်လင့်နေကြတာလည်း ကြာပါပြီ။ တံတားကြီးပြီးရင် တိုက်ရိုက်ကားတွေလည်း ကူးလူးသွားလာနိုင်တော့မှာဆိုတော့ ကုန်စည်စီးဆင်းမှုလည်း ပိုပြီးတော့ အဆင်ပြေသွားမှာပါ။ မြို့တွင်းအလုပ်ဆင်းတဲ့ သူတွေလည်း အခုထက် ပိုအဆင်ပြေသွားမှာပါ။ စက်ရုံ၊ အလုပ်ရုံတွေလည်း နောက်ပိုင်း ဒီဒလဘက်ခြမ်းကို လာရောက်တည်ထောင်ကြမယ်လို့ကြားတော့ အတိုင်းမသိ ဝမ်းသာပိတိဖြစ်မိပါတယ်။ ဒီရန်ကုန် - ဒလတံတားကြီးက ကျွန်မတို့ ဒီဘက် ပြည်သူတွေအတွက်ကတော့ တန်ဖိုးဖြတ်မရတဲ့ အရာပါပဲ။ တကယ်ပဲ တန်ဖိုးကြီးမားပါတယ်။

မြန်မာ- ကိုရီးယား ချစ်ကြည်ရေး တည်ဆောက်မည့် ရန်ကုန်- ဒလတံတားကြီးကို ယနေ့ပန္နက်တင်သည့် အခမ်းအနားမှစတင်ကာ ချဉ်းကပ်လမ်းပိုင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူစတင်အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ပြီး ပြည်တွင်းအင်ဂျင်နီယာများနှင့်အတူ ပြည်ပ ကိုရီးယားနိုင်ငံ အင်ဂျင်နီယာများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## ညအပူချိန်များ လျော့နည်းနေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

**မိုး/ဇလ**

# ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးဖြင့် ပြည့်ဝသော ခရစ္စမတ်

တက္ကသိုလ်ပွင့်သူအောင်

၂၀၁၇ ခုနှစ်တွင် ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေး တမန်တော်ဖြစ်သည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာခဲ့သည်။ ထိုချစ်ကြည်ရေးခရီးစဉ်တွင် ပုပ်ရဟန်းမင်းကြီးက "စစ်မှန်သည့် ငြိမ်းချမ်းရေးရရှိရန် ချစ်ခြင်းမေတ္တာကို အရင်းခံရမည်ဖြစ်ကြောင်း၊ ဤတိုင်းပြည်တွင် ကြင်နာခြင်းနှင့်ပြည့်သည့် ချစ်ခြင်းမေတ္တာကို အားလုံး ကျင့်ကြံရန် လိုအပ်ကြောင်း၊ ဘာသာတရားအားလုံးသည် ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ရောက်ရန် အတူတကွ စုပေါင်းရန် လိုအပ်ကြောင်း၊ မျှော်လင့်ချက်များဖြင့် ပြည့်နေသော နိုင်ငံတစ်နိုင်ငံအဖြစ်ကို ကျွန်ုပ်တို့ မြင်ယောင်ကြည့်ကြရန် လိုအပ်ကြောင်း၊ ခရစ္စမတ်ဆိုသည်မှာ မျှော်လင့်ရသည့် ကာလဖြစ်ကြောင်း၊ ကျွန်ုပ်တို့အားလုံးသည် ဘာသာရေးအသိကို အရင်းခံပြီး မြန်မာပြည်ကို အခွင့်အလမ်း၊ ငြိမ်းချမ်းရေး၊ ချစ်ခြင်းမေတ္တာနှင့် ပြန်လည်သင့်မြတ်ခြင်းများဖြင့် ပြည့်ဝသော နိုင်ငံအဖြစ် တည်ဆောက်နိုင်ကြရန် တစ်ဦးစီအပေါ် ကောင်းချီးကျေးဇူး သက်ရောက်ပါစေ၊ မွန်မြတ်သာယာသော ခရစ္စမတ်နှင့် အောင်မြင်ဖြစ်ထွန်းသည့် နှစ်သစ်ဖြစ်ပါစေ" ဟူ၍ ဆုတောင်းစကားဆိုခဲ့သည်။

**ခရစ္စမတ်ဆိုသည်မှာ**

နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်နေ့ ရောက်တိုင်း တစ်ကမ္ဘာလုံး ခရစ္စမတ်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။ ခရစ်ယာန်ဘာသာဝင်များက ခရစ္စမတ်ဆိုသည်မှာ ခရစ်တော်ယေရှုဘုရားသည် လူ့အသွေးအသားနှင့် ခံယူခြင်း အဖြစ်အပျက်ကို ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ခရစ္စမတ်ပွဲ ကျင်းပရခြင်း အကြောင်းမှာ ဘုရားသခင်သည် လူသားများအတွက် ကယ်တင်ပေးသည်ကို လူသားများကပြန်လည် အောက်မေ့တန်ဖိုးထားရန်ဖြစ်ကြောင်း ဆိုသည်။

ထို့အပြင် ဘုရားသခင်၏ အကြံအစည်တော်အား လူတို့ နားလည်နိုင်ရန်အတွက် ကြီးမြတ်သော ဘုန်းတော်ကို စွန့်လျက် လူ့ဇာတိကို ခံယူလိုက်ခြင်း (Incarnation) ဖြစ်ပြီး လူနှင့် အသွေးတစ်သားတည်း (Flesh) ဖြစ်သည်ကို ဖော်ပြသည့် လူ့ဇာတိခံယူခြင်းသည် ဘုရားသခင်အား လူ၏ ပုံသဏ္ဌာန်ကဲ့သို့ ခံယူလျက် သခင်ခရစ်တော်ဟူသော လူသားတစ်ဦးအနေဖြင့် မွေးဖွားလာခြင်းဖြစ်ကြောင်း သိရသည်။ တစ်နည်းအားဖြင့် သခင်ယေရှုခရစ်တော်သည် လူသားအားလုံးအတွက် ကယ်တင်ခြင်းကိုပေးရန် ကောင်းကင်ဘုံမှ ဆင်းသက်လာ၍ အပျိုစင် တစ်ဦးဖြစ်သူ "မာရီ"အား သန့်ရှင်းသော ဝိညာဉ်တော် ကိန်းဝပ် ရာ အသွေးအသားအဖြစ် လူ့ဇာတိကို ခံယူခြင်းပင်ဖြစ်သည်။ အထူးသဖြင့် သခင်ယေရှု ကြွရောက်လာခြင်းက လူအများကို အံ့သြမှင်တက်မိစေသည်။ နန်းတော်တွင် မွေးဖွားရမည့်အစား ဖြစ်နိုင်ဖွယ်မရှိသောနေရာဖြစ်သည့် ဗက်လင်မြို့ပြင်ရှိ နိမ့်ကျသော နေရာ၌ မွေးဖွားခဲ့သည်။ အဆင်ပြေဆုံးတစ်ခုတည်းသော အိပ်ရာဖြစ်သည့် နွားစားခွက်ထဲ၌ ကိုယ်တော်အိပ်စက်ခဲ့သည်။ သိုးထိန်းများ၏ ကြိုဆိုမှုကို သခင်ယေရှုခံယူခဲ့သည်။ မိဘများက ဗိမာန်တော်တွင် သူငယ်တော်ကို ဆက်ကပ်ပူဇော်သည့်အခါ စည်းစိမ်ဥစ္စာများထက် ဈေးမကြီးသည့် ချိုးကလေးနှစ်ကောင်သာ ပူဇော်ခဲ့ကြသည်။

**ခရစ္စမတ်၏ အဓိကအကြောင်းအရာများ**

ခရစ္စမတ်၏ အဓိကအကြောင်းအရာများကို သမ္မာကျမ်းစာ၌ စာတန်၏ လုပ်ငန်းအားလုံးကို ဖျက်ဆီးရန် သခင်ယေရှုကြွလာခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း၊ လူသားအားလုံး၏ အပြစ်ကို ယူဆောင်သွားရန် သခင်ယေရှုကြွလာခြင်းဖြစ်သည် ဟူ၍ လည်းကောင်း၊ ထိုသခင်ယေရှုကို မျှော်လင့်နေသောသူများအတွက် ကယ်တင်ခြင်းရရှိစေရန် အလို့ငှာ သူငယ်တော်လေး ကြွလာရခြင်း ဖြစ်သည်ဟူ၍ လည်းကောင်း၊ လူသားအားလုံးမှာ ဘုရားသခင်ကို မြင်တွေ့ရန်အတွက် သူငယ်တော်လေး ကြွလာခြင်း ဖြစ်သည်ဟူ၍လည်းကောင်း အသီးသီး ဖော်ပြထားသည်ကို လေ့လာသိရှိရသည်။ ထိုအခါက အကြောင်းအရာများအနက် ခရစ္စမတ်၏အဓိပ္ပာယ်ကို နက်ရှိုင်းစေသောအချက်မှာ သခင်ယေရှုအား မိမိ၏ နှလုံးသားပလ္လင်တော်ပေါ်တွင် ကယ်တင်ပိုင်ရှင် အသက်သခင်အဖြစ် လက်ခံသော သူတိုင်းမှာ ကယ်တင်ခြင်းကို ရရှိစေသည်ပင်ဖြစ်သည်။

**ခရစ္စမတ်လက်ဆောင်**

ယင်းအချက်နှင့် ပတ်သက်၍ "AMY BOUCHER PYE" အမည်ရှိ အမျိုးသမီးကြီးတစ်ဦးက "ခရစ္စမတ်ရောက်တိုင်း ကျွန်မ၏ မိတ်ဆွေတစ်ဦးသည် တစ်နှစ်တာလုံး၏ အဖြစ်အပျက်များကို ပြန်ပြောင်းဆန်းစစ်ချက်နှင့် အနာဂတ်နှင့် ပတ်သက်သော စိတ်ကူးအိပ်မက်အကြောင်း ပါဝင်သည့် စာရှည်ကြီးတစ်စောင်ကို သူ့ဇနီးထံရေးလေ့ရှိကြောင်း၊ သူက ဇနီးသည်အား မည်ရွေ့မည်မျှ ချစ်ကြောင်း၊ အဘယ်ကြောင့် ချစ်ရကြောင်း၊ အမြဲပြောလေ့ရှိကြောင်း၊ သူ့သမီး တစ်ယောက်စီထံသို့လည်း စာရေးပေးကြောင်း၊ ထို့ကြောင့် သူ၏ချစ်မေတ္တာ စကားများက မေ့မရနိုင်သော ခရစ္စမတ်ပေးစာ သို့မဟုတ် ခရစ္စမတ်လက်ဆောင်ပင် ဖြစ်ပါကြောင်း " ပြောပြခဲ့သည်။ ယင်းအချက်ကို သေသေချာချာ တွေးကြည့်ပါက လူ့ဇာတိ အဖြစ်ကို ခံယူသော နှုတ်ကပါဌ်တော် သခင်ယေရှုသည် ခရစ္စမတ်၏ မူလမေတ္တာ ပေးစာ သို့မဟုတ် ခရစ္စမတ်လက်ဆောင်ပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ဤသမ္မတရားကို ယောဟန်မှ မီးမောင်းထိုးပြခဲ့သည်။ "အစအဦး၌ နှုတ်ကပါဌ် တော် ရှိတော်မူ၏။ နှုတ်ကပါဌ်တော်သည် ဘုရားသခင်နှင့် အတူရှိ၏။ နှုတ်ကပါဌ်တော်သည်လည်း ဘုရားသခင် ဖြစ်တော်မူ၏။" (ယော ၁း၁) ရှေးခေတ်အတွေးအခေါ် ဒဿနၛ ဂရိစကား နှုတ်ကပါဌ်တော် (Logos) ဆိုသည်မှာ အမှန်တရားများကို ပေါင်းစည်းထားသည့် ဘုရားသခင်၏ စိတ်နှလုံးတော် သို့မဟုတ် အစီအစဉ်အရ အဆိုပြုခဲ့သည်။

ခရစ်ယာန်ဘာသာဝင်တို့၏ အဆိုအရ ရာစုနှစ်များစွာ၌ ဓမ္မပညာရှင်များက နှုတ်ကပါဌ်တော်အဖြစ် သခင်ယေရှုသည် လူသားတို့၏ မှောင်မိုက်သောလောကကို အလင်းပေးကြောင်းနှင့် သခင်ယေရှုအား ယုံကြည်ကိုးစားပါက ဘုရားသခင်၏ ချစ်သား ချစ်သမီးဖြစ်ရခြင်း ဆုလက်ဆောင်ကို တွေ့ကြုံခံစားနိုင်ကြောင်း သိရသည်။

**ထူးခြားချက်များ**

ခရစ္စမတ်နှင့်ပတ်သက်၍ ထူးခြားချက်များစွာ ရှိခဲ့သည်။ သခင်ယေရှုမွေးဖွားချိန်တွင် အရှေ့ပြည်မှ ကြယ်ကြီးတစ်လုံး ထွန်းလင်းခဲ့ခြင်း၊ မာရုပညာရှင်များက (ရွှေ၊ လောပန်နှင့် မုရန်) ဆိုသည့် ပူဇော်စရာပစ္စည်းများကို အပ်နှံပူဇော်ကြပြီး သိုးကျောင်းသားများက လာရောက်ဖူးမြော်ခြင်း၊ နွားစားခွက်၌ နိမ့်ချစွာ မွေးဖွားခြင်း၊ နာမတော်အားဖြင့် ယေရှု(အပြစ်မှ ကယ်ချွတ်မည့်သူ) ဖြစ်ခြင်း၊ အပျိုစင်မယ်တော်မာရီသည် သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် ပဋိသန္ဓေစွဲယူခဲ့ခြင်း စသည့် ထူးခြားချက်များကို လေ့လာမှတ်သားခဲ့ရသည်။ ခရစ်ယာန်ဘာသာဝင်များက သူငယ်တော်ယေရှုသည် လူသားအားလုံး၏ အပြစ်များကို ယူဆောင်သွားရန် ဤလောကကြီးထဲသို့ ကြွလာတော်မူခဲ့ရခြင်းဖြစ်သည်ဟူ၍ လည်းကောင်း၊ လူသားအားလုံးတို့မှာ ဘုရားသခင်အား ကိုယ်တိုင်မြင်ဖို့အတွက် သူငယ်တော်ယေရှုကိုယ်တော်တိုင် မေတ္တာဖြင့် ကြွလာတော်မူခြင်းဖြစ်သည် ဟူ၍လည်းကောင်း၊ သူငယ်တော်ယေရှုလောကသို့ ကြွလာခဲ့ခြင်းမှာ စာတန်၏တန်ခိုး (သေခြင်း) ကို ရိုက်ချိုးရန် ဖြစ်သည်ဟူ၍ လည်းကောင်း ခရစ်ယာန်ဘာသာဝင်တို့က ယုံကြည်ကြသည်။ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ထံ ချဉ်းကပ် တိုးဝင်သူတို့သည် "ငါသည်ထာဝရဘုရား၏ လူဖြစ်သည်" ဟု ရဲရင့်စိတ်ချမှုဖြင့် ပြောနိုင်သည်ဟူ၍လည်း ခရစ်ယာန်ဘာသာဝင်တို့က ဆိုကြသည်။

**ခရစ္စမတ်နေ့ဖော်ထုတ်တွေ့ရှိခဲ့**

ယေရှုခရစ်တော်၏ မွေးနေ့ကို ရှေးခေတ်ပညာရှင်များက နွေရာသီအချိန်ဖြစ်သည်ဟု ယူခဲ့သည်။ သို့သော် ခရစ်တော်မွေးနေ့ပွဲတော် ကျင်းပခြင်းသည် အေဒီ ၃၃၆ ခုနှစ်တွင် ဖြစ်ကြောင်း ရှေးကနဦးပြက္ခဒိန်မှ ပထမဦးဆုံး ဖော်ထုတ် တွေ့ရှိခဲ့သည်။ ယင်းပွဲတော်ကျင်းပသည့် နေ့ရက်မှာ ဒီဇင်ဘာလ ၂၅ ရက်နေ့ဖြစ်ကြောင်း အဆိုပါ ပြက္ခဒိန်မှ ညွှန်ပြခဲ့သည်။ ခရစ်နှစ် ၃၅၄ ခုနှစ်တွင် ရောမသာသနာပိုင် (Bishop) များက ဒီဇင်ဘာလ ၂၅ ရက်ကို ပိုပြီး နှစ်သက် ယုံကြည်လေးစားကြသည် သာမက ဘုရင်မင်းမြတ် ကိုယ်တော်တိုင်ပင် ထိုနေ့ရက်၌ ဗိမာန်တော်သို့ လာရောက်ကာ၊ သခင်ယေရှုခရစ်တော်၏ မွေးနေ့ကို ဂုဏ်ပြုကြိုဆိုခဲ့သည်။ ထို့အပြင် "ခရစ်စိုစတော်ဖ်" (Chyso storm) ၏ စာအုပ်ထဲ၌ ရောမပုပ်ရဟန်းမင်း ပထမ ဂျူလီယပ်စ် (Pope Julius st1) ကလည်း ဒီဇင်ဘာလ ၂၅ ရက်နေ့ကို ခရစ္စမတ်နေ့အဖြစ် ပိုမိုနှစ်သက်ခဲ့ကြောင်း ဖော်ပြထားသည်။

**သန့်ရှင်းသော အမှတ်အသား**

ထိုအချိန်မှစ၍ ယနေ့ထက်တိုင် ခရစ်ယာန်ဘာသာဝင်များသည် ဒီဇင်ဘာလ ၂၅ ရက်နေ့၌ ခရစ္စမတ်ပွဲတော် ကျင်းပခဲ့ကြသည်။ တစ်ခါတစ်ရံ ခရစ္စမတ်ဟူသော ဝေါဟာရကို "Christmas" အစား "X-mas" ဟူ၍ ဖော်ပြကြသည်။ ယင်းဓလေ့မှာ ကတိစကားအားဖြင့် "X" သည် ခရစ်တော်၏ အမည်နာမမှ ပထမဆုံးစာလုံးကို ပုံဆောင်ခဲ့ရာမှတစ်ဆင့် "X" စကားလုံးကို သန့်ရှင်းသောအမှတ်အသား (Holy Symbol) အဖြစ် အသုံးများခဲ့ကြသည်။

ခရစ္စမတ်နေ့သည် "လောကသားများကို အပြစ်သံသရာမှ ကယ်ချွတ်မည့် သခင်ယေရှုဘုရား လူ့ဇာတိ ခံယူကာ မွေးဖွားသန့်စင်သောနေ့ဖြစ်သည်။ ခရစ္စမတ်နေ့တွင် မိသားစုများ ဆုံစည်းကြသည်။ ဘုရားဂုဏ်တော် ချီးမွမ်းကိုးကွယ်ကြသည်။ အချင်းချင်း လက်ဆောင်ပေးကြသည်။ ဘုရားမေတ္တာ ဝေငှ ဟောပြောသည်။ စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် ချစ်ခြင်းမေတ္တာကို အရင်းခံရမည် ဖြစ်၍၊ ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းရေးဖြင့် ပြည့်ဝသော ခရစ္စမတ်အခါသမယတွင် မြန်မာနိုင်ငံကို အခွင့်အလမ်း၊ ငြိမ်းချမ်းရေး၊ ချစ်ခြင်းမေတ္တာနှင့် ပြန်လည်သင့်မြတ်ခြင်းများဖြင့် ပြည့်ဝသောနိုင်ငံအဖြစ် အားလုံးဝိုင်းဝန်းတည်ဆောက်ကြပါစို့"ဟု ဆုတောင်းစကား ဆိုလိုက်ရပါသည်။ ။

**"အမျိုးသမီးကြီးတစ်ဦးက "ခရစ္စမတ်ရောက်တိုင်း ကျွန်မ၏ မိတ်ဆွေတစ်ဦးသည် တစ်နှစ်တာလုံး၏ အဖြစ်အပျက်များကို ပြန်ပြောင်းဆန်းစစ်ချက်နှင့် အနာဂတ်နှင့် ပတ်သက်သော စိတ်ကူးအိပ်မက်အကြောင်း ပါဝင်သည့် စာရှည်ကြီးတစ်စောင်ကို သူ့ဇနီးထံရေးလေ့ရှိကြောင်း၊ သူက ဇနီးသည်အား မည်ရွေ့မည်မျှ ချစ်ကြောင်း၊ အဘယ်ကြောင့် ချစ်ရကြောင်း၊ အမြဲပြောလေ့ရှိကြောင်း၊ သူ့သမီး တစ်ယောက်စီထံသို့လည်း စာရေးပေးကြောင်း၊ ထို့ကြောင့် သူ၏ ချစ်မေတ္တာစကားများက မေ့မရနိုင်သော ခရစ္စမတ်ပေးစာ သို့မဟုတ် ခရစ္စမတ်လက်ဆောင်ပင် ဖြစ်ပါကြောင်း " ပြောပြခဲ့"**

## စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားရက်သတ္တပတ် စတင်

**စစ်ကိုင်း ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် တိုင်းဒေသကြီး ခရီးသွား ရက်သတ္တပတ်လှုပ်ရှားမှုကို စစ်ကိုင်းမြို့ ရွာထောင်ဘူတာမှ ယနေ့နံနက် ၆နာရီခွဲက စတင်ထွက်ခွာခဲ့ကြောင်းသိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ခရီးသွားတာကို မော်တော်ယာဉ်တွေနဲ့ပဲ သွားကြတယ်။ တို့လည်းရထားနဲ့ ခရီးသွားဖို့ တစ်မျိုးတစ်ဖုံ ဆန်းသစ်စေချင်တယ်။ အဲဒီအတွက် ရထားနဲ့ ခရီးသွားတာကို အခုလို လုပ်ဆောင်တာပါ။ ရထားနဲ့ ခရီးသွားရင်းနဲ့ ဇလုံတောင်၊ လင်းနို့ဂူတွေမှာလည်း ခရီးသွားလည်ပတ်ဖို့၊ အပန်းဖြေဖို့အတွက် စခန်းတွေ တည်ဆောက်ဖွင့်လှစ်ထားတယ်ဆိုတာကိုလည်း ပြသချင်တဲ့အတွက် အခုလို စီစဉ်တာပါ" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

အဆိုပါ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ယနေ့တွင် ရထားဖြင့် စစ်ကိုင်းမြို့ ရွာထောင်ဘူတာမှ အင်းတော်မြို့နယ် နဘားဘူတာအထိ ရထားလမ်းတစ်လျှောက်ရှိ နေရာ ၁၉ နေရာတွင် ခေတ္တရပ်နားကာ ကျေးရွာများသို့ စာအုပ်စာစောင်များ ထောက်ပံ့ပေးအပ်ပြီး နဘားဘူတာမှ ကသာမြို့သို့ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် ဗန်းမောက်မြို့နယ် ဇလုံတောင် ခမိုးယာဉ်ရပ်နားစခန်းဖွင့်လှစ်ပြီး အင်းတော်မြို့ရှိ စည်တော်ကြီးကို ကြည့်ရှုစစ်ဆေးမည်ဖြစ်ကာ ကောလင်းမြို့တွင် ညအိပ်ရပ်နားမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၆ရက်တွင် ကန့်ဘလူမြို့နယ်အတွင်းရှိ လင်းနို့ဂူ သဘာဝသစ်တောထိန်းသိမ်းရေးနှင့် ပညာပေး အပန်းဖြေစခန်းဖွင့်လှစ်ပြီး ရွှေဘိုမြို့တွင် ညအိပ်ရပ်နားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် ကျောက်မြောင်းနွယ်ငြိမ်း ကျေးရွာဆိပ်ကမ်းမှ စစ်ကိုင်းမြို့အထိ သင်္ဘောဖြင့်ပြန်လည်ဆင်းမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**



မရမ်းကုန်းမြို့နယ် အမှတ် ၃ ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီးရှိ သုံးပါးကက်သလစ်ဘုရားရှိခိုးကျောင်း (Catholc Church of Epiphany) ဝင်းအတွင်း ယနေ့ညပြုလုပ်သော ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ဦး မင်္ဂလာဆုတောင်းပွဲသို့ တက်ရောက်လာကြသော ခရစ်ယာန်ဘာသာဝင်များ ဆုမွန်ကောင်း တောင်းဆိုနေကြသည်ကို တွေ့ရစဉ်။ မျိုးမင်းသိန်း (မရမ်းကုန်း)

# ဟွန်ဘွန်ခွန်တျောင်ရှာ ဗုဒ္ဓဘာသာဘုရားကျောင်း တည်ဆောက်ရန် မင်္ဂလာအုတ်မြစ်တော်စီ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဟွန်ဘွန်ဗုဒ္ဓဘာသာအသင်းက ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကို ရည်ရွယ်၍ ရန်ကုန်မြို့လမ်းမတော်မြို့နယ် ၁၆ လမ်း အမှတ် ၈၆ တွင် တည်ဆောက်မည့် ဟွန်ဘွန်ခွန်တျောင်ရှာ ဗုဒ္ဓဘာသာဘုရားကျောင်း အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အဆိုပါမြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်ဇမ္ဗူတောရကျောင်းတိုက် ပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဟွန်ဘွန်ဗုဒ္ဓဘာသာအသင်းနာယကများဖြစ်ကြသော ဦးဝင်းမြင့်နှင့် ဦးကြင်စိန်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ကျော်နှင့် ဒေါ်ဟိုလွင်ရှင်း၊ ရွှေသံလွင်ကုမ္ပဏီမိခင်ကြီး ဒေါ်နီနီနှင့် တာဝန်ရှိသူတို့က ဟွန်ဘွန်ခွန်တျောင်ရှာ ဗုဒ္ဓဘာသာဘုရားကျောင်း တည်ဆောက်မည့် သတ်မှတ်မြေနေရာ၌ မင်္ဂလာအုတ်မြစ်တော်များကို တစ်ပြိုင်တည်း စီပေးကြပြီး အောင်ဘိသိက်သွန်းကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဟွန်ဘွန်ခွန်တျောင်ရှာ ဗုဒ္ဓဘာသာဘုရားကျောင်း မင်္ဂလာကမ္ပည်းမော်ကွန်း ကျောက်စာကို သတ်မှတ်နေရာ၌ ထည့်သွင်းပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ အသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

အသေးစားဓာတ်အားစနစ် စီမံကိန်းလုပ်ငန်းများသည် မီးအလင်းရောင်အတွက် သာမက ကျေးလက်လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစားကုန်ထုတ်လုပ်ငန်း၊ အသေးစား စက်မှုလုပ်ငန်းများပါ ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် သက်ဆိုင်ရာဌာနများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ယနေ့ နံနက် ၁၀ နာရီခွဲက ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၏ အသေးစားဓာတ်အားစနစ် မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

**ဝိုင်းဝန်းထိန်းသိမ်းပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုပြီး မဟာဓာတ်အားလိုင်း ပြင်ပစနစ် မီးလင်းရေးလုပ်ငန်းများကို တစ်အိမ်သုံးဆိုလာစနစ်နှင့် အသေးစား ဓာတ်အားစနစ်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်မီးလင်းရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏသည် ကြီးမားကျယ်ပြန့်သည့်အတွက် အချိန်တိုကာလအတွင်း ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရန် နိုင်ငံတော်အစိုးရတစ်ခုတည်း၏ အင်အားဖြင့်သာမက ကမ္ဘာ့ဘဏ်၊ Kf W ဂျာမန် ဖွံ့ဖြိုးရေးဘဏ်၊ ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ GIZ စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်း၍ စီမံကိန်းလုပ်ငန်းများ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒေသနေပြည်သူများအနေဖြင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားပြီးကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က စီမံကိန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျေးရွာပြည်သူ - ကုမ္ပဏီနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၃၉ ကီလိုဝပ် ဆိုလာအသေးစားဓာတ်အားစနစ်၊ အရန် ဒီဇယ်အင်ဂျင် ၄၀ ကီလိုဝပ်တို့ တပ်ဆင်ကာ သံပြာချောင်းကျေးရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

**ကျေးလက်မီးလင်းရေး မေးမြန်းနိုင်**

NEP မူဝါဒနှင့်အညီ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားမရရှိနိုင်သည့် ဒေသများ၊ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ဝေးကွာသော ဒေသများ၊ ပြည်သူထည့်ဝင်ငွေ ထည့်ဝင်နိုင်ခြင်းရှိသည့် ကျေးရွာများကို ဦးစားပေးရွေးချယ် ဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ နှစ်နှစ်တာကာလအတွင်း တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၄၀၇၄ ရွာ၊ အိမ်ထောင်စု ၂၃၀၀၀၀ ခန့်နှင့် အများပြည်သူပိုင် အဆောက်အအုံ ၃၀၀၀၀ ကျော်တို့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ အသေးစားဓာတ်အားစနစ် အနေဖြင့်လည်း ကျေးရွာပေါင်း ၄၅ ရွာ၊ စီမံကိန်းလုပ်ငန်းပေါင်း ၃၄ ခု ကို ကမ္ဘာ့ဘဏ်အဖွဲ့ (World Bank)၊ ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) တို့၏ နည်းပညာအကူအညီများရယူ၍ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ကျေးလက်နေပြည်သူများအနေဖြင့် ကျေးလက်မီးလင်းရေးဆိုင်ရာ သိရှိလိုသည်များ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ရန်နှင့် တပ်ဆင်အသုံးပြုလျက်ရှိသော စနစ်ချွတ်ယွင်းမှု ဖြစ်ပေါ်ပါကလည်း အလျင်အမြန် အသိပေးအကြောင်းကြားနိုင်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် Call Center ဖွင့်လှစ်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**တက်ရောက်အားပေး**

အလားတူ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေ၊ ကျေးရွာပြည်သူလူထုပူးပေါင်းဆောင်ရွက်သည့် ဆည်ရွာကျေးရွာ မြေနီကျောက်စရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ် ဆည်ရွာကျေးရွာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသနေပြည်သူများ တက်ရောက် အားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပြည်သူ့ဥယျာဉ်၌ နှစ်သစ်ကူးတရားအလှူတော် မဓမ္မသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူးတရားအလှူတော်မဓမ္မသဘင်အခမ်းအနားကို ရွှေတိဂုံစေတီတော်မြတ်ကြီး ခြေတော်ရင်း ပြည်သူ့ဥယျာဉ်၌ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ည ၇ နာရီခွဲမှစ၍ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၀ ရက် ၁-၁-၂၀၁၉ (အင်္ဂါနေ့) တွင် ဗန်းမော်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသကလည်းကောင်း၊ ၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၁ ရက် ၂-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) တွင် ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ (သ.စ.အ) ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသက လည်းကောင်း၊ ၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၂ ရက် ၃-၁-၂၀၁၉ (ကြာသပတေးနေ့)တွင် သီတဂူဆရာတော် (Ph.D,D.Litt) အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာဘဒ္ဒန္တဉာဏိဿရကလည်းကောင်း တရားတော်များကို ဟောကြားချီးမြှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်မြို့၌ လွတ်လပ်ရေးနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပြည် ဒီဇင်ဘာ ၂၄**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံအကြောင်းကို ကျောင်းသား လူငယ်လူရွယ်များ သိရှိလေ့လာမှတ်သားတတ်စေရန် ရည်ရွယ်လျက် ပြည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ယနေ့မွန်းလွဲ ၁ နာရီက "လွတ်လပ်ရေးနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် "လွတ်လပ်ရေးနေ့ တို့မမေ့" ခေါင်းစဉ်ဖြင့် အထက(၅) ပြည်မြို့၊ အထက (ရွှေတံခါး) နှင့် အထက(အောင်ဆန်း)ကျောင်းတို့မှ သတ္တမတန်း ကျောင်းသားကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ခရိုင်ပြန်/ဆက်မှ တာဝန်ရှိသူများနှင့် ပြည်မြို့နယ် စာပေယဉ်ကျေးမှုအနုပညာအဖွဲ့မှ ကဗျာဆရာ လူခါးဝေနှင့် ခက်ဦးပန်တို့က ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ ရမ်ကလောင်းတွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ သီပေါမြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် တီးတိန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၅၁ လက်မ၊ လောင်းလုံးမြို့တွင် ၀ ဒသမ ၄၇ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၉ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ တာပေါ်ကျေးရွာနေ ထွန်းဝေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး/ရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၁၆-၁၂-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ တာပေါ်ကျေးရွာ၊ သင်္ချိုင်းကုန်းဇရပ်အနီးတွင် တာပေါ်ကျေးရွာနေ ထွန်းဝေ(၅၄) နှစ်၊ (ဘ)ဦးဖေတင်၊ တစ်ရွာတည်းနေ ချက်တီး(၄၆)နှစ်၊ (ဘ)ဦးအောင်လှ၊ မျိုးလွင်(၃၄)နှစ်၊ (ဘ) ဦးညွန့်လှိုင်၊ ကျော်စိုး(၄၂)နှစ်၊ (ဘ)ဦးထွန်းဝင်းနှင့် မင်းသူ (၃၆) နှစ်၊ (ဘ)ဦးအောင်လှတို့(၅)ဦးအား ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းတော်)မယ(ပ) ၁၄၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပေပင်ကျေးရွာနေ ကိုနိုင်(ဘ) ဦးမြင့်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၂-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ သစ်ကုန်းကျေးရွာအဝင်လယ်ကွင်း၌ သတင်းအရ စောင့်ဆိုင်းစစ်ဆေးရာ ပေပင်ကျေးရွာနေ ကိုနိုင်(ခ) နေလင်းအောင်(၂၉)နှစ်၊ (ဘ) ဦးမြင့်စိုးနှင့် တစ်ရွာတည်းနေ မင်းမင်းဦး(၂၄) နှစ်၊ (ဘ) ဦးကျော်လှိုင်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းတော်)မယ(ပ)၁၄၆/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ ပိတောက်ရွှေဝါရပ်ကွက်၊ ရွှေမင်းဝံ (၈)လမ်းနေ သီဟစိုး(ခ)နိုနိုသည်မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၁၂-၂၀၁၈ ရက်နေ့တွင် ကော့သောင်းမြို့ နဂါးရုံဘုရားအနီးလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ ပိတောက်ရွှေဝါရပ်ကွက်၊ ရွှေမင်းဝံ(၈)လမ်းနေ သီဟစိုး(ခ) နိုနို(၂၀) နှစ်၊ (ဘ)ဦးကျော်နိုင်နှင့် အေးရိပ်ငြိမ်ရပ်ကွက်၊ ရွှေနှင်းဆီလမ်းနေ အောင်နိုင်ဖြိုး(ခ) ရှမ်းပုတ် (၁၈)နှစ်၊ (ဘ)ဦးစံဝင်းတို့(၂)ဦးကို WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကော့သောင်း) မယ(ပ)၁၄၁/ ၂၀၁၈၊ မူး/ စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကုက္ကိုလ်ကုန်းကျေးရွာနေ ထွန်းထွန်းမှာ မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၂-၂၀၁၈ ရက်နေ့တွင် သပိတ်ကျင်းမြို့နယ်၊ ကုက္ကိုလ်ကုန်းကျေးရွာ၊ အမှတ်(၁၄၈)နေ ထွန်းထွန်း(ခ)ကိုထွန်း(၃၇)နှစ်၊ (ဘ) ဦးအောင်ပွင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အစ်မဖြစ်သူ ခင်ဝင်း (ခ)ဒေါ်ဝင်း (၅၆) နှစ်၊ (ဘ)ဦးအောင်ပွင့်နှင့်အတူ ၎င်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တကောင်း) မယ(ပ) ၁၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများရောင်းဝယ်ဖောက်ကားပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၆) ဦး၊ မ(၃)ဦး၊ ပေါင်း(၂၉)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၈-၁၂-၂၀၁၈ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိအမှုများမှ ကွင်းဆက် သတင်းအရ ကွတ်ခိုင်မြို့ ရပ်ကွက်(၇)အတွင်း စောင့်ဆိုင်းစစ်စစ်နေစဉ် ကောင်းလမ်ကျေးရွာနေ ခွန်အောင် (၃၇)နှစ်၊ (ဘ)ဦးဇော်လီ မောင်းနှင်လာသည့်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၎င်းအားဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၁၃၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊စိုက်ပျိုးရေးသိပ္ပံကျောင်းအနီးပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၂-၂၀၁၈ ရက်နေ့တွင် ကျောက်မဲမြို့ အမှတ်(၁) ရပ်ကွက်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းအနီး ပတ်ဝန်းကျင်အား သတင်းအရ ဝင်ရောက်ရှင်းလင်းစစ်စစ်ရာ ၎င်းရပ်ကွက်၊ နယ်မြေ(၃)နေ ထူးမြတ်အောင်(ခ) အိုက်ထူး(ခ) ကုလား (၂၃)နှစ်၊ (ဘ) ဦးတင်ထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ) မယ(ပ)၃၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၂၂-၁၂-၂၀၁၈ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၄၃၈) မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၅၇၆)ဦး၊ မ(၁၁၀)ဦး၊ ပေါင်း(၆၈၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၆၂၈.၃၇)ဂရမ်၊ ICE (၂၅.၀၁) ဂရမ်၊ ဘိန်း(၃၈၅၇၃.၈၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၂၂၆၃.၂၈)ဂရမ်၊ ဘိန်းစာရွက်(၇၂၇၃.၉၉)ဂရမ်၊ စိတ်ကြွဆေးပြား(၂၀၅၃၀၉)ပြား၊ ဆေးခြောက်(၃၇၀၁.၀၃)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၂၂၇.၄) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁.၆၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၃)လက်၊ ကျည်မျိုးစုံ(၁၉၄)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါး သတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ညောင်ပင်အိုင်ကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၂၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့ မြို့မအနောက်ရပ်ကွက်၊ စည်ပင်သာယာဈေးကြီး၌ ကွင်းဆက်သတင်းအရ သော့ခတ်ပိတ်ထားသည့် ဆိုင်ခန်းအမှတ်(1A-7)ကို စစ်ဆေးရှာဖွေရာ ခေါက်ဆွဲဂျုပ်ဖာများဖြင့် ရောနှောထည့်လျက် စိတ်ကြွဆေးပြား(၁၁၄၀၀၀၀)ပြား၊ ကျောက်တော်မြို့နယ်၊ ပိုက်သည်ကျေးရွာ၌ တရားခံ အမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁)ပြား၊ ရှမ်းပြည်နယ်၊ ကလောမြို့အဝင်၊ ကားလမ်းပေါ်၌ သတင်းအရ Mark II ယာဉ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၃၉၁၇) ပြား၊ မော်တော်ယာဉ်(၁)စီး၊ နောင်ချိုမြို့နယ်၊ မူဆယ်-မန္တလေးသွားကားလမ်းမ၊ မိုင်တိုင်အမှတ်(၈၀/၄)အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သိန္နီမြို့အဝင်၊ အိုရီယမ်တယ်တိုးဂိတ်၊ ကွတ်ခိုင်-သိန္နီသွားကားလမ်းမပေါ်၌ သတင်းအရ Mark-II ယာဉ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၈၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ မူဆယ်မြို့ စွမ်စော်ရပ်ကွက်၌ သတင်းအရ နေအိမ်အားစစ်စစ်ရာ အမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးမှာ ကြိုတင်တိမ်းရှောင်သွားပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ မဘိမ်းမြို့နယ်၊ ဆင့်ဖီချောင်းအနီး၌တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၀၀)ပြား၊ ဘိန်းဖြူ(၃၅) ဂရမ်၊ လဝါကျေးရွာအနီးတစ်ဝိုက်၌ နယ်မြေရှင်းလင်းစဉ် မသင်္ကာဖွယ်ဆိုင်ကယ်စီးလာသူအား ရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၁)ဦး၊ ဆိုင်ကယ်(၁)စီး ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကျောက်လုံးကြီးကျေးရွာအနီး လူမနေသည့်တဲအတွင်းမှ တရားခံသိုဝှက်ထားသည့် စိတ်ကြွဆေးပြား(၈၆၈၀၀၀)ပြား၊ ဘိန်းဖြူ(၅၂၈၀)ဂရမ်၊ လားရှိုးမြို့နယ်၊ မယ်ဟန်ကျေးရွာအနီး၊ လားရှိုး-သီပေါသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၇၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ ပါဝင်ပတ်သက်သူ ကွင်းဆက် တရားခံအမျိုးသား(၂)ဦး၊ ဆိုင်ကယ်(၁)စီး ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့၊ ဟိုပိတ်ကျေးရွာ၊ တိုးဂိတ်အနီး၌ သတင်းအရ Canter ယာဉ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၉၆၈၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး၊ မိုင်တိုင်အမှတ်(၁၄၄/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀၀)ပြား၊ ဘိန်းဖြူ(၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းကိုင်မြို့နယ်၊ ပန်ကေတုကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၃၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ ရွှေသဲဝကျေးရွာ၌ တရားခံအမျိုးသား(၈)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၉)ဦးတို့ထံမှ ဘိန်းဖြူ(၆၂၇၄)ဂရမ်၊ စိတ်ကြွဆေးပြား(၈၂၅၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကန်ခေါင်းရပ်ကွက်၊ မြိုင်ဟေဝန်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၅၃)ပြား၊ ကျွန်းစုမြို့နယ်၊ စခန်းသစ်ကျေးရွာ၌ သတင်းအရ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦးထံမှ ဘိန်းစာမှုန့်(၄၀၈၅)ဂရမ်၊ ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၉၀)ပြားနှင့် ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၀၀၀၀)ပြား၊ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့ အမှတ်(၅)ရပ်ကွက်အတွင်း၌ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၉၆၆)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်း၌ သတင်းအရ Fielder ယာဉ်အားရပ်တန့်စစ်စစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၅)မိုင်လမ်းဆုံ၌ ရန်ကုန်မှ မြောင်းမြသို့လာသည့် ခရီးသည်တင်ယာဉ်ဖြင့်လိုက်ပါလာသော တရားခံအမျိုးသား(၁)ဦးကို သတင်းအရ စိစစ်ရာ စိတ်ကြွဆေးပြား(၁၀၀၀)ပြား၊ ပုသိမ်မြို့ (၁၃)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်စစ်ရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ(၁၄)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ စိတ်ကြွဆေးပြား(၅၃၀)ပြား၊ ဆေးခြောက် (၂.၁) ဂရမ်အား လည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ယက္ခကျေးရွာတွင် သတင်းအရဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှာ ဓားဦးချွန်ဖြင့် ပြန်လည်ခုခံထွက်ပြေး သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရဒဏ်ရာရရှိပြီး စိတ်ကြွဆေးပြား(၄၅)ပြား၊ ဓားဦးချွန်(၁)ချောင်း၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခုရှိခဲ့ပြီး ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကျောက်ကြီး (မြောက်)ရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ EPHEDRINE (၈၁၅)ဂရမ်၊ ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ အောင်သပြေကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ပွိုင့် ၂၂ သေနတ်(၁)လက်၊ ၎င်းကျည်(၅)တောင့်တို့အား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်း အနေဖြင့် ယခုသီတင်းပတ် (၁၆-၁၂-၂၀၁၈ ရက်နေ့မှ ၂၂-၁၂-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၀၃)မှုတွင် တရားခံကျား(၂၃၆)ဦး၊ မ(၃၀)ဦး၊ ပေါင်း(၂၆၆)ဦးကို ဘိန်းဖြူ(၂၂၂၁၀.၄၁၂) ဂရမ်၊ ICE (၁.၅၀)ဂရမ်၊ ဘိန်း(၉၅.၃)ဂရမ်၊ ဘိန်းစာမှုန့် (၄၁၆၆.၆၅)ဂရမ်၊ ဘိန်းစာရွက်(၁၃၂)ဂရမ်၊ စိတ်ကြွဆေးပြား(၂၁၅၇၇၀၅)ပြား၊ စိတ်ကြွဆေးအကြေမှုန့်(၉)ဂရမ်၊ ဆေးခြောက်(၂၅၈၉.၄၉)ဂရမ်၊ ဘိန်းဆီခဲ(၁၅)ဂရမ်၊ EPHEDRINE (၈၁၅) ဂရမ်၊ ပွိုင့် ၂၂ သေနတ်(၁)လက်၊ ၎င်းကျည်(၅)တောင့်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm

❒ *ကျောဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့တပ်တော်ဝင်အခမ်းအနားတွင် စစ်ရေယာဉ်ခုနစ်စင်းအား တပ်တော်ဝင်နိုင်ခဲ့ပြီး ထူးခြားချက်အနေဖြင့် တပ်မတော်(ရေ)အတွက် မရှိမဖြစ်လိုအပ်သည့် ၆၅ မီတာ ရေပေါ်လွှန်းကျင်း(ဆရာရှမ်း -၂)အား တပ်တော်ဝင်နိုင်ခဲ့ကြောင်း၊ ဝေးလံသည့် ရေတပ်စခန်းဌာနချုပ်များမှ သင်္ဘောများအား ရေပေါ်လွှန်းကျင်းတွင် လွှန်းတင်ပြင်ဆင်နိုင်ပြီဖြစ်သဖြင့် အချိန်ကုန်သက်သာခြင်း၊ ငွေကုန်ကြေးကျသက်သာခြင်းများနှင့် လုပ်ငန်းခွင်အဆင်ပြေချောမွေ့ခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ရေတပ်သင်္ဘောကျင်း ဌာနချုပ်မှ အရာရှိ၊ စစ်သည်များအား ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောလိုပါကြောင်း၊ မိမိတို့ ရေတပ်သင်္ဘောကျင်းအနေဖြင့် ဖရီးဂိတ်စစ်ရေယာဉ်မှစ၍ ရေယာဉ်မျိုးစုံကို တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက်ငွေကြေးကုန်ကျမှုကို လျှော့ချနိုင်ခြင်းသည် တပ်မတော်(ရေ)အတွက် ဂုဏ်ယူနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ယခုထက်အရည်အသွေးပိုမိုကောင်းမွန်သည့်၊ စွမ်းရည်ပိုမိုကောင်းမွန်သည့် စစ်ရေယာဉ်များကို ဆက်လက်တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ရေတပ်၏ဆောင်ပုဒ်ဖြစ်သည့် "မြန်မာ့ပင်လယ် ဒို့ကာကွယ်" ဆိုသည့်အတိုင်း နိုင်ငံတော်၏ရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ ဒေသတွင်း Blue Water Navy အဆင့်ရောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့သည် တပ်မတော်(ရေ)၏ တည်ဆောက်နိုင်မှုစွမ်းရည်နှင့် ပတ်သက်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် မှတ်ကျောက်တင်သည့်နေ့တစ်နေ့ဖြစ်သဖြင့် ဂုဏ်ယူပါကြောင်း၊ ရှေ့ဆက်ပြီး အရည်အချင်းရှိသည့် တပ်မတော်(ရေ)အဖြစ် တည်ဆောက်နိုင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်နှင့် လက်ဆင့်ကမ်းအမွေပေးခြင်းများကို ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၃)ရေတပ်ဆိပ်ခံတံတားမှ ရေဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်ရတနာပုံဖြင့် ထွက်ခွာကြသည်။

ယင်းနောက် ရေဝတီ ရေတပ်စခန်းဌာနချုပ်ရှိ (၇၀)နှစ်မြောက် တပ်မတော်(ရေ) အထိမ်းအမှတ်ပြခန်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ်လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်းဌာနချုပ်အလိုက်ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)** ၎င်းနောက် တပ်မတော်(ရေ)စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းကလည်း ရေတပ်သင်္ဘောကျင်းဌာနချုပ်သို့ရောက်ရှိကြပြီး တပ်မတော်(ရေ)မှထုတ်လုပ်ထားရှိသည့် တပ်မတော်(ရေ)သုံး အသုံးအဆောင်ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား ပြည်တွင်း၌ပင် တပ်မတော်(ရေ)အင်ဂျင်နီယာများဖြင့် တည်ဆောက်နေမှုများ၊ ယခင်စစ်ရေယာဉ်များအား အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာ့ပင်လယ်ပြင်လုံခြုံရေးအတွက် တပ်မတော်(ရေ)၏ စွမ်းပကားအရေးပါမှုနှင့် စွမ်းရည်မြင့်မားလာမှုအခြေအနေများ၊ တပ်မတော်(ရေ)ကို စွမ်းရည်၊ စွမ်းအားရှိသည့် ခေတ်မီတပ်မတော်(ရေ) ဖြစ်အောင် တိုးချဲ့တည်ဆောက်နိုင်ခဲ့မှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေတပ်သင်္ဘောကျင်းအတွင်း စစ်ရေယာဉ်များတည်ဆောက်နေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ်အတွင်းရှိ ရေယာဉ်ပုံစံငယ် စမ်းသပ်ကန် Hydrodynamic Towing Tank သို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ရေယာဉ်ပုံစံငယ်များ စမ်းသပ်ကန်တွင် တပ်ဆင်ထားသည့် စက်ကိရိယာများနှင့် စွမ်းဆောင်နိုင်မှုများ၊ တပ်မတော်(ရေ)တွင် တည်ဆောက်ဆဲနှင့် တည်ဆောက်မည့် ရေယာဉ်များတွက် စမ်းသပ်ဆောင်ရွက်ထားရှိမှုများ၊ စမ်းသပ်ကန်စွမ်းဆောင်ရည် တိုင်းတာစစ်ဆေးခြင်းအတွက် စမ်းသပ်ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေယာဉ်ပုံစံငယ်စမ်းသပ်ကန် Hydrodynamic Towing Tank အတွင်း ရေယာဉ်များလက်တွေ့စမ်းသပ်မှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ပျဉ်းမနား ပါရာဒီဆို အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

**Paradiso Cinema Co.,Ltd ၏ ပျဉ်းမနား ပါရာဒီဆို အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့ ရွှေချီရပ်ရှိ အဆိုပါရုပ်ရှင်ရုံသစ်၌ ကျင်းပသည်။**



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က ပျဉ်းမနား ပါရာဒီဆိုအဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ရုပ်ရှင်ရုံသစ်အတွင်း ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် ရုပ်ရှင်ကား ကိုးကားသာ ထုတ်လုပ်ရန်ခွင့်ပြုနိုင်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကားနှင့် ၂၀၁၈ ခုနှစ်တွင် ယခုအချိန်အထိ ၁၂၉ ကား ထုတ်လုပ်ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါကြောင်း။

ပြသမှုပိုင်းတွင်လည်း ၂၀၁၃ ခုနှစ်တွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသနိုင်သည့် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခုသာ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ် ယခုအချိန်အထိ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၄ ရုံ၊ ပိတ်ကားပေါင်း ၁၄၀ အထိ တိုးတက်လာခဲ့ပြီးဖြစ်ပါကြောင်း။

**မိတ်ဆက်ဖော်ပြပေး**

ရုပ်ရှင်ရိုက်ကူးထုတ်လုပ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံမေးမြန်းခန်းများ၊ သင်တန်းပို့ချခြင်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ကျင်းပပေးလျက် ရှိပါကြောင်း၊ ရုပ်ရှင်ကားသစ်များ ရုံမတင်မီ အထူးပွဲပြသသည့်အခါ နိုင်ငံပိုင်မီဒီယာများမှ အများပြည်သူသိရှိနိုင်ရန် ဇာတ်ကားအကြောင်းအရာကို မိတ်ဆက်ထည့်သွင်းဖော်ပြပေးနေပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး**

တစ်ချိန်တည်းမှာပင် နေပြည်တော်ကို ရုပ်ရှင်ရိုက်ကူးသည့် စတူဒီယိုမြို့တော်အဖြစ်ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အနုပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရုပ်ရှင်ဝါသနာရှင်ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် Paradiso Cinema Co.,Ltd မှ ဒါရိုက်တာ ဦးသူရ(ခ) ဦးဇာဂနာက ကျေးဇူးတင်စကားပြောကြားပြီး ရုပ်ရှင်ဇာတ်ကားနမူနာများကို ပြသသည်။

**ဝင်ရောက်ကြည့်ရှုလေ့လာနိုင်**

ပျဉ်းမနား ပါရာဒီဆို 3D အဆင့်မြင့်ရုပ်ရှင်ရုံတွင် တစ်ယောက်ထိုင်ခုံ ၃၁၀ နှင့် နှစ်ယောက်တွဲထိုင်ခုံ ၁၇ ခုံ ပါဝင်သည်။ တနင်္လာနေ့မှ သောကြာနေ့အထိ အပတ်စဉ် မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲနှင့် ညနေ ၆ နာရီခွဲတို့တွင် ပြသပေးသွားမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် နံနက် ၁၀ နာရီ၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲနှင့် ည ၈ နာရီ မိနစ် ၅၀ တို့တွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ Paradiso ရုပ်ရှင်ရုံများတွင် ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများနှင့် အခြားသတင်းအချက်အလက်များကို Paradiso Cinema Co.,Ltd Facebook page တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**ဖွင့်လှစ်**

Paradiso Cinema Co.,Ltd သည် မော်ဘီ၊ မုံရွာ၊ ဖျာပုံ၊ အောင်ပန်း၊ ကျောက်ပန်းတောင်း၊ သထုံ၊ ရွှေဘို၊ ဘိုကလေး၊ မတ္တရာ၊ မော်လမြိုင်၊ ကလေး၊ မအူပင်၊ အေးသာယာ၊ ရမည်းသင်းနှင့် ဟသ်ာတမြို့တို့တွင် ရုပ်ရှင်ရုံများကို ဖွင့်လှစ်ခဲ့ပြီး ပျဉ်းမနား ပါရာဒီဆို 3D အဆင့်မြင့်ရုပ်ရှင်ရုံသစ်မှာ ကုမ္ပဏီ၏ ၁၆ ရုံမြောက်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဇော် (သတင်းစဉ်)**

# ပုဗ္ဗသီရိမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကျေးလက်နှင့်မြို့ပြကွာခြားမှုမရှိစေရေးနှင့် ကျေးလက်နေပြည်သူများ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရေးတို့အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်းကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာ ဝဏ္ဏိတရာမဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်အားရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူများဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်၊ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိန်ဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးမြတ်ဇော်မင်း၊ ပုဗ္ဗသီရိမြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးဆန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုလဲ့မွန်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်နန်းကျော့ခိုင်တို့က မိမိတို့ဌာနအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လမ်းတံတားများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ ချေးငွေထုတ်ချေးပေးမှုအခြေအနေများ၊ လယ်ယာမြေပုံစံ(၇)ရရှိရေး၊ နိုင်ငံသားမှတ်ပုံတင်ရရှိရေးဆောင်ရွက်နေမှုကိစ္စများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပြင် ကျေးရွာအတွင်း လိုအပ်ချက်များကို ကဏ္ဍအလိုက်အသီးသီးဆွေးနွေးကြပြီး ကျေးရွာပြည်သူများမှ မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်တရားရုံးသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ



**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့တွင် မောင်တောခရိုင်တရားရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ရုံးအဆောက်အအုံသစ်အား ဖွင့်လှစ်ပေးပြီး ကညင်ချောင်း အထူး စီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ရခိုင်ပြည်နယ် မောင်တောခရိုင် တရားရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မောင်တောမြို့နယ်ရှိ ခရိုင်တရားရုံးသစ် ရှေ့မျက်နှာစာ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်ပြီး ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်ကျော်၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ရုံးအဆောက်အဦသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ဖဲကြိုးဖြတ်ဖွင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားသူကြီးချုပ်တို့က ခရိုင်တရားရုံးသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက် လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲ ဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ ပြည်နယ် တရားသူကြီးချုပ် ဦးကျော်ကျော်က ခရိုင်တရားရုံးသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ခရိုင်တရားရုံးသစ်အား တာဝန်ယူ တည်ဆောက်ခဲ့သည့် ပြည့်စုံကျော်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက ရုံးသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ခရိုင်တရားသူကြီး ဦးခင်မောင်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ခရိုင်တရားရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

**တရားရုံးအင်္ဂါရပ်များနှင့်အညီ**

အဆိုပါ တရားရုံးသစ်ကို တရားရုံးများ၏ ဂုဏ်သိက္ခာ မြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်များနှင့် ညီညွတ်သည့် တရားရုံးအဆောက်အအုံများ တည်ဆောက်ရေးဟူသည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ နှစ်ထပ်အာရ်စီ အဆောက်အဦပုံစံအတိုင်း တရားခွင်လေးခု၊ အစည်းအဝေးခန်း၊ အမှုတွဲခန်း၊ ဥပဒေအရာရှိများ နားနေခန်း၊ ရှေ့နေ များ နားနေခန်း၊ သက်သေများ နားနေခန်း၊ သတင်းမီဒီယာခန်း၊ သတင်းအချက်အလက်ကောင်တာ၊ အမှုတွဲလက်ခံကောင်တာ၊ ယာယီအချုပ်ခန်း စသည်တို့ ပါဝင်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကညင်ချောင်း အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မောင်တောနယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကညင်ချောင်း အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ နာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကညင်ချောင်း အထူးစီးပွားရေးဇုန်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန် ရန်ပုံငွေများ ရင်းနှီးမတည်ပြီး အကောင်အထည် ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထို့ပြင် အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများကိုလည်း ကောင်းမွန်အောင် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း။

**စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ**

အဆိုပါစီမံကိန်းသည် နိုင်ငံအတွက်၊ ပြည်နယ်အတွက် အလွန်ရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်သောကြောင့် တာဝန်ရှိသူအားလုံးက စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ အရည်အသွေးပြည့်မီပြီး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်တရားသူကြီးချုပ်၊ မောင်တောနယ်စပ်ကုန်သွယ်ရေးနှင့် ကုန်သည်များအသင်းဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တက်ရောက်လာသူများက ကညင်ချောင်း အထူးစီးပွားရေးဇုန်၏ ခုနှစ်အလိုက် သွင်းကုန်၊ ပို့ကုန်အခြေနေ၊ အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် ထိခိုက်နစ်နာမှုများ၊ ဈေးကွက်အခြေအနေ၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကညင်ချောင်းဆိပ်ကမ်း၏ အားသာချက်များ၊ အထူးစီးပွားရေးဇုန်၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

**အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်**

ထို့နောက် ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားပြီးဖြစ်သောကြောင့် ရေရှည်တွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်း- မော်စီ၊ ကိုမင်း၊**
**ဓာတ်ပုံ- တင်စိုး၊ သက်လွင်စိုး**

# ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ မြန်အောင်မြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**မြန်အောင် ဒီဇင်ဘာ ၂၄**

မြန်အောင်မြို့နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ အကြိမ် (၄၀)မြောက် ကျန်းမာရေးအလှူတော် အခမဲ့ဆေးကုသမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ဖွင့်ပွဲခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားရာတွင် မြန်အောင်မြို့နယ်သူ၊ မြို့နယ်သားများ၏ ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းအဖွဲ့နှင့် ပူးပေါင်း၍ ငွေကြေးမတတ်နိုင်သည့် ပြည်သူများ၊ ငွေကြေးတတ်နိုင်သော်လည်း ရောဂါအမျိုးမျိုးကြောင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် ကဲ့သို့သော မြို့ကြီးများသို့ သွားရောက်မကုသနိုင်သည့် ပြည်သူများအား ကျန်းမာရေးအတွက် ငွေကြေးကုန်ကျမှုမရှိစေဘဲ အချိန်ကုန်သက်သာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက ကျန်းမာရေးအလှူတော် ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်အောင်မြို့ ဆေးကုသရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စေတနာရှင်များ လှူဒါန်းသည့် ငွေကျပ် ၅၁၂ သိန်းကို လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးအတွက် လှူဒါန်းသည့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး မြို့မိမြို့ဖ ဦးအောင်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

**အခမဲ့လှူဒါန်း**

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက်ထိ သုံးရက်တိုင် မြန်အောင်မြို့နယ်အတွင်းရှိ ပြည်သူများအား မျက်စိရောဂါ၊ အထွေထွေ၊ ကလေး၊ သွားနှင့်ခံတွင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအကြော၊ အထွေထွေခွဲစိတ်၊ သားဖွားနှင့်မီးယပ်၊ အရေပြား စသည့်ရောဂါများကို ရောဂါကုဌာနတစ်ခုတွင် တစ်နေ့လျှင် ကုသသူဦးရေ ၈၀၀ နှုန်းခန့်ဖြင့် ကုသသွားမည်ဖြစ်ပြီး ဆေးကုသမှုခံယူသူများအား နေ့လယ်စာထမင်းဟင်းများ ကျွေးမွေးခြင်းနှင့် ဆေးဝါးများကိုလည်း အခမဲ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဝိန်းထန်-နမ့်ဖွဲ့ကျေးလက်လမ်းကတ္တရာခင်း



**လားရှိုး ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် ဝိန်းထန်ရွာမှ ဖိုင်တောင်း-ပန်စုံ-ကောင်းဟုန်း - ကုန်းဆာ - ဝိုးလုံ - မန်တက် - နမ့်ဖွဲ့ ရွာသွား ကျေးလက်လမ်းကို ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုအခါ အဆင့်မြှင့်တင်၍ ကတ္တရာခင်းလိုက်ပြီး ဖြစ်သည်။ **(ယာပုံ)**

အဆိုပါ ကျေးလက်လမ်းသည် ဝိန်းထန်ရွာမှ နမ့်ဖွဲ့ ရွာအထိ ခြောက်မိုင်ငါးဖာလုံ ရှိပြီး ယခင်က မြေသားလမ်းနှင့် ကျောက်လမ်း အဆင့်သာဖြစ်သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု အစိုးရခွင့်ပြု ရန်ပုံငွေကျပ် ၁၃၅၆ ဒသမ ၆၈ သန်းဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့် ပြီးသွားပြီဟု ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာမှူး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ကျေးလက်လမ်းအား အဆင့်မြှင့်တင်၍ ကတ္တရာခင်းပေးလိုက်သောကြောင့် လားရှိုးမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာ၊ အိမ်ခြေပေါင်း ၇၆၃ အိမ်နှင့် ကျေးလက်လူဦးရေ ၃၆၅၉ ဦးတို့သည် ရာသီမရွေးကျေးရွာချင်းဆက်၍ မြို့ကို တက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ခွင့်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၈ခုနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇.၄၉၂ သန်း၊ နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၂၈.၄၀၈ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်နှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - | ၁ | ၁၇၁.၇၉၀ |
| (ခ) | စက်မှုကဏ္ဍ | ၄ | ၁၃.၅၆၇ * | ၁၆ | ၈၆.၄၉၇ * |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | - | - | ၁ | ၄.၃၇၀ * |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၃.၁၈၂ | ၂ | ၁၆.၃၇၉ * |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၁၀.၃၄၀ | ၄ | ၁၃၈.၉၅၁ |
| (စ) | လယ်ယာကဏ္ဍ | ၁ | ၀.၁၉၉ | ၂ | ၁၀.၄၂၁ |
| (ဆ) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | - | ၁၀.၂၀၄ * | - | - |
| | စုစုပေါင်း | ၈ | ၃၇.၄၉၂ | ၂၆ | ၄၂၈.၄၀၈ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၄။ ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ကျပ် (၄၂၁၈၉.၆၂၄) သန်းနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး (၂၂၄၄၃၂.၄၄၀) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | အောက်တိုဘာလ | | နိုဝင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ်(သန်း) | လုပ်ငန်း ခုရေ | မတည်ငွေရင်း ပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၂၁၀၇.၅၃၁ |
| (ခ) | စက်မှုကဏ္ဍ | ၇ | ၇၉၁၆.၉၄၃ | ၆ | ၁၇၁၈၃၁.၀၆၈ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၆ | ၂၁၆၈၇.၄၈၁ | ၂ | ၈၀၀.၀၀၀ |
| (ဃ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | - | ၃ | ၁၆၀၉၆.၃၉၅ |
| (င) | လျှပ်စစ်ဓာတ်အား | - | - | ၁ | ၅၉၀၀.၀၀၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၅ | ၁၂၅၈၅.၂၀၀ | ၅ | ၂၇၆၉၇.၄၄၆ |
| | စုစုပေါင်း | ၁၈ | ၄၂၁၈၉.၆၂၄ | ၁၈ | ၂၂၄၄၃၂.၄၄၀ |

၆။ ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာအတွင်း | နိုဝင်ဘာအတွင်း |
| (က) | လယ်ယာကဏ္ဍ | ၁၁၁ | ၆၄၄ |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁၆ | ၁၃၉ |
| (ဂ) | စက်မှုကဏ္ဍ | ၃၂၆၄ * | ၁၀၀၇၂ |
| (ဃ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | ၂၂၅ |
| (င) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၁၂ |
| (စ) | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁၀၂ * | - |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၇၃ | ၁၈၆ |
| | စုစုပေါင်း | ၃၅၆၆ | ၁၁၂၇၈ |

*** လုပ်သားအင်းအား တိုးမြှင့်ခန့်ထားခြင်း အပါအဝင် ဖြစ်ပါသည်။**

၇။ ၂၀၁၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | အောက်တိုဘာအတွင်း | နိုဝင်ဘာအတွင်း |
| (က) | လျှပ်စစ်ဓာတ်အား ကဏ္ဍ | - | ၄၆ |
| (ခ) | သတ္တုတူးဖော်ရေးကဏ္ဍ | - | ၅၄၅ |
| (ဂ) | စက်မှုကဏ္ဍ | ၇၉၁ | ၁၁၆၀ |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃၀၈ | ၃၁ |
| (င) | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၁၀ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀၀ | ၃၈၂ |
| | စုစုပေါင်း | ၁၄၉၉ | ၂၁၇၄ |

## ဒက္ခိဏသီရိမြို့နယ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ရှင်းလင်း

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ တစ်အိမ်တက်ဆင်း ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရဲလုပ်ငန်း စနစ်ချပြရှင်းလင်း ဆောင်ရွက်မှုကို ယနေ့နံနက် ၉ နာရီက စတင်ဆောင်ရွက်ခဲ့သည်။


**တစ်အိမ်တက်ဆင်း သွားရောက်**

ထိုသို့ ဆောင်ရွက်ရာတွင် ဒက္ခိဏသီရိမြို့နယ် ညော့်ဂေဟာနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲအုပ် အေးမင်းထွန်း၊ နယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်လွမ်းနောင်ဦး ပါဝင်သောတပ်ဖွဲ့ဝင်များသည် ရဲစခန်းပိုင် ကျေးရွာအုပ်စုများဖြစ်သည့် ချိုင်းကျေးရွာမှ နေအိမ် ၁၂ အိမ်သို့လည်းကောင်း၊ ရန်အောင်မြင် ကျေးရွာအုပ်စုမှ နေအိမ်ငါးအိမ်ကို လည်းကောင်း တစ်အိမ်တက်ဆင်း သွားရောက်ကာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ရဲတပ်ဖွဲ့မှ ဆောင်ရွက်ချက်များကို ချပြရှင်းလင်းကြသည်။

ထို့ပြင် လုည့်ကင်းဆောင်ရွက်မှုအခြေအနေများ၊ ရပ်ရွာပြည်သူလူထုထံမှ ရဲတပ်ဖွဲ့အပေါ် ယုံကြည်အားကိုးမှုရှိစေရန် အသေးစိတ်ရှင်းလင်းပြီး ရပ်ရွာဒေသအတွင်း ထူးခြားမှုရှိပါက ရဲတပ်ဖွဲ့သို့ အချိန်မရွေး ဆက်သွယ်နိုင်ရန် ရဲစခန်းဖုန်းနံပါတ်များပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှပ(နေပြည်တော်)**

## မြန်မာနိုင်ငံ၏ ပညာသင်နှစ်အလိုက် စုစုပေါင်း ကျောင်းသားအရေအတွက်




**ဓာတ်မြစ် ။ ပညာရေးဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။**

## လူကုန်ကူးမှုကာကွယ်ရေး ပင်လယ်ငါးဖမ်းလုပ်သားများအား အသိပညာပေး

**ကော့သောင်း ဒီဇင်ဘာ ၂၄**

ကော့သောင်းခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကာ ပင်လယ်ငါးဖမ်းလှေလုပ်သားများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကော့သောင်းမြို့ရှိ ပင်လယ်ပြင်ကမ်းဝေးငါးဖမ်းလှေများဆိုက်ကပ်ဝင်ထွက်ရာ ဆိပ်ခံတံတား တစ်ခုဖြစ်သည့် ရွှေဝက်ဝံတံတား စစ်ဆေးရေးစခန်း၌ ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့သည်။

အသိပညာပေးဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ ဒုရဲမှူး အောင်ဆန်းဝင်းက ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းခွင်သို့ ထွက်ခွာကြမည့်ရေယာဉ်များတွင် လိုက်ပါသည့် ရေလုပ်သားများ၊ ပဲ့နင်းကြီးများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံတကာ ပင်လယ်ငါးဖမ်းလုပ်ငန်းခွင်များမှတစ်ဆင့် ဖြစ်ပေါ်လေ့ရှိသည့် လူကုန်ကူးမှုပြဿနာများ၊ လူကုန်ကူးခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်နှင့် ဥပဒေဆိုင်ရာ သိသင့်သိထိုက်သည်များ၊ လူကုန်ကူးမှုမဖြစ်ပွားရေးအတွက် ငါးဖမ်းလုပ်သားများအနေဖြင့် သိသင့်သိထိုက်သည်များနှင့် ကြိုတင်ကာကွယ်နိုင်ရေးကိစ္စရပ်များ၊ ပင်လယ်ပြင် ဘေးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် လူကုန်ကူးခြင်းခံရသည့် ဖြစ်စဉ်များ ပေါ်ပေါက်လာပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်သည့် နေရာများနှင့် ဖုန်းနံပါတ်များပါဝင်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ရေလုပ်သားများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



## ဒီဇင်ဘာပိတ်ရက်များအတွင်း ငွေတောင်ဆည်သို့ လာရောက်လည်ပတ်သူ များပြား

**ဒီးမော့ဆို ဒီဇင်ဘာ ၂၄**

ခရစ္စမတ်ကာလနှင့် ဒီဇင်ဘာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များအတွင်း ခရီးသွားပြည်သူများအနေဖြင့် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်မှ ငွေတောင်ဆည်သို့ လာရောက်လည်ပတ်မှုများပြားနေသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ လုပ်ကိုင်သူ ဒေသခံများအနေဖြင့်လည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ခရစ္စမတ်ကာလ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ကစပြီး ခရီးသွားတွေ ပိုမိုလာရောက်လည်ပတ်တဲ့အတွက် ဆင်စီးတာ၊ အစာကျွေးတာကနေ တစ်ရက်ကို ငါးသောင်းလောက်ရတယ်၊ အရင်ရက်တွေဆို ပိုက်ဆံမရတဲ့ ရက်လည်း ရှိတယ်"ဟု အပျော်ဆင်စီးနိုင်ရန် ဝန်ဆောင်မှုပေးနေသူ ကိုဖိုးသားက ပြောကြားသည်။ ငွေတောင်ဆည်တွင် ဆင်စီးခြင်း၊ ဆင်အစာကျွေးခြင်း၊ ဆင်များနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများကို အထူးစိတ်ဝင်စားကြပြီး ဆင်စီးရာတွင် လူကြီးတစ်ဦး ကျပ် ၃၀၀၀ နှင့် ကလေးတစ်ဦး ကျပ် ၂၀၀၀ ကောက်ခံကြောင်း သိရသည်။

အလားလူ ဒီးမော့ဆိုမြို့နယ်မှ အထင်ကရနေရာများဖြစ်သော ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်နှင့် ပန်ပက်ကျေးရွာတို့တွင်လည်း ခရီးသွားပြည်သူများ လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# သမီးကလေးရဲ့ရွာ ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၄ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

**"ပါဝါကင်း" ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးသည့် "သမီးကလေးရဲ့ရွာ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအဖြစ် အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၂၃ ရက်နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့် ရုပ်ရှင်ရုံ၌ပြသခဲ့ပြီး ဇန်နဝါရီ ၄ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။**

ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ) က "ခရီးတစ်ခုသွားရင်းနဲ့ မှုခင်းဖြစ်သွားတဲ့အကြောင်းကို ကြားမိတယ်။ အဲဒီအဖြစ်အပျက် အကြောင်းအရာလေးကို မေးမြန်းစုံစမ်းပြီးတော့ ဇာတ်လမ်းတည်ဆောက်တယ်။ အိမ်ထောင်ရေးဖောက်ပြန်တဲ့အတွက်ကြောင့် ကလေးစားချေတဲ့သဘောမျိုးဖြစ်သွားတဲ့ အကြောင်းအရာလေးပါ။ မိသားစုကိစ္စနဲ့ ရပ်ကွက်ထဲမှာ မဖြစ်သင့်မဖြစ်ထိုက်တာတွေ မဖြစ်ရအောင် ဆိုတဲ့အကြောင်းအရာလေးတွေ စုပြီးတော့ ဒီဇာတ်ကားလေးကို ဖန်တီးထားတာပါ" ဟုပြောသည်။

အဆိုပါ ဇာတ်ကားတွင် ခန့်စည်သူ၊ ထွန်းကိုကို၊ ရွှေမှုံရတီ၊ သွန်းဆက်၊ ဘေဘီမောင်၊ ကလေးသရုပ်ဆောင် ချစ်စနိုး၊ ဆုရှိုင်း၊ ဝက်မ၊ ကျော်ဇင်ထွဋ်၊ ဦးဝင်းနိုင်၊ ဦးတိမ်ညွန့်၊ ဂျပန်ကြီးနှင့် အနုပညာရှင်များစွာပါဝင်ပြီး လူမှုဘဝပတ်ဝန်းကျင်တွင် ဖြစ်ပျက်တတ်သည့် အိမ်ထောင်ရေးပြဿနာများနှင့် သက်ငယ်မုဒိမ်းမှုများ အပေါ် အခြေခံကာ ကျေးလက်နောက်ခံ ၅၂၈ မေတ္တာဘွဲ့အမျိုးအစား ပညာပေး ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

သရုပ်ဆောင် ခန့်စည်သူက "ဒီကားထဲမှာ ကျွန်တော်က ပညာမတတ်ဘူး။ အမေကို ချစ်တယ်။ တူမလေးကိုတော့ အမေဝင်စားတယ်ထင်ပြီး စောင့်ရှောက်ပေးတယ်။ တူမလေးကြောင့်ပဲ ကျွန်တော် အလွန်ကြိုက်တဲ့ အရက်ပြတ်သွားတယ်။ တူမလေးနဲ့ပဲ ဘဝကိုနှစ်မြှုပ်လိုက်တယ်။ အဲဒီအချိန်မှာ ကိုယ့်ဘဝထဲက တူမလေး ထွက်သွားခဲ့လို့ ခံစားရတဲ့အကြောင်းအရာမျိုးလေးပါ။ ကျွန်တော်တို့ ပေးချင်တဲ့ အကြောင်းအရာလေး ပရိသတ်ဆီ ရောက်သွားရင်ကျေနပ်ပါတယ်" ဟု ပြောသည်။



ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)



သရုပ်ဆောင် ခန့်စည်သူ



သရုပ်ဆောင် သွန်းဆက်


ကလေးသရုပ်ဆောင် ချစ်စနိုး

ယနေ့ခေတ်ကာလတွင် သက်ငယ်မုဒိမ်းဖြစ်ပွားမှုများ ပိုမိုကြားလာရကြောင်း၊ စိတ်မကောင်းဖြစ်မိကြောင်း၊ ယခုဇာတ်ကားသည် ပညာပေးအနေဖြင့် ရိုက်ကူးထားသည့်အတွက် သမီးမိန်းကလေးရှိသည့် မိဘများအတွက် ယခု ဇာတ်ကားကို ပိုမိုကြည့်သင့်ကြောင်း သရုပ်ဆောင် သွန်းဆက်က ပြောသည်။

ကလေးသရုပ်ဆောင် ချစ်စနိုးက "ဦးလေးတစ်ယောက်ကို အလွန်ချစ်တဲ့ တူမလေးတစ်ယောက်၊ ဦးလေးနဲ့ခွဲရမှာကိုလည်းအလွန်ကြောက်တဲ့ ဇာတ်ကောင် စရိုက်ပုံစံလေး ပါဝင်ထားတာပါ။ အရင်တုန်းကတော့ ဗီဒီယိုဇာတ်ကားတွေ၊ ပညာပေးဇာတ်လမ်းတွေ ရိုက်ခဲ့တယ်။ ရုပ်ရှင်ဇာတ်ကားကြီးအနေနဲ့ ကတော့ ဒါဟာ ပထမဆုံးပါ။ ဒီကား စရိုက်တဲ့အချိန်က ဝါရင့်အနုပညာရှင်တွေနဲ့ အတူ သရုပ်ဆောင်ရတာဆိုတော့ ကြောက်စိတ်တွေ ဖြစ်နေမိတယ်။ ဒီလိုမျိုးသက်ငယ်မုဒိမ်းနဲ့ပတ်သက်ပြီး ပညာပေးဇာတ်ကားမျိုး မှာပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိတယ်" ဟု ပြောသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ၂၀၁၉ ချာရတီဖလားပြိုင်ပွဲအဖြစ် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

၂၀၁၉ ချာရတီ ဖလားပြိုင်ပွဲအဖြစ် ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဇန်နဝါရီ ၆ ရက်တွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ၂၀၁၂ ရာသီမှစ၍ အမှတ်ပေးချန်ပီယံအသင်းနှင့် ရှုံးထွက်ချန်ပီယံအသင်းတို့အား ရာသီကြိုချာရတီဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားစေခဲ့ပြီး ယခုအကြိမ်မှာကိုးကြိမ်မြောက် ကျင်းပမည့်ပြိုင်ပွဲလည်း ဖြစ်သည်။


ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပြီးခဲ့သည့်ရာသီက တွေ့ဆုံခဲ့စဉ်။

အမှတ်ပေးနှင့် ရှုံးထွက်ချန်ပီယံဆုကို တစ်သင်းတည်းရယူနိုင်ပါက အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရသည့်အသင်းက အစားထိုးယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီတွင် ရန်ကုန်အသင်းက အမှတ်ပေးနှင့် ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယဆုရသည့် ရှမ်းယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် ချာရတီဖလားပြိုင်ပွဲ တစ်လျှောက် သုံးကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရထားသည်။

ယခုအကြိမ် ကျင်းပမည့်ပြိုင်ပွဲကို ညနေ ၃ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအဖြစ်အထူးတန်းကျပ် ၂၀၀၀၊ ရိုးရိုးတန်းကျပ် ၁၀၀၀ သတ်မှတ်ထားပြီး ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

ချာရတီဖလားပြိုင်ပွဲမှ ရရှိသည့် ဝင်ကြေးများအားလုံးကို နှစ်စဉ်လှူဒါန်းနေကျအတိုင်း ပရဟိတကျောင်းများသို့ ပြန်လည်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ချာရတီဖလားပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်၌ ရောဝတီအသင်းက ရန်ကုန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခုနစ်ဂိုး- ငါးဂိုး၊ ၂၀၁၃ ခုနှစ်၌ ရန်ကုန်အသင်းက ရောဝတီအသင်းကို တစ်ဂိုး- ဂိုးမရှိ၊ ၂၀၁၄ ခုနှစ်၌ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ၂၀၁၅ ခုနှစ်၌ ရောဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး- ဂိုးမရှိ၊ ၂၀၁၆ ခုနှစ်၌ ရန်ကုန်အသင်းက ရောဝတီအသင်းကို တစ်ဂိုး- ဂိုးမရှိ၊ ၂၀၁၇ ခုနှစ်၌ မကွေးအသင်းက ရတနာပုံအသင်းကို သုံးဂိုး- ဂိုးမရှိ၊ ၂၀၁၈ ခုနှစ်၌ ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို ပယ်နယ်တီ အဆုံးအဖြတ် ခြောက်ဂိုး- လေးဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းသည် နှစ်ကြိမ် ဆက်တိုက်တွေ့ဆုံခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်အလုပ်အမှုဆောင်များ တတိယအကြိမ်မြောက် အမျိုးသားတံခွန်စိုက် ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းရှိ အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပရာပြိုင်ပွဲဝင် ကစားသမား လေးရာကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

"ဒီပြိုင်ပွဲက မျိုးဆက်သစ်၊ လက်ရွေးစင် ကြက်တောင်အားကစားသမားများ ထွက်ပေါ်လာစေဖို့နဲ့ မြန်မာ့ကြက်တောင်လောက တိုးတက်မြင့်မားလာစေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်စံက ပြောသည်။

အဆိုပါ ပြိုင်ပွဲဖွင့်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နာယကများ၊ ဒုတိယဥက္ကဋ္ဌ ဦးသက်စံနှင့်အမှုဆောင်များ၊ ကြက်တောင်ဝါသနာရှင်များက ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြသည်။




ယင်းပြိုင်ပွဲတွင်အသက် ၁၁ နှစ်၊ ၁၃ နှစ်၊ ၁၅ နှစ်၊ ၁၇ နှစ်၊ ၁၉ နှစ်အောက် ပြိုင်ပွဲများ၌ တစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများ၊ သာမန်တန်း၊ အမျိုးသားအသက်ကြီးတန်း(နှစ်ယောက်ပေါင်း ၁၀၀)နှင့်အကြီးတန်းတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများပါဝင်ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အီတလီချန်ပီယံဂျူဗင်တပ်စ်အသင်းသည် အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန် ရမ်ဆေးအား နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူချင်နေကြောင်း အီတလီဘက်ကလာသော သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် ဒေးလီးမေး၏ ဖော်ပြချက်အရ ဂျာမနီချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းကလည်း အာဆင်နယ်အသင်းနှင့် ရာသီကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ဝေးလ်ကစားသမားကို ခေါ်ယူချင်နေသေးကြောင်း သိရသည်။
- ဂျူဗင်တပ်စ်အသင်းသည် မန်ယူအသင်းမှ အသက် ၂၅ နှစ်အရွယ် ဘယ်လ်ဂျီယံတိုက်စစ် ကစားသမားလူကာကူအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။
- အာဆင်နယ်အသင်းသည် လိုင်လီအသင်းက ပေါင် ၇၂ သန်းအလိုရှိနေသော အသက် ၂၃ နှစ်အရွယ် အိုင်ဗရီကို့စ်တောင်ပံကစားသမား နီကိုလပ်စ်ပီပီအား စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူသွားဖွယ်ရှိကြောင်း မက်ထရို၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်အသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဖရန့်ဖွတ်အသင်းမှ နယ်သာလန်ဗဟိုခံစစ်ကစားသမား ဝီလ်လမ်း ၂၄ နှစ် အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းအနေဖြင့် ဝက်စ်ဟမ်းအသင်းမှ အသက် ၂၉ နှစ်အရွယ် ဩစတြီးယားတိုက်စစ်ကစားသမား အနာတိုဗစ်အား ခေါ်ယူသင့်ကြောင်း ချယ်လ်ဆီးတိုက်စစ်ကစားသမားဟောင်း တိုနီကက်ကာရီနိုက တိုက်တွန်းပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် သုံးပွဲမြောက် ရှုံးပွဲကြုံတွေ့ခဲ့ရာ ပြီးခဲ့သည့် စနေနေ့က လက်စတာစီးတီးအသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်မှုသည် နွေရာသီတွင် နည်းပြဆာရအသင်းကို ကိုင်တွယ်ပြီးနောက် ပထမဆုံး အိမ်ကွင်းရှုံးပွဲကြုံတွေ့ခဲ့ခြင်းလည်း ဖြစ်သည်။
- နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် တောင်ပံကစားသမားတစ်ဦးခေါ်ယူချင်နေကြောင်း ခရိုနီကယ်လိုက်တွင် ဖော်ပြထားသည်။
- ဖူလ်ဟမ်အသင်းသည် ဘက်ရှီးတပ်စ်အသင်းမှ အသက် ၂၉ နှစ်အရွယ် ခရိုအေးရှားနောက်ခံကစားသမား ဗီဒါအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း တူရကီဘက်ကလာသော သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူဘယ်နောက်ခံကစားသမား လုခ်ရှောသည် မန်ယူအသင်းအနေဖြင့် ဒီဇင်ဘာ ၂၃ ရက်က ပရီမီယာလိဂ်ပွဲစဉ် ၁၈ အဖြစ် ဖူလ်ဟမ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ချန်ပီယံလိဂ်ဝင်ရောက်ရေးမှာ ဖြစ်နိုင်သေးကြောင်း ပြောကြားလိုက်သည်။ တန်းစီဇယားအဆင့် ၄ နေရာတွင် ရပ်တည်နေသော ချယ်လ်ဆီးအသင်းက လက်စတာစီးတီးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် မန်ယူအသင်းနှင့် ရှစ်မှတ်သာ ကွာဟတော့ကြောင်းလည်း သိရသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၁၂-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ငွေစက္ကူနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးမှု"
၉း၁၀ - ဥပဒေစကားဝိုင်း "ဆက်သွယ်ရေးဥပဒေ အကြောင်း သိကောင်းစရာ"
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၄၀ - " SEAVFC Porgram" (ကလေးရုပ်သံပွဲတော်)
၁၃း၄၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျှဉ်းပြိုင်" (အပိုင်း-၃၀ ဇာတ်သိမ်းပိုင်း)
၁၄း၃၀ - Yes or No Talk Show

**ညပိုင်း**

၁၇း၀၅ - ဒေသတစ်ခုထုတ်ကုန်တစ်မျိုး "ထန်းတောနယ်မှအိုးစည်သံ"
၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
၁၈း၂၀ - "ငြိမ်းချမ်းသော အသိုက် အဝန်းဆွေးနွေးခန်းနှင့် သီချင်း"
၁၈-၃၅ - "ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် ခမ်းနား ထွန်းပေါ် မြန်မာနိုင်ငံတော်"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၆၉)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ပညာရေးစကားဝိုင်း " ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲ"
- "(၁၉)ကြိမ်မြောက်တိုင်းရင်း ဆေးညီလာခံကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် တိုင်းရင်းဆေး နှင့် ပြည်သူ့ကျန်းမာရေး စကားဝိုင်း"
- အနုပညာခန်းရိပ်သာ "ရွှေမန်းချမ်းသာအကြောင်း" (ရွှေမန်းချမ်းသာနှင့် တွေ့ဆုံခြင်း)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၂၅)

# မောင်တော၌ ရဲကင်းစခန်းဖျက်ဆီးသည့် တောဆင်ရိုင်းအုပ်ကို ဟန့်တားပစ်ခတ်ရာမှ ဆင်တစ်ကောင်သေဆုံး

**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ဒီဇင်ဘာ ၂၃ ရက် နံနက်က မီးတိုက်ချောင်းဝ ကင်းစခန်းတွင် တောဆင်ရိုင်းအုပ်သည် ရဲကင်းစခန်းအတွင်းသို့ ဝင်ရောက်ပြီး တပ်ဖွဲ့ဝင်များအား အန္တရာယ်ပြုသဖြင့် သေနတ်ဖြင့် ဟန့်တားပစ်ခတ်ရာ ဆင်ရိုင်းတစ်ကောင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မီးတိုက်ချောင်းဝကင်းစခန်းမှ ဒုရဲအုပ်မြင့်သူထွန်း ဦးစီးအဖွဲ့သည် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် ထွက်ခွာနေပြီး စခန်း၌ ဒုတပ်ကြပ်နေလင်းဦး ဦးစီးတပ်ဖွဲ့ဝင်များက စခန်းလုံခြုံရေးတာဝန် ထမ်းဆောင်နေစဉ် ရဲကင်းစခန်းအနီးသို့ ရောက်ရှိလာသော တောဆင်ရိုင်းအုပ်မှ ဆင်ရိုင်းသုံးကောင်သည် ရဲကင်းစခန်း ခြံစည်းရိုးတံခါးကို ဖျက်ဆီးကာ တပ်ဖွဲ့ဝင်များအား အန္တရာယ်ပြုသဖြင့် ရဲတပ်ကြပ် နေလင်းဦးက ၎င်းကိုင်ဆောင်သည့် ဘီအေ ၆၃ မောင်းပြန်ရိုင်ဖယ်ဖြင့် တစ်ချက် ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် တောဆင်ရိုင်းတစ်ကောင်တွင် ဦးခေါင်းသေနတ် ထိမှန်ဒဏ်ရာရရှိကာ မီးတိုက်ချောင်းဝကင်းစခန်းအတွင်း သေဆုံးခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက် )**



# ကျောက်တံခါးမြို့နယ်၌ ဆန်အိတ်များတင်ဆောင်လာသော ယာဉ်တိမ်းမှောက် ယာဉ်မောင်းသေဆုံး

**ကျောက်တံခါး ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မ ရဲစခန်းအပိုင် ရန်ကုန် - မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၁၁၂/၆ နှင့် ၇) အကြား ကန်ရွာကျေးရွာအနီး ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီက ဆန်အိတ်များ တင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး လမ်းဘေးထိုးကျ တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းသေဆုံးသွားကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ဖြူးမြို့နယ်နေသူ ယာဉ်မောင်းမျိုးအောင် (၃၀ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဖြူးမြို့နယ်နေသူ ယာဉ်နောက်လိုက် မြင့်မိုရ်ထက် (၂၂ နှစ်) တို့လိုက်ပါလာသော ယာဉ်အမှတ် YGN- 2M/----- ၁၂ ဘီးယာဉ်သည် ဆန်အိတ်များ တင်ဆောင်မောင်းနှင်လာစဉ် လမ်းအကွေ့၌ အရှိန်မထိန်းနိုင်ဘဲ တံတားအောက် ချောင်းထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်းမျိုးအောင်မှာ ရရှိသော ဒဏ်ရာများဖြင့်နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်နောက်လိုက် မြင့်မိုရ်ထက်တွင် (စိုးရိမ်ရ)ဒဏ်ရာရရှိကာ ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၌ ပို့ဆောင်ဆေးကုသမှု ခံယူနေကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းဖြစ်သူအား ကျောက်တံခါးမြို့မ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ဟိုပုံး၊ ပင်လောင်းနှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဟိုပုံးမြို့နယ် လိုက်ကန်ကျေးရွာအရှေ့ဘက် ခုနစ်ဖာလုံခန့်အကွာ၌ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက်တွင် အမြင့်သုံးပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကခန့် ဖျက်ဆီးရှင်းလင်းခဲ့သည်။

ထို့အတူ ပင်လောင်းမြို့နယ် ဆောင်းပြောင်း ကျေးရွာပါသုံးရွာ၌ ဘိန်းစိုက်ခင်း ၂၉ ဒသမ ၅ ဧကနှင့် မိုင်းပျဉ်းမြို့နယ် ဟော့တင်ကျေးရွာ၌ ဘိန်းစိုက်ခင်း ၅ ဒသမ ၅ ဧကတို့အား ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်ခွဲသားများ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုပို့ကုန် ၉၃၄ စီး၊ သွင်းကုန်အစီး ၇၃၀၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၄၉၉ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၄၃၅ သန်း၊ စုစုပေါင်း တားဆီးမှုငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၉၂၄ သန်းခန့်ကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဒီဇင်ဘာ ၂၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ခရီးသည်တင်ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခားရှေ၊ ခွဲသားတန် ၁ ဒသမ ၁၆၃၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၄၉၉ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေတာရှည်၌ မီးလောင်မှုကြောင့် နေအိမ်ငါးလုံးနှင့်ကြံခင်းနှစ်ခင်းဆုံးရှုံး

**ရေတာရှည် ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် အင်ပင်သာတဲစု၌ ဒီဇင်ဘာ ၂၃ ရက် ညနေ ၂ နာရီ မိနစ် ၄၀ က မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးကူးစက်လောင်မှုကြောင့် လူနေအိမ်ငါးလုံးနှင့် ကြံခင်းနှစ်ခင်း မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ် နေလင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကို စစ်ဆေးခဲ့ရာ အင်ပင်သာတဲ့စုနေ ဦးစိုးမြင့် (၄၅ နှစ်)၏ နေအိမ် မီးဖိုအတွင်း မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ခဲ့ခြင်းဖြစ်ပြီး အိမ်ချင်းကပ်လျက်ရှိ လူနေအိမ်လေးလုံးကို ကူးစက်လောင်ခဲ့ကာ ဆွေသာယာ ကျေးရွာနေသူ ဦးဝင်းစိန်ပိုင်ဆိုင်သော (.၆၀) ဧကရှိ ကြံစိုက်ခင်းနှင့် မုန်စီကျေးရွာနေ ကိုသူ၊ ပိုင်ဆိုင်သော (.၆၀)ဧကရှိ ကြံစိုက်ခင်းနှစ်ခင်းတို့ပါ မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးစိုးမြင့် အင်ပင်သာတဲစုနေသူအား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**

# မိုးကောင်းမြို့နယ် မရမ်းကထောင် စစ်ဆေးရေးဂိတ်၌ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

**မိုးကောင်း ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြစ်ကြီးနား- တနိုင်း ကားလမ်းမပေါ်ရှိ မရမ်းကထောင် ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီက ဆိုင်ကယ်ဖြင့် တင်ဆောင်လာသည့် တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၁၅ ပိဿာကျော် သိမ်းဆည်းရမိကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် မြစ်ကြီးနား- တနိုင်း ကားလမ်းမပေါ်ရှိ မရမ်းကထောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တာဝန်ကျ နမ္မတီးနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ယာဉ်အဝင်အထွက်များ စစ်ဆေးဆောင်ရွက်နေစဉ် ဖားကန့်မြို့နယ် ရှဒူးဇွတ်ကျေးရွာနေ မောင်မောင်စန်း(၂၇ နှစ်) မောင်းနှင်ပြီး မိုးကောင်းမြို့ အရှေ့ရပ်ကွက်နေ ကျော်မင်းစိုး (၄၄ နှစ်) စီးနင်းလိုက်ပါလာသည့် SHAYAN-125 မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် ပီနံအိတ်ဖြင့်ထည့်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး ၁၅ ပိဿာခန့်တစ်တုံးနှင့် သုံးကျပ်သားခန့်နှစ်တုံးအား သိမ်းဆည်းရမိခဲ့သည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်သူ မောင်မောင်စန်းနှင့် ကျော်မင်းစိုးတို့နှစ်ဦးအား နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**




# ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံ မီးလောင်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံတွင် ယနေ့ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ Level-2 မီးသတ်ယာဉ်အုပ်စုများ ထွက်ခွာ ငြှိမ်းသတ်လျက်ရှိကြောင်း ကနဦး သတင်းရရှိသည်။

**မြန်မာ့အလင်း**

# စိတ်ကြွရူးသွပ်ဆေးပြားများ ရွှေကျင်မြို့၌ ဖမ်းဆီးရမိ

**ရွှေကျင် ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ မကျည်းတန်းရပ်ကွက်၌ ဒီဇင်ဘာ ၂၃ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၃၆) ပဲခူးမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရွှေကျင်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ရွှေကျင်မြို့မကျည်းတန်းရပ်ကွက် ငွေသောင်ယံ(၁)လမ်းနေသူ ပိုင်မိုးရွှေ(၁၈ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပိုင်မိုးရွှေနှင့်အတူ ဦးအေးလွင်(၄၆ နှစ်) တောင်ဒဂုံမြို့နယ် (၁၀၆)ရပ်ကွက် သူကြွယ်လမ်းနေသူတို့ နှစ်ဦးအားတွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၁ ပြားနှင့် စပ်ဆက်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သဖြင့် ရွှေကျင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အမေရိကန်ကာကွယ်ရေးဝန်ကြီးရာထူးမှ နုတ်ထွက်တော့မည့် ဂျင်မက်တစ်နေရာတွင် ရှာနာဟန်ကို အစားထိုးခန့်အပ်

ဝါရှင်တန် ဒီဇင်ဘာ ၂၄

**ရာထူးမှ အနားယူတော့မည့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်နေရာတွင် လက်ထောက်ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်ကို ပင်တဂွန်စစ်ဌာနချုပ်၏ ယာယီအကြီးအကဲအဖြစ် ခန့်အပ်လိုက်ကြောင်း မကြာသေးမီက ကြေညာလိုက်သည်။**



လက်ရှိ ကာကွယ်ရေးဝန်ကြီး ဂျင်မက်တစ်သည် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ရာထူးမှ အနားယူမည့် နုတ်ထွက်စာကို သမ္မတအား လူကိုယ်တိုင်သွားရောက်ပေးခဲ့ပြီး မကြာခင် ယခုလို ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ပက်ထရစ်ရှာနာဟန်သည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ တာဝန်ထမ်းဆောင်သွားတော့မည်ဖြစ်ကြောင်း လူမှုကွန်ရက်စာမျက်နှာဖြစ်သည့် တွစ်တာပေါ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရေးသားခဲ့သည်။

ဝန်ကြီး မက်တစ်က ၎င်း၏နုတ်ထွက်စာတွင် ဖေဖော်ဝါရီလကုန်အထိ ဆက်လက် တာဝန်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း အမေရိကန်သမ္မတ ထရမ့်က ရှာနာဟန်ကို ယာယီဝန်ကြီးအဖြစ် ဇန်နဝါရီ ၁ ရက်မှ စတင်တာဝန်ထမ်းဆောင်ရန်ကြေညာလိုက်သည့် အတွက် မက်တစ်သည် ရာထူးမှနှစ်လစောပြီး နုတ်ထွက်ရသည့် သဘောသက်ရောက်စေခဲ့သည်။

ယခင်ဘိုးရင်းလေကြောင်းကုမ္ပဏီ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ရှာနာဟန်ကို လက်ထောက်ကာကွယ်ရေးဝန်ကြီးအဖြစ် ၂၀၁၇ ခုနှစ်က ခန့်အပ်ခဲ့ကြောင်း သိရသည်။

၎င်းသည် ဒုတိယကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းပြီးမြောက်မှု များစွာရှိခဲ့ကြောင်းနှင့် ထူးချွန်သူတစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

အမေရိကန်သမ္မတ ထရမ့်နှင့် ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် အစားထိုးခန့်အပ်မည့် ရှာနာဟန်ကို တွေ့ရစဉ်။

## ရေဒါဖြင့် ချိန်ရွယ်ခဲ့မှုကို တာဝန်ယူဖြေရှင်းပေးရန် တောင်ကိုရီးယားသို့ ဂျပန်တောင်းဆို

**တိုကျို ဒီဇင်ဘာ ၂၄**

ဂျပန်ပင်လယ်ပေါ်ဖြတ်ကျော်ပျံသန်းခဲ့သည့် ဂျပန်ကင်းလှည့်လေယာဉ်တစ်စင်းကို တောင်ကိုရီးယား ဖျက်သင်္ဘောက ပစ်ခတ်မှုထိန်းချုပ်ရေဒါဖြင့် ချိန်ရွယ်ထားခဲ့မှုအပေါ် တောင်ကိုရီးယားဘက်မှ မှန်ကန်စွာဖြေရှင်းဆောင်ရွက်ပေးရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက တောင်းဆိုလိုက်ကြောင်း သိရသည်။

တောင်ကိုရီးယားဖျက်သင်္ဘောတစ်စင်းက ဂျပန်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့မှ p-1 အမျိုးအစား ကင်းလှည့်လေယာဉ်တစ်စင်းကို ရေဒါဖြင့် ချိန်ရွယ်ခဲ့သည့်ဖြစ်စဉ်သည် ဂျပန်နိုင်ငံ အီရှီခါဝခရိုင် နိုတိုကျွန်းဆွယ်၏ ကမ်းလွန်ပင်လယ်ပြင်အတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းလုပ်ရပ်သည် အလွန်အန္တရာယ်များသည့်လုပ်ရပ်ဖြစ်ကြောင်း ဂျပန်အစိုးရက ထောက်ပြခဲ့ပြီး ထိုသို့ပြုလုပ်ခဲ့မှုအပေါ် လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနို

## အင်ဒိုနီးရှား၌ ဆူနာမီကြောင့် သေဆုံးသူအရေအတွက်မြင့်တက်

**ဂျကာတာ ဒီဇင်ဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းနှင့် စုမားတြားကျွန်းတို့အကြားရှိ ဆန်းဒါးရေလက်ကြား ကမ်းခြေဧရိယာတစ်လျှောက်တွင် မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့သည့် ကြောက်မက်ဖွယ် ဆူနာမီဝင်ရောက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၃၇၃ ဦးအထိ မြင့်တက်လာခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက် ၁၄၅၉ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သဘာဝဘေးအေဂျင်စီက တနင်္လာနေ့တွင် ဖော်ပြခဲ့သည်။ ထို့အတူ ဆူနာမီ ဖြစ်ပွားရာဒေသတစ်လျှောက်တွင် ပျောက်ဆုံးသူပေါင်း ၁၂၈ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။



ဆူနာမီဖြစ်ပွားပြီးနောက် ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။

အနက်ကရာကူ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် စနေနေ့ညက ဖြစ်ပွားခဲ့သည့် ဆူနာမီကြောင့် ထိခိုက်ခံစားခဲ့ရသူများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ဆောင်ရွက်လျက်ရှိသည်။

ပင်လယ်လှိုင်းများနှင့်အတူ မျောပါသွားသော အပျက်အစီးများအောက်တွင် နောက်ထပ်လူများစွာ ပိတ်မိနေသေးသည်ဟု ကယ်ဆယ်ရေးအဖွဲ့က ယုံကြည်လျက်ရှိကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောဆိုခွင့်ရပုဂ္ဂိုလ် စူတိုပိုပါဝိုနူဂရိုဟို ပြောကြားခဲ့သည်။

ဒေသခံပြည်သူများအား ကယ်ဆယ်ရွှေ့ပြောင်းမှုနှင့် ထိခိုက်ခံစားရသူများအား ရှာဖွေမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဆူနာမီဖြစ်ပွားခဲ့သည့် ဧရိယာငါးခုရှိပြီး လန်တန်ပြည်နယ်ရှိ ပန်ဒက်လန်နှင့် ဆီရန်အပြင် လမ်ပမ်ပြည်နယ်ရှိ လမ်ပမ်ဆီလာတန်၊ ပနာဝါရန်နှင့် တန်ဂါမတ်စ်ဒေသများဖြစ်ကြောင်း သဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သဘာဝဘေးဒဏ်ကြောင့် နေအိမ်အဆောက်အအုံပေါင်း ၅၅၁ ခု၊ ဟိုတယ်အဆောက်အအုံ ၆၉ ခုနှင့် ကမ်းခြေရှိ သင်္ဘောများနှင့် လှေအစင်းပေါင်း ၄၂၀ ပျက်စီးသွားခဲ့ကြောင်း စူတိုပိုက ပြောသည်။

ပနာဝါရန်ဒေသ၌ ပြည်သူ ၂၁၁ ဦး အိုးအိမ်မဲ့ခဲ့ပြီး ၎င်းတို့ကို ကယ်ဆယ်ရေးအဆောက်အအုံများဆီသို့ ရွှေ့ပြောင်းပေးခဲ့သည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေးဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စက်ယန္တရားကြီးများကို ဆူနာမီဝင်ရောက်ခဲ့သည့် ဧရိယာများဆီသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ၊ အေအက်ဖ်ပီ**

## ရုရှားနိုင်ငံရှိ မိုင်းတွင်းတစ်တွင်းမီးလောင်ရာ ရှစ်ဦးသေဆုံး၍ တစ်ဦးပျောက်ဆုံးလျက်ရှိ

**မော်စကို ဒီဇင်ဘာ ၂၄**

ရုရှားနိုင်ငံ ဆိုလီခမ့်မြို့ရှိ ပိုတက်ဆီယမ်သတ္တုတွင်း တစ်တွင်းမီးလောင်မှုကြောင့် ပိတ်မိနေသည့် မိုင်းလုပ်သား ကိုးဦးအနက် ရှစ်ဦး၏ ရုပ်အလောင်းများကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း တက်စ်သတင်းဌာနက မကြာသေးမီတွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သည့် ဒီဇင်ဘာ ၂၂ ရက်က ရုရှားနိုင်ငံ ယူရယ်တောင်တန်းများအနီး ပါ့မ်းဒေသရှိ သတ္တုတွင်း၏အနက် မီတာ ၃၄၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မြေအောက်တွင် အလုပ်လုပ်နေသော မိုင်းလုပ်သား ၁၇ ဦးအနက် ရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးသမားများက သတ္တုမိုင်းအတွင်းပိတ်မိနေသော နောက်ဆုံးမိုင်းလုပ်သားအား ရှာဖွေနေသော်လည်း ၎င်းအသက်ရှင်နိုင်မည့် အခွင့်အရေးမှာ လွန်စွာနည်းပါးကြောင်း ကယ်ဆယ်ရေးအဖွဲ့၏ ပြောကြားချက်ကို ကိုးကားကာ သတင်းတွင် ဖော်ပြခဲ့သည်။

သေဆုံးသူများ၏ ဆွေမျိုးများလည်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာပြီး ဒေသခံအစိုးရနှင့် ပူးပေါင်းကာ လိုအပ်သည့် အကူအညီများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။

ယူရယ်ခါလီသတ္တုတွင်းကုမ္ပဏီက မီးလောင်မှုသည် မိုင်းတွင်းထဲရှိ ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ဖြစ်ပွားခဲ့ကြောင်း ပြောခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယင်းဖြစ်စဉ်၏ အစီရင်ခံစာများကို နားထောင်ပြီးနောက် သေဆုံးသူများ၏ မိသားစုဝင်များကို ကူညီရန်လိုအပ်သည့် ဆောင်ရွက်မှုများအားလုံးကို လုပ်ဆောင်ပေးရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ရုရှားနိုင်ငံ ဆိုလီခမ့်မြို့ရှိ သတ္တုတွင်းတစ်ခုတွင် အလုပ်လုပ်နေသော မိုင်းလုပ်သားများကို တွေ့ရစဉ်။

**နိုင်ငံတကာ သတင်းတိုထွာ**

## ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များကိုခိုးယူသည့် တရုတ်အမျိုးသားတစ်ဦးကို ဖမ်းဆီး

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်ရေနံကုမ္ပဏီတစ်ခုတွင် လုပ်ကိုင်နေသည့် တရုတ်အမျိုးသား တစ်ဦးကို ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ခိုးယူခဲ့မှုဖြင့် ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ်ရှိ အဆိုပါ တရုတ်အမျိုးသားသည် အမေရိကန် ပြည်ထောင်စု အိုကလာဟိုးမားပြည်နယ်ရှိ Philips 66 ရေနံကုမ္ပဏီ၏ ဘက်ထရီတီထွင်ထုတ်လုပ်မှုတွင် ပါဝင်လုပ်ကိုင်နေသည့် သုတေသနဆိုင်ရာ အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။

၎င်းသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တန်ဖိုးရှိသည့် ထုတ်ကုန်သစ်တစ်ခုနှင့် ပတ်သက်သည့် သတင်းအချက်လက်များကို ခိုးယူခဲ့သည်ဟု စွပ်စွဲခြင်းခံခဲ့ရသည်။

အဆိုပါအင်ဂျင်နီယာသည် ယင်းအချက်အလက်များကို ကူးယူသိမ်းဆည်းကာ ၎င်း၏အလုပ်သစ်အဖြစ် ပြောင်းရွှေ့မည့် တရုတ်နိုင်ငံမှ ကုမ္ပဏီတစ်ခုသို့ ယူဆောင်သွားရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ပညာရပ်ဆိုင်ရာ ပိုင်ဆိုင်မှုကို ခိုးယူခြင်းသည် အမေရိကန်ကုမ္ပဏီများနှင့်အလုပ်သမားများကို အခက်အခဲကျရောက်စေကြောင်း အမေရိကန်တရားရေးဌာန၏ နိုင်ငံ့လုံခြုံရေးဆိုင်ရာ လက်ထောက်ရှေ့နေချုပ် ဂျွန်ဒီမားစ်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နှင့်အိန္ဒိယတို့ အကြမ်းဖက်တိုက်ဖျက်သည့် စစ်ရေးလေ့ကျင့်မှုပြီးဆုံး

**ချန်ဒူ ဒီဇင်ဘာ ၂၄**

တရုတ်နှင့် အိန္ဒိယတပ်မတော်တို့ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်မြို့တော် ချန်ဒူ၌ ပူးတွဲစစ်ရေးလေ့ကျင့်မှု အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

ပူးတွဲစစ်ရေး လေ့ကျင့်ရာတွင် နောက်ဆုံးလေ့ကျင့်မှုမှာ မြို့ပြအိမ်နီးချင်းဒေသတစ်ခုကို နောက်ခံထားလျက် လေ့ကျင့်ခဲ့ပြီး ဖမ်းဆီးခံထားရသည့် ဓားစာခံကို ကယ်ဆယ်ရေးဆောင်ရွက်မှုကို ထည့်သွင်းလေ့ကျင့်ခဲ့သည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စွမ်းရည်ပိုင်းဆိုင်ရာမြှင့်တင်မှုများ ပြုလုပ်ခဲ့ရုံသာမက တရုတ်နှင့် အိန္ဒိယအရာရှိများနှင့် တပ်ဖွဲ့ဝင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကိုလည်း ပိုမိုခိုင်မာစေခဲ့ကြောင်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်မှ အကြီးတန်းတာဝန်ရှိ ကိုယ်စားလှယ်ဖြစ်သူ ဗိုလ်ချုပ်လီရှီကျုံးက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဒုံးခွင်းစနစ်ဝယ်ယူဖို့အရေးမှာ ဗျာများနေတဲ့ တူရကီ

*ကလျာမိုးမြင့်*

**တူရကီနိုင်ငံဟာ ၎င်းရဲ့ကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်ကိုဖြည့်ဆည်းဖို့အတွက် ဒုံးကျည်စနစ်နှစ်ခုထဲက တစ်ခုကို ပြတ်ပြတ်သားသား ရွေးချယ်ရမယ့်အခြေအနေကို ရင်ဆိုင်နေရပါတယ်။ ဒါပေမယ့် ကျွမ်းကျင်သူပညာရှင်အချို့က နေတိုးအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ တူရကီဟာ ရုရှားလုပ် S -400 ဒုံးခွင်းစနစ်ကို ဆန့်ကျင်ပြီး အမေရိကန်လုပ် ပက်ထရီယော့ဒုံးကျည်ကာကွယ်ရေးစနစ်ကိုသာ ရွေးချယ်ဖို့ မဖြစ်မနေ သဘောတူလက်ခံရလိမ့်မယ်လို့ ယုံကြည်ထားကြပါတယ်။**

၁၉၅၂ ခုနှစ်ကတည်းက နေတိုးမဟာမိတ်နိုင်ငံတွေ ဖြစ်လာကြတဲ့ အမေရိကန်နဲ့ တူရကီနှစ်နိုင်ငံကြား ပြန်လည်ရင်ကြားစေ့ရေး ဖြစ်စဉ်ကို ဆောင်ရွက်နေတဲ့အချိန်မှာပဲ အမေရိကန်က ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိတဲ့ မြေပြင်မှ ဝေဟင်ပစ် ပက်ထရီယော့ဒုံးကျည်စနစ်ကို တူရကီသို့ ရောင်းချဖို့ရှိတယ်ဆိုပြီး ဒီဇင်ဘာ ၁၈ ရက်နေ့မှာ ကြေညာလိုက်ပါတယ်။



မြေပြင်မှဝေဟင်ပစ် ပက်ထရီယော့ဒုံးကျည်ကာကွယ်ရေးစနစ်ကို တွေ့ရစဉ်။

ဒီအတည်ပြုချက်ဟာဆိုရင် တူရကီကို ရုရှားလုပ် S -400 ဒုံးခွင်းစနစ်ဝယ်ယူမယ့် အစီအစဉ်ကို လက်လျှော့လိုက်ဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဦးဆောင်တဲ့ အစိုးရအဖွဲ့ရဲ့ ကြိုးပမ်းမှုတစ်ခုဖြစ်ပါတယ်။

ထရမ့်နဲ့ တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်တို့ဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆီးရီးယားကနေ ဆုတ်ခွာဖို့ ဆုံးဖြတ်ချက် မချမီကတည်းက တယ်လီဖုန်းနဲ့ ဆက်သွယ်ဆွေးနွေးခဲ့ကြပါတယ်။

### ဒုံးကျည်ရောင်းချရေးဆွေးနွေး

ဖုန်းနဲ့ဆက်သွယ်ဆွေးနွေးခဲ့ရာမှာ ခေါင်းဆောင်နှစ်ဦးဟာ အမေရိကန်လုပ် ပက်ထရီယော့ ဒုံးခွင်းစနစ်တွေ ရောင်းချမယ့်ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးခဲ့ကြပါသေးတယ်။

ရုရှားဒုံးခွင်းစနစ်ဟာ ရုရှားတပ်မတော်ကို အမေရိကန် ပြည်ထောင်စုနဲ့ နေတိုးအဖွဲ့ရဲ့ဒုံးကျည်စနစ်တွေနဲ့ပတ်သက်ပြီး နည်းပညာပိုင်းဆိုင်ရာ အချက်အလက်တွေစုစည်းပေးနိုင်မှာကို စိုးရိမ်ပူပန်နေကြတဲ့အချိန်မှာ တူရကီက ရုရှားကို S-400 ဒုံးခွင်းစနစ်အတွက် စရန်ငွေ ပေးခဲ့တာက အမေရိကန်နဲ့ တူရကီရဲ့ဆက်ဆံရေးမှာ အဖုအထစ်ကြီးတစ်ခု ဖြစ်သွားခဲ့ပါတယ်။

S-400 ဒုံးခွင်းစနစ်ကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံနဲ့ ဝယ်ယူမယ့် တူရကီရဲ့အစီအစဉ်ဟာ အန်ကာရာနဲ့ မော်စကိုကြားမှာ ကုန်သွယ်ရေးနဲ့ နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလို နယ်ပယ်အချို့တွေမှာ ပြန်လည်သင့်မြတ်ရေးရရှိစေဖို့ လုပ်နေတဲ့ အစီအစဉ်တွေ ဖြစ်ပါတယ်။

### ပြန်လည်သင့်မြတ်ရေး မအောင်မြင်

သို့သော်လည်း တူရကီက F-35 တိုက်ခိုက်ရေးလေယာဉ်တွေကို ရယူဖို့လုပ်ခဲ့ချိန်မှာ ကွန်ဂရက်လွှတ်တော်အဖွဲ့ဝင်တွေက ရုရှားဒုံးခွင်းစနစ်နဲ့ ပတ်သက်ပြီး စိုးရိမ်ပူပန်ဖွယ်ရာတွေ ရှိတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဂျက်လေယာဉ်တွေ ပို့ဆောင်မှုကို ပိတ်ဆို့ခဲ့တဲ့အတွက် ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းမှုဟာ ပျက်ပြားခဲ့ရပါတယ်။

တူရကီအနေနဲ့ ဒုံးခွင်းစနစ်နှစ်ခုလုံးကို ဝယ်ယူနိုင်တဲ့ ငွေအင်အားရှိလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်မေးမြန်းသင့်တယ်။

အဖြေဟာ မဖြစ်နိုင်ဘူးဆိုတဲ့ အဖြေပဲ ထွက်လာမယ်လို့ C4 Defense မဂ္ဂဇင်းရဲ့အယ်ဒီတာချုပ်ဖြစ်သူ အော်ဇဂါ အက်စကီက ဆင်ဟွာသို့ ပြောကြားခဲ့ပါတယ်။

### နိုင်ငံရေးဆုံးဖြတ်ချက်ဖြစ်လာနိုင်

တူရကီ ချမှတ်ရမယ့် ဆုံးဖြတ်ချက်ဟာ နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်လာနိုင်တယ်လို့ အက်စကီက ဆိုပါတယ်။ နောက်ဆုံးမှာ တူရကီဟာ ၎င်းရဲ့ နေတိုးအဖွဲ့ဝင်နိုင်ငံချင်း မသင့်မမြတ်ဖြစ်လာမှာကို ရှောင်ရှားဖို့နဲ့ နှစ်နိုင်ငံတင်းမာမှုတွေ ပေါက်ဖွားလာနိုင်တဲ့ အရေးကနေ ကာကွယ်ဖို့အတွက် အမေရိကန်ရဲ့ ဒုံးခွင်းစနစ်ကိုပဲ ဝယ်ယူဖို့ စိတ်ပါလာနိုင်တယ်လို့ ဒီကိစ္စတွေကို လေ့လာနေတဲ့ အက်စကီက သုံးသပ်ပါတယ်။

### နှစ်မျိုးလုံးကို တူရကီဝယ်မလား

တူရကီအစိုးရအဖွဲ့ အာဏာပိုင်တစ်ဦးကတော့ S-400 မော်ဒယ်အမျိုးအစားဒုံးခွင်းစနစ်ကို ဝယ်ယူမယ့်အစီအစဉ်မှာ အပြောင်းအလဲရှိလာမှာမဟုတ်ဘူး၊ တူရကီဟာ ရုရှားလုပ်ဒုံးခွင်းကိုရော အမေရိကန်လုပ် ဒုံးခွင်းစနစ်ကိုပါ နှစ်မျိုးလုံးဝယ်ယူဖို့ ကြံရွယ်နေတယ်လို့ ၎င်းရဲ့အမည်ကို ဖော်ပြခြင်းမရှိဘဲ ပြောကြားခဲ့ပါတယ်။

ကရင်မလင်နန်းတော်ကတော့ ဒီအရောင်းအဝယ်ကိစ္စဟာ အမေရိကန်ရဲ့ ကမ်းလှမ်းချက်ကြောင့် ထိခိုက်သွားမှာတော့မဟုတ်ဘူးလို့ ဆိုထားပါတယ်။

သို့သော်လည်း ဒီလို အစီအစဉ်မျိုးကို အမေရိကန်က သဘောတူပါ့မလားဆိုတာကိုတော့ ကံသေကံမ ပြောနိုင်ခြင်းမရှိသေးပါဘူး။

**“နောက်ဆုံးမှာ တူရကီဟာ ၎င်းရဲ့ နေတိုးအဖွဲ့ဝင်နိုင်ငံချင်း မသင့်မမြတ်ဖြစ်လာမှာကို ရှောင်ရှားဖို့နဲ့ နှစ်နိုင်ငံတင်းမာမှုတွေ ပေါက်ဖွားလာနိုင်တဲ့ အရေးကနေ ကာကွယ်ဖို့အတွက် အမေရိကန်ရဲ့ ဒုံးခွင်းစနစ်ကိုပဲ ဝယ်ယူဖို့ စိတ်ပါလာနိုင်”**

သမ္မတထရမ့်အနေနဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆီးရီးယားကနေ ဆိုင်းမဆင့်ပုံမဆင့် ရုပ်သိမ်းလိုက်တာဟာ စစ်ပွဲကြောင့် ထိခိုက်ခံစားနေရတဲ့ ဆီးရီးယားနိုင်ငံအတွင်းမှာ အမေရိကန်က ကျောထောက်နောက်ခံ ပေးထားတဲ့ ကာ့ဒ်စစ်သွေးကြွတွေကို အမြစ်လှန်ချေမှုန်းပစ်ဖို့ တူရကီနိုင်ငံသားတွေအနေနဲ့ စိတ်ကြိုက်လုပ်ပိုင်ခွင့်ရှိတယ်လို့ လက်ခံယုံကြည်လာအောင် လုပ်လိုက်သလိုပါပဲ။

### အီရန်နဲ့ တင်းမာမှုမြင့်တက်နေ

အမေရိကန်ပြည်ထောင်စုဟာ တူရကီရဲ့အရှေ့ဘက် အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အီရန်နဲ့လည်း တင်းမာမှုတွေ မြင့်တက်နေတာ ဖြစ်တဲ့အတွက် နေတိုးအဖွဲ့အတွင်းမှာ တူရကီကိုမြဲမြံစွာ တည်ရှိနေစေချင်တဲ့ သဘောထားလည်း ရှိနေပြန်ပါတယ်။

တူရကီဟာ ခက်ခဲရှုပ်ထွေးတဲ့ အကြောင်းအရာတစ်ရပ်ကို ရင်ဆိုင်နေရပြီး အတော်လေးခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရလိမ့်မယ်။

ဒီတစ်ခုကို ရွေးရင်ရွေး မရွေးရင် တခြားတစ်ခုကို ရွေးချယ်ရမှာ ဖြစ်တယ်လို့ အစ္စတန်ဘူလ်အခြေစိုက်စီးပွားရေးနဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လေ့လာမှုစင်တာကို ဦးဆောင်နေတဲ့ သံတမန်ဟောင်းတစ်ဦးဖြစ်သူ ဆီနန်အာလ်ဂျန်က မှတ်ချက်ပေးခဲ့ပါတယ်။

### စရန်ငွေဆုံးရှုံးနိုင်

အကယ်၍ တူရကီနဲ့ အမေရိကန်တို့က ပက်ထရီယော့ဒုံးခွင်းစနစ်အရောင်းအဝယ်လုပ်ဖို့ကိစ္စကို သဘောတူလိုက်မယ်ဆိုရင်တောင် အမေရိကန်ကွန်ဂရက် လွှတ်တော်အနေနဲ့ တူရကီက ရုရှားလုပ် S-400 ဒုံးခွင်းစနစ်တွေကို မစွန့်လွှတ်ဘဲနဲ့ ဒီလိုဝယ်ယူမှာကို ခွင့်ပြုမှာမဟုတ်ဘူး။

အကယ်၍များ တူရကီက ရုရှားနဲ့ သဘောတူထားတာကို စွန့်လွှတ်လိုက်မယ်ဆိုရင် ရုရှားဒုံးခွင်းစနစ်အတွက် ပေးချေထားတဲ့ စရန်ငွေကို ဆုံးရှုံးရမှာပဲလို့ အက်စကီက ထောက်ပြထားပါတယ်။

ယခုနှစ်ကုန်ပိုင်းလောက်မှာ အမေရိကန် ကွန်ဂရက်လွှတ်တော်က ပက်ထရီယော့ဒုံးခွင်းစနစ်ရောင်းချမယ့် အဆိုပြုချက်ကို အတည်ပြုမလား ကန့်ကွက်မလားဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်တော့မှာ ဖြစ်ပါတယ်။

ရုရှားလုပ် ဒုံးကျည်တွေကို တူရကီက ဝယ်ယူဖို့လုပ်လိုက်တဲ့ အစီအစဉ်နဲ့ ဝိုင်ပီဂျီအဖွဲ့ကို အမေရိကန်က ဆက်လက် ကူညီထောက်ပံ့ပေးနေတာတွေက အမေရိကန်နဲ့ တူရကီရဲ့ဆက်ဆံရေးအခြေအနေကို ဆိုးဆိုးရွားရွား ထိခိုက်စေခဲ့ပါတယ်။

### ဝိုင်ပီဂျီကို ထိုးစစ်ဆင်ဖို့ အလေးပေး

ပက်ထရီယော့ဒုံးခွင်းစနစ် ဝယ်ယူမယ့်ကိစ္စနဲ့ ဆီးရီးယားကနေ အမေရိကန် တပ်ဖွဲ့ဝင်တွေကို ဖယ်ရှားလိုက်တဲ့ ကြေညာချက်မထုတ်ပြန်မီ တစ်ရက်အလိုမှာ တူရကီသမ္မတ အာဒိုဂန်ဟာ ဆီးရီးယားအရှေ့မြောက်ပိုင်းမှာရှိတဲ့ ဝိုင်ပီဂျီတွေကို ထိုးစစ်ဆင်မယ့် စစ်ဆင်ရေးအသစ်တစ်ရပ်ကို အလေးပေးလုပ်ဆောင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်မှာ အမေရိကန်က တူရကီနဲ့ ဆီးရီးယားနယ်စပ်မှာ ချထားတဲ့ ပက်ထရီယော့ဒုံးခွင်းစနစ်ကို ရုပ်သိမ်းဖို့ ဆုံးဖြတ်လိုက်ပြီးတဲ့နောက်မှာ တူရကီဟာ ၎င်းရဲ့ လေကြောင်းကာကွယ်ရေးစနစ်ကို အဆင့်မြှင့်တင်ဖို့လုပ်ဆောင်လာတာ ဆယ်စုနှစ်များစွာရှိခဲ့ပါပြီ။

ဒီလုပ်ဆောင်ချက်က တူရကီရဲ့ လေကြောင်းကာကွယ်ရေးကို အားနည်းစေခဲ့လို့ ဖြစ်ပါတယ်။ ။

**ကိုးကား-ဆင်ဟွာ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု လှဖိုးခေါင်ယာယီလက်ခံရေးစခန်းနှင့် ကညင်ချောင်း အထူးစီးပွားရေးဇုန်တည်ဆောက်ရေးတို့ ကြည့်ရှုစစ်ဆေး

**မောင်တော ဒီဇင်ဘာ ၂၄**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယမန်နေ့တွင် လှဖိုးခေါင်ယာယီ လက်ခံရေးစခန်းနှင့် ကညင်ချောင်းအထူး စီးပွားရေး ဇုန် တည်ဆောက်ရေးစီမံကိန်းတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကိုကြည့်ရှုစစ်ဆေးပြီး ကြိမ်ချောင်းကျေးရွာမှကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်၊ ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်းနှင့် ဦးဝင်းမြင့်တို့သည် ယမန်နေ့နံနက်ပိုင်းတွင် လှဖိုးခေါင် ယာယီလက်ခံရေးစခန်းသို့ သွားရောက်ပြီး လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှု၊ လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ယာယီလက်ခံရေးစခန်းတာဝန်ခံ ဦးစိုးရွှေအောင်က ယာယီလက်ခံရေးစခန်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ထားရှိမှု၊ ရိက္ခာများ သိုလှောင်ထားရှိမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကညင်ချောင်းအထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး အထူးစီးပွားရေးဇုန်အတွင်း ပစ္စည်းသိုလှောင်ရုံနှင့် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှုနှင့် စီမံကိန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးသည်။



ထို့နောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ကညင်ချောင်း အထူးစီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းသိန်းက စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရန်ပုံငွေ အခြေအနေ၊ စီမံကိန်းသတ်မှတ်ကာလ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် မင်းကြီးကျေးရွာသစ်သို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများ နေထိုင်စားသောက်မှု အခြေအနေ၊ စာသင်ကျောင်းဆောက်လုပ်ပြီးစီးမှုနှင့် ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် မြေနေရာတို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ- တင်စိုး၊ သက်လွင်စိုး**

# ပြည်ခရိုင် ပန်းတောင်းမြို့နယ် တက်သစ်ကျွန်းကျေးရွာ ကျေးလက်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**ပန်းတောင်း ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သရက်လိန်ကျေးရွာအုပ်စု တက်သစ်ကျွန်းကျေးရွာ၌ ဒီဇင်ဘာ ၂၂ ရက်က ပြည်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် MEGA Global Green Automation Co.,Ltd တို့ ပူးပေါင်းပြီး NEP စီမံကိန်း Solar Mini-Grid ဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေး ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က NEP စီမံကိန်း Solar Mini-Grid ဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က ဒေသဖွံ့ဖြိုးရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ကျေးလက်မီးလင်းရေးမှတ်တိုင်ကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းသည် ကမ္ဘာ့ဘဏ်မှ အထောက်အပံ့ ရန်ပုံငွေနှင့် နည်းပညာ အကူအညီကို ရယူပြီး နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုမ္ပဏီများသို့ တာဝန်ပေးကာ ကျေးလက်နေပြည်သူများ၏ ပူးပေါင်းပါဝင်သည့်ငွေကြေးဖြင့် သက်ဆိုင်ရာကျေးရွာ၏ မီးလင်းရေး အထူးသဖြင့် လျှပ်စစ်စွမ်းအင်ရရှိရေးကို ဆောင်ရွက်ပေးခြင်းဖြစ်ခြင်းကြောင့် ဝေးလံသော လျှပ်စစ်စွမ်းအား ရောက်ရှိခြင်း မရှိသေးသည့် ကျေးလက်နေ ပြည်သူများအတွက် တိုက်ရိုက်အကျိုးရှိသည့် စီမံကိန်းဖြစ်သည်။



တက်သစ်ကျွန်းကျေးရွာတွင် အိမ်ခြေ ၃၈၇ အိမ် လူဦးရေ ၁၆၈၀ နေထိုင်ပြီး ဆိုလာဓာတ်အား ထုတ်လုပ်နိုင်မှုစွမ်းအားသည် 120 KW ထုတ်လွှင့်ပေးနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသေးစားလျှပ်စစ်ဓာတ်အားစနစ် ကျေးလက်မီးလင်းနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သန်း ၄၂၅ ဒသမ ၇၉၉၊ ကျေးရွာပြည်သူမှ ငွေကျပ် ၁၄၁ ဒသမ ၉၃၃ သန်း၊ ကုမ္ပဏီမှ ငွေကျပ် ၁၄၁ ဒသမ ၉၃၃ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဟိန်းထက်(ပဲခူး)**

# မန္တလေးမြို့၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ ကြီးမှူးကျင်းပသော အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ယမန်နေ့က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆×၂၇ လမ်းကြား ၇၁ လမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးမွန်စိုးနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) စီမံကိန်းတာဝန်ခံ ဒေါ်နီနီလှိုင်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိစေခြင်းသည် နိုင်ငံစီးပွားရေးတွင် အဓိကအရေးကြီးသော အခန်းကဏ္ဍဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ Job Fair များကို တိုင်းဒေသကြီး၊ ပြည်နယ် မြို့ကြီးများတွင် ကျင်းပခဲ့ကြရာ မန္တလေးတိုင်းဒေသကြီးသည် အကြိမ်ရေ ဒုတိယအများဆုံး ကျင်းပခဲ့သည်ကို တွေ့ရှိရကြောင်း၊ အလုပ်ရှာဖွေသူများအတွက်ရော အလုပ်ရှင်များအတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးများစွာ ရှိစေသော ယခုအလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပနိုင်သည့်အတွက် အထူးဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒေါ်နီနီလှိုင်က အလုပ်အကိုင်ပြပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး IOM ၏ တွဲလက်အစီအစဉ်ဖြင့် အလုပ်အကိုင်ဆိုင်ရာ သင်တန်းဆင်းတစ်ဦးဖြစ်သည့် မြင်းခြံမြို့နယ်မှ မခင်ဝိုင်းဝိုင်းမိုးက သင်တန်းအတွေ့အကြုံများ၊ လုပ်ငန်းခွင် အတွေ့အကြုံများကို မျှဝေဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ပြပွဲသည် IOM ၏ တွဲလက်အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သော အလုပ်အကိုင်ဆိုင်ရာ သင်တန်းများမှ သင်တန်းဆင်း ၉၀၀ ကျော်ကို အလုပ်အကိုင်ရရှိရေး သက်ဆိုင်ရာအလုပ်အကိုင်များမှ လုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်စံမောင်**

# လှိုင်ကော်မြို့၌ ပထမအကြိမ် ကင်ဒိုဓားခုတ်သင်တန်းဖွင့်

**လှိုင်ကော် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံကင်ဒိုအဖွဲ့ချုပ်နှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ပထမအကြိမ် ကင်ဒိုဓားခုတ်သင်တန်းဖွင့်ပွဲကို ယမန်နေ့က လှိုင်ကော်မြို့ ဒေါဥခူရပ်ကွက် ပြည်နယ်အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အားကစားနည်း မြောက်မြားစွာထဲမှ ဂျပန်ကင်ဒို အားကစား တစ်ခုသည်လည်း နိုင်ငံအလိုက် ကျင်းပနေခြင်းဖြစ်ပြီး ပြည်နယ်အနေဖြင့် ကင်ဒိုအားကစားနည်းတစ်ခု ထွက်ပေါ်လာအောင် ဖော်ဆောင်ပေးသူများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး နည်းစနစ်ပိုင်းများကို ပိုင်နိုင်ကျွမ်းကျင်အောင် လေ့ကျင့်ပြီး ပြည်နယ်ဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော လူငယ်မောင်မယ်များအဖြစ် လေ့ကျင့်ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံကင်ဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ကင်ဒိုအားကစားနည်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခြင်း၊ ကင်ဒိုဂျပန် နည်းပြဆရာ Mr .Tadayuki Dezaki က ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးနှင့် ကင်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းကျော်တို့ကို အမှတ်တရ လက်ဆောင်ပေးအပ်ခြင်း၊ ကင်ဒိုဓားခုတ် အခြေခံနည်းစနစ် ပြိုင်ပွဲနှင့် ပြိုင်ပွဲဝင်ပုံစံကို သင်တန်းသားများဖြင့် သရုပ်ပြသခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မန္တလေးမြို့သို့ သွားရောက်ယှဉ်ပြိုင်မည့် ကရာတေးဒိုအဖွဲ့ ၃၆ ဦးထံသို့ ထောက်ပံ့ငွေကျပ် ၃၆ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလေး**




ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုအား ကင်ဒိုနည်းပြဆရာ Mr .Tadayuki Dezaki က လက်ဆောင်ပေးအပ်စဉ်။

# မကွေးမြို့တွင်း အချက်အချာနေရာ ၁၂ ခု၌ စီစီတီဗွီကင်မရာ ၄၇ လုံး တပ်ဆင်ထား

**မကွေး ဒီဇင်ဘာ ၂၄**

ဒေသတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အပံ့တစ်ရပ်ဖြစ်စေပြီး ပြစ်မှုကျူးလွန်သူများကို စောင့်ကြည့်အတည်ပြုရာတွင်လည်း အသုံးပြုနိုင်ရန်အတွက် စီစီတီဗွီ လုံခြုံရေးကင်မရာ ၄၇ လုံးကို မကွေးမြို့တွင်းရှိ အချက်အချာနေရာ ၁၂ ခုတွင် တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ယခုနှစ် အောက်တိုဘာလ အတွင်းမှစ၍ မကွေးမြို့ အမှတ်(၂) နယ်မြေရဲစခန်းအနီး ကြာပန်းအဝိုင်း၊ ရောဝတီတံတား အဝိုင်းပတ်၊ လမ်းငါးသွယ်၊ အထက(၃)အနီး နတ်မောက်လမ်းနှင့် မြို့ပတ်လမ်းထောင့် နေရာလေးခုတွင် ကင်မရာ ၁၅ လုံးကို တပ်ဆင်ခဲ့ပြီး ဒီဇင်ဘာလထဲတွင် မီးပွိုင့်များရှိရာ လမ်းဆုံခုနစ်ခုနှင့် အစိုးရအိမ်ရာဝင်းဝင်ထွက်ပေါက်များတွင် ကင်မရာ ၃၂ လုံးတို့ကို တပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။




မကွေးမြို့တွင်း မီးပွိုင့်တစ်ခုတွင် တပ်ဆင်ထားသည့် စီစီတီဗွီကင်မရာ

အဆိုပါ စီစီတီဗွီနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ပံ့ငွေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိ စီစီတီဗွီများ တပ်ဆင်ထားသည့်နေရာ ၁၂ ခုအပြင် တောင်တွင်းလမ်းနှင့် မြင်ကင်းလမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် ဆေးရုံလမ်းဆုံ၊ အောင်မေတ္တာအဝိုင်းလမ်းဆုံ၊ နတ်မောက်လမ်းနှင့် သစ္စာလမ်းဆုံ၊ အထက(၁)လမ်းနှင့် မြို့ပတ်လမ်းဆုံ၊ ပြည်တော်သာလမ်းနှင့် မြို့ပတ်လမ်းဆုံ၊ မဲထီးလမ်းနှင့် မြို့ပတ်လမ်းဆုံ စသည့်နေရာ ခုနစ်ခုတွင်လည်း စီစီတီဗွီများ ဆက်လက်တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**
**ဓာတ်ပုံ-မြတ်ကို အီလက်ထရွန်နစ်**

# ကလေးမြို့နယ် ရှိမန်ကက်သလစ်သာသနာပိုင်၏ ခရစ္စမတ်အကြို မိတ်ဆုံစားပွဲကျင်းပ

**ကလေး ဒီဇင်ဘာ ၂၄**

ခရစ္စမတ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ ရှိမန်ကက်သလစ်သာသနာနယ်မှ ကြီးမှူးကျင်းပသော ခရစ္စမတ်အကြို မိတ်ဆုံစားပွဲကို ကလေးမြို့ရှိ ကက်သလစ်သာသနာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းက စည်ကားစွာ ကျင်းပခဲ့သည်။

မိတ်ဆုံစားပွဲတွင် သိက္ခာတော်ရဖာသာ ဂျွန်ပေါင်းရှန်းထန်က အဖွင့်ဆုတောင်း မေတ္တာပို့သပေးပြီး ကလေးသာသနာနယ်ပိုင် ဂိုဏ်းအုပ်ဆရာတော် ဖဲလစ်လျန်ခင်းထန်က ခရစ္စမတ်သတင်းကောင်း ဒေသနာတော် မျှဝေကာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ရဲကျော်ကျော်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်တို့က ခရစ္စမတ်အကြို နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နယ်မြေခံတပ်မှ တာဝန်ရှိသူများက ကလေးသာသနာနယ်ပိုင် ဂိုဏ်းအုပ်ဆရာတော်ကြီးထံသို့ ခရစ္စမတ်အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ပြီး KCC ဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာလားလ်မွမ်နီးအာက ကျေးဇူးတော်ချီးမွမ်းဆုတောင်းခဲ့သည်။ အဆိုပါ ခရစ္စမတ်အကြို မိတ်ဆုံစားပွဲသို့ ကလေးတပ်နယ်မှ ဒေသကွပ်ကဲရေးမှူး၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**ချင်းတွင်းသား**

# ART ဆေး ဆက်လက်ကုသခံယူမှုဆွေးနွေး

**ကာမိုင်း ဒီဇင်ဘာ ၂၄**

မြစ်ကြီးနားမြို့ အမျိုးသားခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ ART DC Site ဆက်လက်ကုသမှုခံယူသော ဌာနအဖြစ်ဆောင်ရွက်တော့မည့် ညှိနှိုင်းဆွေးနွေးပွဲကို ဖားကန့်မြို့နယ် ကာမိုင်းမြို့တိုက်နယ်ဆေးရုံတွင် ယမန်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြစ်ကြီးနားမြို့ အမျိုးသားခုခံကျ၊ ကာလသားရောဂါတိုက်ဖျက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမို့မို့ထွန်းက ယင်းအစည်းအဝေးပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူများ အိတ်ချ်အိုင်ဗွီပိုး၊ အသည်းရောင် ဘီပိုး၊ စီပိုး ကူးစက်မှုလျော့ကျစေရန်နှင့် မူးယစ်ဆေးဝါးသုံးစွဲနေသူများအတွက် အစားထိုးမက်သဒုံးဆေးများ အခမဲ့ တိုက်ကျွေးကုသနိုင်ရန်အတွက် ကာမိုင်းတိုက်နယ်ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာ ကျော်မျိုးသူနှင့် ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးချက်များအရ ကာမိုင်းတိုက်နယ်ဆေးရုံတွင် ART DC Site ကို ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ကာမိုင်းမြို့ရှိ ART ဆေးသောက်နေရသော လူနာများအတွက် မြစ်ကြီးနားသို့သွားရောက်၍ ဆေးထုတ်ယူရသည့် အခက်အခဲမှ ကင်းဝေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ပြည်သူများအား ရှင်းလင်းဆွေးနွေး

**နမ့်ဆန် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ တပ်မတော်မှထုတ်ပြန်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဒေသဦးစီးအဖွဲ့က ပြည်သူများအား ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ဒေသဦးစီးရုံးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက တပ်မတော်မှ ထုတ်ပြန်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူတို့ လိုလားတောင့်တသည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကရင်ပြည်နယ် ဘားအံမြို့တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ အမှိုက်ကင်းစင်ရေးအတွက် သန့်ရှင်းရေးလှုပ်ရှားမှုများတွင် အများပြည်သူများ ပါဝင်နိုင်စေရေးအတွက် ရည်ရွယ်ပြီး သန့်ရှင်းခေတ်မီရှေ့သို့ချီ အစီအစဉ်ဖြင့် ဒေသခံပြည်သူများ၊ MPT ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းများမှ သင်တန်းသားများနှင့် ကျောင်းသား ကျောင်းသူများ ဒီဇင်ဘာ ၂၂ ရက်က ကန်သာယာကန်၌ ဒုတိယအကြိမ် စုပေါင်းသန့်ရှင်း အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ကြစဉ်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၄-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၃၀ | ကျပ် | ၉၂၀/၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ | ကျပ် | ၉၃၅/၉၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၆၀ | ကျပ် | ၇၈၀/၈၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၀၀/၈၃၅ | ကျပ် | ၈၆၀/၈၉၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၅ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၂ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၆ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၃ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၆ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၃၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၂၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၀၅၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

မျက်မှောက်ခေတ်သည် ကမ္ဘာ့သမိုင်းတွင် တတိယအကြိမ်မြောက် ပါဝါအရွေ့အပြောင်းကာလဖြစ်ပြီး စူပါပါဝါအမေရိကန်နှင့် အနောက်နိုင်ငံများမှလွဲ၍ ကျန်နိုင်ငံများစန်းထသောကာလဟူ၍ အမေရိကန်ဂျာနယ်လစ် ဖာရိဒ်ဇက္ကရီးယားက ဆိုခဲ့ဖူးသည်။ အိန္ဒိယသမုဒ္ဒရာကို မျက်နှာမူသော အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကို မျက်နှာမူသော တရုတ်နိုင်ငံတို့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ တက်လှမ်းခဲ့ပြီးနောက်တွင် "သမုဒ္ဒရာနှစ်စင်း သီအိုရီ" ပေါ်ထွက်လာသည်။ အဆိုပါ သီအိုရီသည် စူပါပါဝါနိုင်ငံကြီးနှင့်တကွ ပါဝါနိုင်ငံသစ်များ၊ အင်ဒို-ပစိဖိတ်ရပ်ဝန်းမှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအတွက်သာမက မိမိတို့မြန်မာနိုင်ငံအတွက်ပါ အရေးပါသလို စိတ်ဝင်စားဖွယ်ကောင်းပြီး လေ့လာနားလည်ရန်လိုအပ်သည့်အတွက် စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦး လေ့လာပြုစုရေးသားထားသည့် " သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို- ပစိဖိတ်မဟာဗျူဟာ" ဆောင်းပါးကို အပတ်စဉ် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြအပ်ပါကြောင်း။

(စာတည်းအဖွဲ့)



# သမုဒ္ဒရာနှစ်စင်း သီအိုရီ (သို့မဟုတ်) အင်ဒို-ပစိဖိတ်မဟာဗျူဟာ

တက္ကသိုလ် ဟန်စိုးဦး

*ယခင်အပတ်မှအဆက်*

## (၄) ဂျပန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာ

ဂျပန်နိုင်ငံဟာ အင်ဒို-ပစိဖိတ်မဟာဗျူဟာ အယူအဆကို စတင်ဖော်ထုတ်ခဲ့တဲ့နိုင်ငံဖြစ်တယ်လို့ ရှေ့ပိုင်းမှာပြောခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၀၆ ခုနှစ်မှာ ရှင်ဇို အာဘေး ပထမအကြိမ် ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်တဲ့အချိန်အတွင်း ဒီမိုကရေစီနိုင်ငံကြီးတွေဖြစ်ကြတဲ့ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ဖို့ ရည်ရွယ်ချက်နဲ့ လွတ်လပ်မှုနှင့် ကြွယ်ဝချမ်းသာမှုစက်ဝန်း (Arc of Freedom and Prosperity) မဟာဗျူဟာကို နိုင်ငံခြားရေးမူဝါဒအဖြစ် စတင်ဖော်ထုတ်ခဲ့ပါတယ်။ ဝန်ကြီးချုပ် အာဘေးရဲ့ ၂၀၀၇ ခုနှစ် ဩဂုတ်လ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း အိန္ဒိယလွှတ်တော်မှာ ပြောကြားတဲ့ မိန့်ခွန်းခေါင်းစဉ်ကိုလည်း သမုဒ္ဒရာ နှစ်စင်း ထိတွေ့ပေါင်းစည်းခြင်း (Confluence of the Two Seas) လို့အမည်ပေးခဲ့သလို မိန့်ခွန်းထဲမှာလည်း ပိုမိုကျယ်ပြန့်တဲ့ အာရှဒေသရဲ့လွတ်လပ်မှုနဲ့ ကြွယ်ဝချမ်းသာမှုအတွက် ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာ နှစ်စင်းကို ပေါင်းစပ်ဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ တစ်နည်းအားဖြင့် အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ နှစ်စင်းပေါင်းစည်းနိုင်ခြင်းဟာ လွတ်လပ်မှုနဲ့ ကြွယ်ဝချမ်းသာမှုအတွက် တက်ကြွတဲ့ဒေသကြီးများကို တွဲဖက်နိုင်ခြင်းပဲလို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေး လေးစားလိုက်နာမှု စတဲ့ အခြေခံစံနှုန်းစံထား တန်ဖိုးထားမှုတွေကို မျှဝေခြင်းဖြင့် ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတို့လို ဒီမိုကရေစီနိုင်ငံတွေအကြား ပေါင်းစည်းမှုကို ရရှိလာစေမှာဖြစ်တယ်လို့ သူ့ရဲ့အယူအဆမှာ ဖော်ပြထားပါတယ်။ အဲဒီအချိန်တုန်းက ဝန်ကြီးချုပ် ရှင်ဇိုအာဘေးရဲ့ အယူအဆနဲ့ လေးနိုင်ငံဆွေးနွေးပွဲတွေ စတင်ဆောင်ရွက်ခဲ့ပေမယ့် ကျန်နိုင်ငံတွေရဲ့အားတက်သရော ထောက်ခံအားပေးမှုကို မရရှိခဲ့တဲ့အပြင် သူ့ရဲ့ဝန်ကြီးချုပ်သက်တမ်းဟာလည်း တစ်နှစ်သာကြာမြင့်ခဲ့တဲ့အတွက် အောင်မြင်မှု မရရှိခဲ့တာကို တွေ့မြင်နိုင်ပါတယ်။

၂၀၁၂ ခုနှစ် စက်တင်ဘာလမှာ ဝန်ကြီးချုပ်အဖြစ် ဒုတိယအကြိမ် ထမ်းဆောင်ပြီး သိပ်မကြာခင်မှာပဲ ရှင်ဇိုအာဘေးဟာ ဒီဇင်ဘာလအတွင်း အာရှဒီမိုကရေစီနိုင်ငံများရဲ့ လုံခြုံရေးထိပ်တန်းအဖွဲ့ (Asia's Democratic Security Diamond) ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတစ်စောင် ရေးသားခဲ့ပါတယ်။ အဲဒီဆောင်းပါးမှာ ရှင်ဇိုအာဘေးက ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာကြီး နှစ်စင်းရဲ့လုံခြုံရေးကို အာမခံနိုင်ဖို့အတွက် ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနဲ့ အိန္ဒိယနိုင်ငံတို့ပါဝင်တဲ့ လုံခြုံရေးမဟာမိတ်တစ်ရပ် ဖွဲ့စည်းဖို့ အဆိုပြုခဲ့ပါတယ်။ ဆောင်းပါးမှာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လွတ်လပ်မှု၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ဈေးကွက် စီးပွားရေးစနစ်စတဲ့ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးထားမှုတွေကို မျှဝေခံစားကြတဲ့ ဒီမိုကရေစီနိုင်ငံအားလုံးဟာ



**အင်ဒို-ပစိဖိတ်မူဝါဒကို ၂၀၀၆ ခုနှစ် ဂျပန်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် စတင်အဆိုပြုခဲ့သည့် ရှင်ဇို အာဘေး။**

ပူးပေါင်းဆောင်ရွက်သွားသင့်ကြောင်း ဖော်ပြထားပါတယ်။ မြောက်ကိုရီးယားနိုင်ငံရဲ့ အဏုမြူလက်နက်နဲ့ ခြိမ်းခြောက်မှု မြင့်တက်နေချိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးအင်အားကြီးမားလာမှုနဲ့အတူ ကာကွယ်ရေးပိုင်းမှာလည်း အင်အားတိုးချဲ့တည်ဆောက်လာချိန်မှာ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ နှစ်စင်းအကြား ပေါင်းစည်း ဆက်နွယ်မှုတိုးမြင့်လာစေရေးကို ပြန်လည်ဖော်ထုတ် အဆိုပြုလာခဲ့တာ ဖြစ်ပါတယ်။

အခုဆိုရင် ဂျပန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒမှာ လွတ်လပ်၍ ပွင့်လင်းသော အင်ဒို-ပစိဖိတ် မဟာဗျူဟာ (Free and Open Indo-Pacific Strategy) ဟာ အရေးပါတဲ့ နေရာကနေ ပါဝင်နေပါတယ်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့အင်တာနက်ဝက်ဘ်ဆိုက်မှာလည်း ဒီမူဝါဒနဲ့ ပတ်သက်ပြီး ရှင်းလင်းဖော်ပြထားပါတယ်။

ဂျပန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအယူအဆမှာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ အာရှဒေသနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းတွေ အများအပြားရှိတဲ့ အာဖရိက ဒေသကြီး နှစ်ခုအကြား ပေါင်းစည်းပေးနိုင်ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဟာ ကမ္ဘာ့အသိုက်အဝန်းရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ ကြွယ်ဝချမ်းသာမှုအတွက် အဓိကအရေးပါတဲ့အချက်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒီလို ပေါင်းစည်းပေးနိုင်ဖို့ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာ နှစ်စင်းဟာ အရေးကြီးတဲ့ဒေသများအဖြစ် သတ်မှတ်ထားပါတယ်။


### အာဖရိကဒေသ

အာဖရိကဒေသဟာ လူဦးရေစုစုပေါင်း ၁ ဒသမ ၃ ဘီလီယံရှိပြီး ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းရှိပါတယ်။ သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်မှာတော့ လူဦးရေ ၂ ဒသမ ၅ ဘီလီယံအထိ ရှိလာနိုင် မယ်လို့ ခန့်မှန်းထားပါတယ်။ အာဖရိကကုန်းမြေဟာ အကျယ် အဝန်းအားဖြင့် စတုရန်းကီလိုမီတာ သန်းပေါင်း ၃၀ ရှိပြီး ဒီပမာဏဟာ ကမ္ဘာ့ကုန်းမြေရေိယာရဲ့ ၂၂ ရာခိုင်နှုန်း ရှိပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းထားလည်း မြင့်မားပြီး ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်း ပျမ်းမျှ ၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါတယ်။ ဆင်းရဲနွမ်းပါးမှုနဲ့ အကြမ်းဖက်မှု စတဲ့ စိန်ခေါ်မှုတွေရှိနေသော်လည်း အာဖရိကဒေသဟာ သဘာဝသယံဇာတအရင်းအမြစ်တွေ ပေါ်များကြွယ်ဝပြီး အလားအလာကောင်းတွေရှိတဲ့ ဈေးကွက်ကြီးတစ်ခုဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အာဖရိက ဒေသမှာရှိတဲ့ နိုင်ငံတွေရဲ့ နိုင်ငံတည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုကဏ္ဍနဲ့ နိုင်ငံရေးနဲ့အုပ်ချုပ်မှုကဏ္ဍတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးအကူအညီတွေ ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ဒီလို ပေးအပ်ရာမှာလည်း အာဖရိကနိုင်ငံတွေရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားပြီး ပြည်တွင်းရေးလုပ်ငန်းစဉ်တွေမှာ ဖိအားပေးခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းကနေ ရှောင်ရှားသွားမှာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

ဂျပန်နိုင်ငံနဲ့ အာဖရိကနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုတွေကလည်း အများအပြားရှိပါတယ်။ အာဖရိကနိုင်ငံခေါင်းဆောင်များနဲ့ ဖွံ့ဖြိုးရေးမိတ်ဖက်နိုင်ငံများအကြား အဆင့်မြင့် မူဝါဒရေးရာဆွေးနွေးမှုတွေ ပြုလုပ်နိုင်ဖို့ အာဖရိကဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တိုကျိုကွန်ဖရင့် (Tokyo International Conference on Africa Development-TICAD) ကိုလည်း ဂျပန်နိုင်ငံနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP) တို့ကကြီးမှူးပြီး ၁၉၉၃ ခုနှစ်က စတင်ကာ ကျင်းပပြုလုပ်လျက်ရှိပါတယ်။ TICAD ရဲ့ အဓိကရည်မှန်းချက်တွေကတော့ အာဖရိကဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနဲ့ လုံခြုံမှုရှိရေး၊ အုပ်ချုပ်မှုစနစ်၊ လူ့အခွင့်အရေးအပါအဝင် ဂျပန်နိုင်ငံနဲ့ ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ ဖြစ်ပါတယ်။ TICAD ရဲ့ (၆)ကြိမ်မြောက်အစည်းအဝေးကိုတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ကင်ညာနိုင်ငံ၊ နိုင်ရိုဘီမြို့မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ နိုင်ရိုဘီအစည်းအဝေးမှာ ဂျပန်နိုင်ငံအနေနဲ့ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း ဒေါ်လာ ၃၀ ဘီလီယံ သုံးစွဲကာ ပုဂ္ဂလိကနဲ့ အစိုးရကဏ္ဍပူးပေါင်းပြီး အာဖရိကဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း Nairobi Implementation Action Plan တစ်ရပ် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီ Action Plan အရ ဂျပန်နိုင်ငံအနေနဲ့ အာဖရိကဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အနောက်အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးစက်ဝန်း (West Africa Growth Ring)၊ အရှေ့အာဖရိက မြောက်ပိုင်း စီးပွားရေးစင်္ကြံ (East African Northern Corridor) နဲ့ နာကာလာ စီးပွားရေးစင်္ကြံ (Nacal Corridor) သုံးခုအပေါ် ဦးစားပေးအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

### အာရှဒေသ

အာရှဒေသမှာလည်း အခုဆိုရင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တောင်အာရှနိုင်ငံတွေမှာ ဒီမိုကရေစီစနစ်၊ တရားဥပဒေစိုးမိုးမှုနဲ့ ဈေးကွက်စီးပွားရေးစနစ်၊ တာဝန်ယူမှုနဲ့ခေါင်းဆောင်မှု စတဲ့ အခြေခံကောင်းတွေ အမြစ်တွယ်လာပြီဖြစ်ပါတယ်။ အာရှဒေသမှာ ရရှိလာနေတဲ့ အောင်မြင်မှုတွေဟာ အခုဆိုရင် အာဖရိကဒေသဘက်ဆီကို ကူးစက်လာနေပြီး အာဖရိကဒေသရဲ့ အလားအလာတွေကို လွတ်လပ်ပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာမှတစ်ဆင့် ကမ္ဘာ့ဇာတ်ခုံမှာ အရေးပါတဲ့ နေရာရရှိလာစေရေး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံအနေနဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ အာဆီယံဒေသတွင်းမှာ ပေါင်းစည်းဆက်နွယ်မှု မြင့်မားလာစေရေးအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အာဆီယံအသင်းကြီးရဲ့ အောင်မြင်မှုနည်းတူ အရှေ့အလယ်ပိုင်းဒေသနဲ့ အာဖရိကဒေသတွေမှာလည်း အလားတူ အောင်မြင်မှုတွေ ဖန်တီးဖော်ဆောင်ပေးနိုင်ဖို့ ပါဝင်ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။




**ဂျပန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်မူဝါဒတွင် အကျုံးဝင်သည့်ဒေသများပြမြေပုံ။**

လက်ရှိအချိန်မှာ အင်ဒို-ပစိဖိတ်ဒေသဟာ ရှိပြီးသား လက်ရှိအနေအထားကနေ ပြောင်းလဲမှုတွေ ဖြစ်လာစေဖို့ ကြိုးပမ်းအားထုတ်မှုတွေနဲ့ ပင်လယ်ဓားပြတိုက်မှု၊ အကြမ်းဖက်မှု၊ လူအစုလိုက်အပြုံလိုက် သေစေနိုင်တဲ့ လက်နက်များ ပြန့်ပွားမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု စတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ ဖော်ပြထားပါတယ်။ ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင်နေရတဲ့ အချိန်မှာ လွတ်လပ်ပြီးပွင့်လင်းတဲ့ အင်ဒို-ပစိဖိတ် မဟာဗျူဟာ ဟာ ဒေသတွင်း တရားဥပဒေစိုးမိုးရေး၊ ရေကြောင်းသွားလာမှုနဲ့ လေယာဉ်ဖြတ်ကျော်ပျံသန်းမှုများလွတ်လပ်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရေး၊ လွတ်လပ်စွာ ကုန်သွယ်မှုတိုးမြှင့်ရေးများ အပါအဝင် ဥပဒေစည်းမျဉ်း စည်းကမ်းများနဲ့ညီညွတ်တဲ့ နိုင်ငံတကာအနေအထား တည်ဆောက်ခြင်းမှတစ်ဆင့် အင်ဒို-ပစိဖိတ်ဒေသကို လွတ်လပ်ပြီး ပွင့်လင်းတဲ့ဒေသအဖြစ် ဖန်တီးရေးပဲဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ အင်ဒို-ပစိဖိတ်ဒေသကို နိုင်ငံတကာကပိုင်ဆိုင်တဲ့ အနေအထားမှာ ရှိစေဖို့ လွတ်လပ်ပွင့်လင်းတဲ့ရေကြောင်းသွားလာခွင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပြီး ဒီလိုဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်တဲ့ နိုင်ငံအားလုံးအတွက် တည်ငြိမ်အေးချမ်းမှုနဲ့ ကြွယ်ဝချမ်းသာမှုကို ဖော်ဆောင်ပေးနိုင်မှာဖြစ်သလို ဒေသကြီး တစ်ခုလုံးအတွက် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုစေမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံရဲ့ အယူအဆနဲ့ပတ်သက်ပြီး သဘောထားချင်းတိုက်ဆိုင်တဲ့ နိုင်ငံများအားလုံးနဲ့ ဂျပန်နိုင်ငံဟာ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

**"အာဖရိကဒေသဟာ လူဦးရေစုစုပေါင်း ၁ ဒသမ ၃ ဘီလီယံရှိပြီး ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၁၇ ရာခိုင်နှုန်းရှိပါတယ်။ သက္ကရာဇ် ၂၀၅၀ ပြည့်နှစ်မှာတော့ လူဦးရေ ၂ ဒသမ ၅ ဘီလီယံအထိ ရှိလာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ အာဖရိကကုန်းမြေဟာ အကျယ်အဝန်းအားဖြင့် စတုရန်းကီလိုမီတာ သန်းပေါင်း ၃၀ ရှိပြီး ဒီပမာဏဟာ ကမ္ဘာ့ကုန်းမြေရေိယာရဲ့ ၂၂ ရာခိုင်နှုန်း ရှိပါတယ်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းထားလည်းမြင့်မားပြီး ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်း ပျမ်းမျှ ၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့"**

# ညောင်လေးပင်မြို့လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ညောင်လေးပင် ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၅)ရပ်ကွက်ဆွမ်းလောင်းအသင်းများက ကြီးမှူးကျင်းပသော ညောင်လေးပင်မြို့လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၂၂ ရက်က အဌမအကြိမ်မြောက်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူရာတွင် ဥတ္တရာ ရာမမြောက်ကျောင်းတိုက်ရှေ့စုရပ်မှ ရွှေဟသာ်လမ်း၊ ရန်ကုန်-မန္တလေးလမ်း ဗဟိုမဏ္ဍပ်ရှေ့မှ သုခမိန်လမ်း၊ စံပြ(၁)လမ်း၊ ရွာမအနောက်ပိုင်းဘက်မှ ဘောဂလမ်းအတိုင်း ကျောင်းပေါင်း ၁၀၃ ကျောင်းမှ သံဃာနှင့် သီလရှင်စုစုပေါင်း ၇၆၄ ပါးတို့ကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူရာသို့ ညောင်လေးပင်မြို့ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဌေးဝင်းနှင့် မြို့မိမြို့ဖများ၊ မြို့နယ်အတွင်းရှိ အလှူရှင်များက မြို့မ (၅) ရပ်ကွက်သူရပ်ကွက်သားများနှင့်အတူ လောင်းလှူခဲ့ကြပြီး စာရေးတံမဲအဖြစ် ကျောင်းပေါင်း ၁၀၃ ကျောင်းကို ကျောင်းအလိုက် ဗလာမပါ စာရေးတံမဲနှင့် သံဃာတစ်ပါးချင်းအလိုက် စာရေးတံမဲများကို မဲဖောက်လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

**ခင်အောင်လှိုင် (ညောင်လေးပင်)**

# ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးသစ်ဖွင့်

**မြစ်ကြီးနား ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ်အတွင်း အစားအသောက်နှင့် ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းမှု၊ အာနိသင်ထက်မြက်မှုနှင့် အရည်အသွေးကောင်းမွန်မှုတို့အတွက် စနစ်တကျ ဓာတ်ခွဲ၍ စစ်ဆေးကြီးကြပ်ကွပ်ကဲပေးနိုင်ရေးအတွက် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်ရှိ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးသစ်ကို ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ရုံးသစ်အဆောက်အအုံကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်နှင့် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်ထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးသစ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ရုံးသစ်အတွင်း ရုံးအဖွဲ့အစည်း၊ ဓာတ်ခွဲခန်းများနှင့် ဝန်ထမ်းအိမ်ရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဦးစီးဌာနအနေဖြင့် ပြည်သူလူထုအား အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် ဆေးပစ္စည်းများရရှိ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ခြင်းကို မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ရယူဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများတွင် မစားသုံးသင့်သည့် မုန့်များရောင်းချခြင်းကို FDA အနေဖြင့် ပိုပြီးထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။



ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနကို ၂၀၁၃ ခုနှစ်မှ စတင်၍ ယာယီရုံးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ရာမှ ယနေ့တွင် ဓာတ်ခွဲခန်းများအပါအဝင်၊ ရုံးအဖွဲ့နှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် FDA အနေဖြင့် ကချင်ပြည်နယ်အတွင်း အစားအသောက်များကို ဈေးကွက်မတင်မီ စစ်ဆေးခြင်း၊ ဈေးကွက်တင်ပြီး စစ်ဆေးခြင်း၊ ပညာပေးခြင်းနှင့် ဆေးဝါးပစ္စည်းများကို နမူနာကောက်ယူစစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် သက်တမ်းလွန်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၆၆)ကြိမ်မြောက် အဘိဓမ္မာစာမေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေး အောင်မြေသာစံမြို့နယ်တွင် (၆၆)ကြိမ်မြောက် အဘိဓမ္မာ စာမေးပွဲကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မန္တလေး အောင်မြေသာစံမြို့နယ် ၈၁လမ်းနှင့် ၂၃ လမ်းရှိ အမှတ်(၂၁) အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အောင်မြေသာစံမြို့နယ် အ.မ.က(၂၁) စာဖြေဌာနတွင် စာရင်းရှိ ၁၅၄ ယောက် ရှိသည့်အနက် ၉၉ ယောက် ဝင်ရောက်ဖြေဆိုသည်ဟု သိရသည်။ စာမေးပွဲကြီးကြပ်ရေးမှူးများအဖြစ် အ.မ.က(၂၁) ကျောင်းအုပ်ကြီး ဦးမောင်ထွန်းနှင့် လ/ထ ဆရာ ဆရာမများက ဆောင်ရွက်သည်။ အဘိဓမ္မာစာမေးပွဲ ဖြစ်မြောက်ရေး ဦးဆောင်နာယကများဖြစ်သော အောင်မြေသာစံမြို့နယ် သံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ် သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် ဆုထူးပန် အဘိဓမ္မာ ပြန့်ပွားရေးအသင်း မန္တလေးမှ နာယကကြီးများ ဖြစ်ကြသော ဗိုလ်ချုပ် ရန်သိန်း(မန္တလေးမြို့တော်ဝန်ငြိမ်း)၊ ပါမောက္ခ ဒေါက်တာ ဒေါ်စန်းရီ (မန္တလေး ဆေးတက္ကသိုလ်)၊ ဆရာကြီး ဦးလှဘော်၊ ပါမောက္ခ ဒေါက်တာ ဦးလွင်ကို (တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်ငြိမ်း) ဆုထူးပန် အဘိဓမ္မာ ပြန့်ပွားရေးအသင်း (မန္တလေး)၏ ဥက္ကဋ္ဌ ဆရာကြီး ဦးစိုးဝင်းတို့က ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မြစ်သားမြို့၌ ၁၉၉၉ ခုနှစ်ဝန်းကျင်က ပိတ်ထားသည့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းနှင့် ပတ်သက်၍ အကြံညှိနှိုင်းဆွေးနွေး

**မြစ်သား ဒီဇင်ဘာ ၂၄**

မြစ်သားမြို့နယ်တွင် ၁၉၉၉ ခုနှစ်လောက်က ပိတ်ထားသည့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းအား အသက်မွေးဝမ်းကျောင်း ကျောင်းအဖြစ် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အကြံညှိနှိုင်းဆွေးနွေးပွဲကို မင်းကုန်းရပ်ကွက် အေးကမ္ဘာခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြစ်သားမြို့ ယခင် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ကျောင်းသားဟောင်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံလူငယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က အမှာစကားပြောကြားကာ မြစ်သားမြို့၏ ယခင် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း နည်းပြဆရာကြီးများဖြစ်ကြသော ဦးအောင်မြတ်နှင့် ဦးစိန်ဝင်းတို့က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ မြို့မိမြို့ဖ နှစ်ဦးနှင့် ကျောင်းသားဟောင်းတစ်ဦးတို့က ခေတ်မီသော စိုက်ပျိုးမွေးမြူရေးကျောင်းအဖြစ် ပြန်ဖွင့်နိုင်ရန် ၎င်းတို့၏အမြင်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၈ မှ*

ဂျပန်နိုင်ငံရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာမှာ အဓိကမဏ္ဍိုင်ကြီး ၃-ရပ်ရှိပါတယ်။ အဲဒါတွေကတော့ -

(၁) တရားဥပဒေစိုးမိုးရေး၊ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ရှိရေးနဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးမဏ္ဍိုင်၊
(၂) ပေါင်းစည်းဆက်နွှယ်မှုမြင့်မားပြီး လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်တွေနဲ့ ရင်းနှီးမြှုပ်နှံမှု အာမခံချက်ပေးရေးစာချုပ်တွေကတစ်ဆင့် စီးပွားရေးအရ ကြွယ်ဝချမ်းသာလာစေရေး၊
(၃) ရေကြောင်းသွားလာမှုမှာ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုအတွက် ကတိကဝတ်ပြုလာစေရေးတို့ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေး၊ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ရှိရေးနဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးမဏ္ဍိုင်အောက်မှာ ဂျပန်နိုင်ငံနဲ့ နိုင်ငံတကာတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအချက်က အာရှနှင့်အာဖရိကကျွန်းဆွယ်ကြီးနှစ်ခုနဲ့ အိန္ဒိယနဲ့ ပစိဖိတ်သမုဒ္ဒရာကြီးနှစ်ခုရဲ့ အရေးပါမှုကို ပေါင်းစည်းပေးဖို့ဖြစ်ပါတယ်။ အဲဒီလိုပေါင်းစည်းပေးနိုင်ဖို့ အာရှနှင့်အာဖရိကအကြား ပေါင်းစည်းဆက်နွှယ်မှု (Connectivity) တိုးမြှင့်လာစေရေး၊ ထို့ပြင် အရှေ့အာဖရိကဒေသအပါအဝင် အမေရိကန်၊ ဩစတြေးလျနိုင်ငံများနှင့် သမိုင်းကြောင်းအရ ဆက်ဆံမှုရှိသော အိန္ဒိယနိုင်ငံနဲ့ မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အရှေ့တောင်အာရှဒေသနဲ့ တောင်အာရှ ဒေသရှိ နိုင်ငံတွေမှာ အခြေကျနေတဲ့ ဒီမိုကရေစီ၊ တရားဥပဒေစိုးမိုးရေးနှင့် ဈေးကွက်စီးပွားရေးစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေဖို့နဲ့ အပြန်အလှန်ယုံကြည်မှု တိုးမြှင့်သွားရန်၊ ထို့ပြင် ဒေသတွင်း အရှေ့နိုင်ငံများတွင် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံအနေနဲ့ အာဖရိကနိုင်ငံများမှာ ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်မှုကောင်းစနစ် ဖြစ်ထွန်းရေး၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေမှာ ပါဝင်ကူညီသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာရေးနဲ့ စက်မှုကဏ္ဍတိုးတက်ရေး၊ ကျန်းမာရေးစနစ် ကောင်းမွန်လာစေရေး၊ လူမှုရေးအရ တည်ငြိမ်မှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားမှာဖြစ်သလို ဆိုမာလီယာကမ်းလွန်ဒေသမှာ ဖြစ်ပွားလျက်ရှိတဲ့ ပင်လယ်ဓားပြမှု တိုက်ဖျက်ရေးနဲ့ ရေကြောင်းလုံခြုံရေးကဏ္ဍတွေမှာ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။




**ဂျပန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ်။**

တရားဥပဒေစိုးမိုးမှုရှိရေး၊ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ရှိရေး၊ လွတ်လပ်စွာ ကုန်သွယ်မှု မြှင့်တင်ရေးမဏ္ဍိုင်အောက်မှာ ဂျပန်နိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဩစတြေးလျ၊ အာဆီယံအဖွဲ့ကြီး၊ ဥရောပနိုင်ငံများနဲ့ အရှေ့အလယ်ပိုင်းဒေသကနိုင်ငံများနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာမျက်နှာစာမှာ မဟာဗျူဟာမြောက် ထိတွေ့ဆောင်ရွက်မှုတွေကိုလည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။

စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်အောက်မှာ သက်ဆိုင်ရာနိုင်ငံများအကြား ဆိပ်ကမ်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ စွမ်းအင်နဲ့ သတင်းအချက်အလက်နည်းပညာကဏ္ဍစတဲ့ ရုပ်ပိုင်းဆိုင်ရာပေါင်းစည်းဆက်နွှယ်မှု (Physical Connectivity) တိုးတက်လာစေဖို့၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ပြည်သူအချင်းချင်းအကြား ပေါင်းစည်းဆက်နွှယ်မှု (People-to-people Connectivity) မြှင့်တင်နိုင်ဖို့၊ အကောက်ခွန်လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးညှိနှိုင်း ဆောင်ရွက်မှုမှတစ်ဆင့် အဖွဲ့အစည်းအချင်းချင်းအကြား ပေါင်းစည်းဆက်နွှယ်မှု မြင့်မားလာစေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အာဆီယံဒေသတွင်းမှာ ပေါင်းစည်းဆက်နွှယ်မှု မြင့်မားလာစေဖို့ အရှေ့-အနောက်စီးပွားရေးစင်္ကြံ (East-West Economic Corridor) နဲ့ တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economic Corridor) များ အဆင့်မြှင့်တင်နိုင်ဖို့၊ အနောက်တောင် အာရှဒေသတွင်းမှာ အိန္ဒိယနိုင်ငံရဲ့ အရှေ့မြောက်ဒေသ ပေါင်းစည်းဆက်နွှယ်မှုတိုးတက်ရေးစီမံချက်နဲ့ ဘင်္ဂလားပင်လယ်အော် စက်မှုဖွံ့ဖြိုးရေးဇုန်များ အကောင်အထည်ဖော်သွားဖို့၊ အရှေ့တောင်အာရှဒေသနဲ့ အရှေ့တောင်အာဖရိကဒေသ နှစ်ခုအကြား ပေါင်းစည်းဆက်နွှယ်မှုအတွက် ကြိုးပမ်းဆောင်ရွက်သွားဖို့ ရှိပါတယ်။ သက်ဆိုင်တဲ့ဒေသတွေအကြား လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်တွေကတစ်ဆင့် စီးပွားရေးအရ မိတ်ဖက်ဖွဲ့စည်းမှု ခိုင်မာလာစေရေးကိုလည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တည်ငြိမ်အေးချမ်းမှုနဲ့ ငြိမ်းချမ်းရေးအတွက် ကတိကဝတ်ပြု လာစေရေးမဏ္ဍိုင်အောက်မှာ အင်ဒို-ပစိဖိတ်ဒေသတွင်းရှိ ကမ်းရိုးတန်းတွေ ပိုင်ဆိုင်ထားကြတဲ့ နိုင်ငံတွေအတွက် ရေကြောင်း တရားဥပဒေစိုးမိုးမှု၊ ရေပိုင်နက်ပိုင်ဆိုင်မှုအသိအမြင်တိုးပွားရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး အကူအညီတွေကို ပေးအပ်သွားမှာဖြစ်ပါတယ်။ အလားတူ ပင်လယ်ဓားပြချေမှုန်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ လူအစုလိုက်အပြုံလိုက်သေစေနိုင်သောလက်နက်များ မပြန့်ပွားရေး၊ လုပ်ငန်းတွေအပြင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ။ *(ဆက်လက်ဖော်ပြပါမည်)*

**ယခုဆောင်းပါးတွင် ဖော်ပြထားသည့်အချက်အလက်များသည် စာရေးသူအပါအဝင် လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၏ မူဝါဒများ၊ အယူအဆများကို လေ့လာရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ (စာရေးသူ)**

# တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၂၈။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှတင်သွင်းခြင်းအတွက် ထောက်ခံချက်လက်မှတ်ရရှိသူသည် -

(က) သက်ဆိုင်ရာ ထောက်ခံချက်လက်မှတ်တွင်ပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

( ခ ) ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

( ဂ ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၂၉။ ဦးစီးဌာနသည် ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို စစ်ဆေးနိုင်ရန် လိုအပ်သည့် နေရာဒေသများတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စစ်ဆေးရေးစခန်းနှင့် တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

၃၀။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်းများ၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးကို ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းပြုမည့်သူသည် မိမိတင်ပို့မည့် သို့မဟုတ် တင်သွင်းမည့်ပစ္စည်းကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေးပေးရန် ဦးစီးဌာနသို့ သတင်းပို့ လျှောက်ထားရမည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၃၀ အရ သတင်းပို့ လျှောက်ထားချက်ကို ရရှိသည့်အခါ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေး၍ တွေ့ရှိချက်ကို ထုတ်ပြန်ပေးရမည်။

## အခန်း (၁၂)
## ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်း

၃၂။ ဝန်ကြီးဌာနသည် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများကို အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

၃၃။ ဦးစီးဌာနသည် -

(က) တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှု အစီအမံများ ချမှတ်ဆောင်ရွက်ရမည်။

( ခ ) ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ဖြစ်ပွားလာပါက ထိန်းချုပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

( ဂ ) ဒေသတစ်ခုခုတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းနှင့် ကူးစက်ရောဂါကင်းရှင်းခြင်းကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောလျင်စွာ ကြေညာရမည်။

(ဃ) တိရစ္ဆာန်ကျန်းမာရေးနှင့် ဆက်နွယ်သော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနအစီအစဉ်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ဖြစ်စေ ဆောင်ရွက်ရမည်။

( င ) ပျားမွေးမြူခြင်းနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို စီမံဆောင်ရွက်ရမည်။

၃၄။ မွေးမြူသူသည် မိမိတိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယဖြစ်ဖွယ် သိရှိရလျှင်ဖြစ်စေ၊ တိရစ္ဆာန်သည် ကူးစက်ရောဂါလက္ခဏာဖြင့် သေဆုံးကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရလျှင်ဖြစ်စေ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး သတင်းပေးပို့ရမည်။

၃၅။ တိရစ္ဆာန်ဆေးကုဆရာဝန်သည် မိမိကုသသည့် တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရလျှင် နီးစပ်ရာဦးစီးဌာနသို့ အမြန်ဆုံး အသိပေး အကြောင်းကြားရမည်။

## အခန်း (၁၃)
## မွေးမြူသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များ

၃၆။ တိရစ္ဆာန်များအား ညှဉ်းပန်းနှိပ်စက်ခြင်းမှ ကာကွယ်ရေးအတွက် မွေးမြူသူသည် မိမိမွေးမြူထားသော တိရစ္ဆာန်အား အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရန် လိုက်နာဆောင်ရွက်ရမည် -

(က) တိရစ္ဆာန်အား သတ်မှတ်ထားသော အလေးချိန်ထက်ပို၍ တင်ဆောင်စေခြင်းနှင့် ဆွဲယူစေခြင်း၊

( ခ ) တိရစ္ဆာန်အား တမင်ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အလွန်အကျွံ ခိုင်းစေခြင်း၊

( ဂ ) တိရစ္ဆာန်အား ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို မလိုအပ်ဘဲ ချို့တဲ့စေခြင်း၊

(ဃ) တိရစ္ဆာန်အား အစာရေစာ တမင်မကျွေးခြင်း၊

( င ) တိရစ္ဆာန်အား ရောဂါ သို့မဟုတ် ဒဏ်ရာရရှိသည့်အခါ ကုသစောင့်ရှောက်မှု တမင်မပြုခြင်း၊

( စ ) ကူးစက်ရောဂါ သို့မဟုတ် ဒဏ်ရာရရှိနေသည့် တိရစ္ဆာန်ကို အများပြည်သူ သွားလာခွင့်ရှိသည့်နေရာသို့ တမင်လွှတ်ထားခြင်း၊

(ဆ) မိမိဆောင်ရွက်နိုင်သော နေရာအကျယ်အဝန်း၊ အဆောက်အအုံအလိုက် ဘေးကင်းလုံခြုံမှုရှိစေရန် ဆောင်ရွက်ထားမှု မရှိခြင်း၊

( ဇ ) တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်မှု အစီအမံများ မပြုလုပ်ခြင်း၊

( ဈ ) မိမိမွေးမြူထားသော တိရစ္ဆာန်ကြောင့် ပတ်ဝန်းကျင်အား မထိခိုက်စေရန် ဆောင်ရွက်ထားမှု မရှိခြင်း၊

(ည) တိရစ္ဆာန်များကို သယ်ယူပို့ဆောင်ရာတွင် ကျပ်တည်းစွာနှင့် မလျော်ကန်စွာ သယ်ယူပို့ဆောင်ခြင်း။

## အခန်း (၁၄)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၇။ သက်ဆိုင်ရာခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရရှိသူ၊ မွေးမြူသူနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များကိုဖြစ်စေ၊ မွေးမြူသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကိုဖြစ်စေ၊ ဦးစီးဌာနက ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ဦးစီးဌာနက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) စာဖြင့် သတိပေးခြင်း၊

( ခ ) သတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

( ဂ ) သက်ဆိုင်ရာခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြုလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) သက်ဆိုင်ရာ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ် သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သား အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း။

၃၈။ ပုဒ်မ ၃၇ အရ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူး တစ်ဦးဦးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

၃၉။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၃၈ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ မြို့နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ဦးစီးဌာနမှူးတစ်ဦးဦးက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၇ အရ သော်လည်းကောင်း၊ ပုဒ်မ ၃၉ အရ သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၄၁။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၅)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၂။ မည်သူမျှ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်မရှိဘဲ -

(က) စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

( ခ ) တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဂ) သားသတ်ရုံတည်ထောင်ခြင်းနှင့် သားသတ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ဃ) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၄၃။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမျှ -

(က) တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါး သို့မဟုတ် ရေလုပ်ငန်းတွင် အသုံးပြုသည့် တိရစ္ဆာန်သုံးဆေးဝါးများကို သတ်မှတ်အရည်အသွေးနှင့် ကိုက်ညီမှုမရှိဘဲ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

( ခ ) ပျားမွေးမြူခြင်းနှင့် စပ်လျဉ်း၍ ကူးစက်ရောဂါကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်း၊ ဆေးဝါးသုံးစွဲခြင်း၊ ရွှေ့ပြောင်းမွေးမြူခြင်း၊ ပျားစားကျက်ချထားခြင်းတို့အတွက် ဦးစီးဌာနက ထုတ်ပြန်ထားသော ပျားမွေးမြူရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၄။ သားသတ်ရုံလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်းလုပ်ကိုင်သူ မည်သူမျှ ဦးစီးဌာန၏ စစ်ဆေးမှုခံယူရန် ငြင်းဆန်ခြင်း မရှိစေရ။

၄၅။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမျှ တိရစ္ဆာန်နှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ -

(က) ကူးစက်ရောဂါကာကွယ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

( ခ ) ကူးစက်ရောဂါဖြစ်ပွားနေကြောင်း သံသယဖြစ်ဖွယ်သိရှိလျက်နှင့် ဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းထံ ဆောလျင်စွာ သတင်းပေးပို့ရန် ပျက်ကွက်ခြင်း၊

( ဂ ) သေဆုံးသောတိရစ္ဆာန်တွင် ကူးစက်ရောဂါလက္ခဏာ တွေ့ရှိလျက်နှင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးသတင်းပေးပို့ရန် ပျက်ကွက်ခြင်း။

၄၆။ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ခံရပြီးနောက် ဦးစီးဌာနက ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ထပ်မံပျက်ကွက်ခြင်း မရှိစေရ။

၄၇။ မည်သူမဆို -

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ် ၂၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

( ဂ ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၅ သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၅ သိန်းမှ အများဆုံး ကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၈။ ခွင့်ပြုလက်မှတ် သို့မဟုတ် ထောက်ခံချက်လက်မှတ်ရှိသူ မည်သူမဆို -

(က) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး သိန်းကျပ် ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၄၉။ သားသတ်ရုံလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း၊ မျိုးခြံလုပ်ငန်း သို့မဟုတ် ဥဖောက်စက်လုပ်ငန်းလုပ်ကိုင်သူ မည်သူမဆို -

(က) ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

( ခ ) ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည်။

၅၀။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် ကျန်းမာရေးလုပ်သားအဖြစ် လုပ်ကိုင်သူ မည်သူမဆို ပုဒ်မ ၄၅ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၅၁။ တိရစ္ဆာန်ကျန်းမာရေးလုပ်သားသည် ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၆)
## အထွေထွေ

၅၂။ ဦးစီးဌာနသည် -

(က) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

( ခ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်ကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၅၃။ ဦးစီးဌာနသည် ဆောင်ရွက်ရန်ရှိသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များ သို့မဟုတ် ဓာတ်ခွဲခန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ အသိအမှတ်ပြုထားသော ဓာတ်ခွဲခန်းသို့ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၇/၁၉၉၃) အရ ထုတ်ပြန်ခဲ့သော စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

( ဂ ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၇/၁၉၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# အင်းတော်ကြီး ရေချိုအိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ-လုလုအောင် (လုံးစန့်)



အင်းတော်ကြီး ရွှေမဥ္ဇူ ဘုရား

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင် အရှေ့ဘက်ကမ်းရှိ လုံးစန့်ကျေးရွာအုပ်စု ရွာသစ်ရွာသို့ ကချင်ရိုးရာကောက်သစ်စားပွဲ တက်ရောက်ရန် သွားရောက်ခဲ့စဉ် မြန်မာနိုင်ငံ၏ အကြီးဆုံး ရေချိုအိုင်ဖြစ်သည့် အင်းတော်ကြီးကို မော်တော်ဆိုင်ကယ်ဖြင့် တစ်ပတ်ပတ်ကာ လေ့လာခွင့်ရရှိခဲ့ပါသည်။

ကမ္ဘာမြေ၏ ဘူမိပြောင်းလဲမှုဖြစ်စဉ်များကြောင့် အရှေ့တောင်အာရှဒေသအတွင်း ပေါ်ထွန်းခဲ့သည့် ကုန်းတွင်း သဘာဝရေချိုအိုင်များတွင် အင်းတော်ကြီးအိုင်သည် တစ်ခုအပါအဝင်ဖြစ်သည်။ အင်းတော်ကြီးအိုင်သည် ဟိုပင်မြို့မှ အနောက်မြောက်ဘက် ၁၀ မိုင်အကွာတွင် တည်ရှိကာ အိုင်ရေပြင်သည် အရှေ့အနောက် အလျား ၈ ဒသမ ၁ မိုင်နှင့် တောင်မြောက်အလျား ၁၅ မိုင်ရှည်လျားသည်။ အင်းတော်ကြီးအိုင်၏ လက်ရှိ အနက်ဆုံးနေရာသည် ၆၅ ပေရှိ၍ အနိမ့်ဆုံးနေရာသည် သုံးပေသာနက်ကာ အိုင်ကြမ်းပြင်ကို မြင်နေရပေသည်။

အင်းတော်ကြီးအိုင်အတွင်းရှိ ရေများသည် အိုင်ကြီး၏ မြောက်အစွန်ရှိ ချောင်းဝမှတစ်ဆင့် ကာမိုင်းချောင်း၊ မိုးကောင်းချောင်းတို့ကို ဖြတ်သန်း၍ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်နေကာ အင်းတော်ကြီးသည် တောင်မှမြောက်သို့ ထူးခြားစွာစီးဝင်နေသည့် ရေအိုင်ကြီးတစ်ခုဖြစ်ပေသည်။

အင်းတော်နှင့် အမည်တူ၍ အလျား သုံးမိုင်၊ အနံ နှစ်မိုင်ရှည်လျားသည့် အင်းတစ်ခုသည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင်ရှိကာ ယင်းအင်းကို အင်းတော်ကြီးအောက် သေးငယ်သဖြင့် အင်းတော်လေးဟု ခေါ်တွင်ခဲ့သည်။

## သဘာဝအိုင်ကြီးများ

ဘူမိဗေဒပညာရှင်များက မြန်မာနိုင်ငံတွင် မိုးကောင်း၊ ညောင်ရွှေ၊ ဟဲဟိုး၊ လားရှိုး၊ မိုးကုတ်၊ကျိုင်းတုံစသော နေရာများ၌ အလွန်ကြီးမားသော အင်းအိုင်ကြီးများရှိခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀၀ မှ ၇၀၀၀ အကြား ကျောက်ခေတ်လယ် (Mesolithic Age) ကာလတွင် ထိုအင်းအိုင်များ ဆုတ်ယုတ်လာခဲ့ပြီး သဘာဝ ကုန်းတွင်း ရေချိုအိုင်ကြီးများဖြစ်ကြသည့် အင်းတော်ကြီးနှင့် အင်းလေးတို့အပါအဝင် အိုင်ကြီး၊ အိုင်ငယ်များကျန်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့သည်။ လူသားများသည် အဆိုပါ အင်းအိုင်များဖြစ်ပေါ်လာသည့် နေရာများတွင် ကျောက်ခေတ်လယ်မှစ၍ မှီတင်းနေထိုင် အသက်မွေးခဲ့ကြကြောင်း အခြေပြု မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဖော်ပြထားသည်။

အင်းတော်ကြီးပတ်ဝန်းကျင်တွင် ကျေးရွာအုပ်စု ၁၁ အုပ်စုနှင့်ကျေးရွာ ၃၈ ရွာရှိသည့်အနက်အင်းတော်ကြီးအိုင်၏ ပတ်လည်၊ အင်းကမ်းနဖူးတွင် ကျေးရွာ ၁၉ ရွာရှိသည်။ ရှမ်းလူမျိုးနှင့် ကချင်လူမျိုးများ အများဆုံးနေထိုင်ကြသည့် ယင်းကျေးရွာများကို မော်တော်ဆိုင်ကယ်ဖြင့် ဖြတ်သန်းကာ အင်းတော်ကြီးကို တစ်ပတ် ပတ်ခဲ့ရာ ဒေသနေပြည်သူ အများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးမြူကြကြောင်း တွေ့ရှိခဲ့ရသည်။ အင်းတော်ကြီးဒေသတွင် နှစ်စဉ်မိုးရေချိန်ပျမ်းမျှ ၇၈ လက်မခန့် ရွာသွန်းသဖြင့် ဒေသနေပြည်သူများသည်စိုက်ပျိုးရေးလုပ်ငန်းများကို ကောင်းစွာ ဆောင်ရွက်နိုင်ကြပေသည်။

အင်းတော်ကြီးဒေသကို အရှေ့ဘက်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အထိ၊ အရှေ့တောင်ဘက်တွင် ဟိုပင်နှင့် မိုးညှင်းအကြားရှိ ကကျော်တောင်ကြားအထိ၊ တောင်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အထိ၊ အနောက်မြောက်ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်နှင့် ကချင်ပြည်နယ် ကာမိုင်းမြို့နယ်အထိ အကျယ်အဝန်း စတုရန်း ၃၁၄ ဒသမ ၆၇ မိုင် ဟု သတ်မှတ်ထားသည်။

အင်းတော်ကြီးဒေသကို ပေ ၁၀၀၀ မှ ၄၀၀၀ ကျော်အထိ မြင့်သော ကျောက်တောင်များက ဝန်းရံနေသည်။ ယင်းတောင်တန်းများတွင် မြစ်ဖျားခံခဲ့သည့်ချောင်း ၁၃ ခုမှ ရေများသည် အင်းတော်ကြီးကန်အတွင်းသို့ အရပ်လေးမျက်နှာမှ စီးဝင်လျက်ရှိသည်။ သို့သော် မိုးကောင်းတွင် ချောင်းဖျားခံခဲ့သော အင်းတော်ကြီး ချောင်းတစ်ခုတည်းမှသာ ရေများပြန်လည်စီးထွက်သဖြင့် တောင်မှ မြောက်သို့ စီးဆင်းနေခြင်းကို ရွှေမဥ္ဇူဘုရားသမိုင်း စာအုပ်များတွင် အင်းတော်ကြီး၏ အံ့ဖွယ်ကိုးပါးအနက် တစ်ပါးအဖြစ် ဖော်ပြလေ့ရှိကြသည်။

အင်းတော်ကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၄၆ ပေအမြင့်တွင် တည်ရှိသည်။ အင်းတော်ကြီးအနီးဝန်းကျင်ရှိ အရှေ့အနောက် ခုနစ်မိုင်၊ တောင်မြောက် ၁၄ မိုင် ကျယ်ဝန်းသော အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ထူထောင်ထားရာ အင်းတော်ကြီးအိုင်သည် ယင်းဘေးမဲ့တော၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ထင်ရှားသော ရေတိမ်ဒေသလေးခုဖြစ်သည့် ကချင်ပြည်နယ်ရှိ အင်းတော်ကြီး၊ ရှမ်းပြည်နယ်ရှိ အင်းလေး၊ ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်းတို့အနက် အင်းတော်ကြီးသည် အကြီးဆုံးဖြစ်ပေသည်။

## ရွှေမဥ္ဇူ ရေလယ်ဘုရား

တောင်ထိပ်များနှင့် ရေလယ်ကျွန်းများပေါ်တွင် စေတီနှင့် ဘုရားများတည်ထားလေ့ရှိသော မြန်မာနိုင်ငံတွင် အထင်ရှားဆုံး ရေလယ်ဘုရားများသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် သုံးဆူနှင့် အောက်ပိုင်းတွင် သုံးဆူရှိသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီရေလယ်ဘုရား ၊ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ မော်တင်စွန်းစေတီနှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းစေတီတို့သည် မြန်မာနိုင်ငံအောက်ပိုင်းမှ ထင်ရှားသော ရေလယ်ဘုရားများဖြစ်ကြသည်။

မြန်မာပြည်အထက်ပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၌ ဖောင်တော်ဦးစေတီ၊ စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ်၌ အညာသီဟတောဘုရားနှင့်ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ အင်းတော်ကြီးရွှေမဥ္ဇူဘုရားတို့သည် အလွန်ထင်ရှားသည့် ရေလယ်ဘုရားများဖြစ်ကြသည်။ ယင်းတို့အနက် ဖောင်တော်ဦးစေတီက အင်းလေးကန်အတွင်းတွင် တည်ရှိကာ ရွှေမဥ္ဇူဘုရားက အင်းတော်ကြီးအတွင်း၌ တည်ရှိသည်။ ဘုရားဖူးများသည် ရွှေမဥ္ဇူဘုရားသို့လာကြစဉ် အင်းတော်ကြီးပတ်လည်ရှိ ငွေမဥ္ဇူဘုရား၊ မုဆိုးမစေတီနှင့် နီးဘုရားများသို့လည်း သွားရောက်လေ့ရှိကြသည်။ ယင်းနေရာများသို့ ကုန်းလမ်းခရီးဖြင့်သာမက အင်းတော်ကြီးအိုင်အတွင်းမှလည်း စက်လှေများဖြင့် သွားလေ့ရှိကြသည်။

အင်းတော်ကြီးအိုင် အနောက်ဘက်ကမ်းစပ်မှ နှစ်ဖာလုံကွာဝေးသည့် ရေလယ်ကျွန်းပေါ်တွင် တည်ထားသည့် ရွှေမဥ္ဇူ ဘုရားပွဲကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပလေ့ရှိသည်။ဘုရားပွဲကျင်းပရန် နီးကပ်လာချိန်တွင် အင်းရေပြင်က နိမ့်ကျသွားပြီး ဒေသခံများက လူလမ်းနှင့် နတ်လမ်းဟုခေါ်ကြသည့် ရေလယ်ဘုရားသို့လျှောက်သွားနိုင်သော သဲလမ်းနှစ်ခု ပေါ်လာလေ့ရှိသည်။ ကိုးပေဝန်းကျင်ကျယ်ဝန်းသည့် မြောက်ဘက်လမ်းကို လူလမ်းဟု ခေါ်ဆိုကြ၍ သုံးပေဝန်းကျင်ကျယ်ဝန်းသည့် တောင်ဘက်လမ်းကို နတ်လမ်းဟု ခေါ်ဆိုကြသည်။

ဘုရားဖူးလာကြသူများသည် ရွှေမဥ္ဇူဘုရားသို့ လူလမ်းပေါ်မှ လျှောက်သွားနိုင်ကြပြီး ဘုရားပွဲနောက်ဆုံးရက်တွင် မိုးများ ရွာသွန်းကာ အင်းရေပြင်ပြန်လည်မြင့်တက်လာပြီးလမ်းများက ရေအောက်သို့ ပြန်လည်နစ်မြုပ်သွားလေ့ရှိသည်။ လူသွားလမ်းကို ယခုအခါတွင် ကွန်ကရစ်ခင်းထားကာ လျှပ်စစ်မီးတိုင်များ စိုက်ထူထားသဖြင့် ပွဲတော်ရက်များအတွင်း ရေလယ်ဘုရားသို့ လွယ်ကူစွာသွားရောက်နိုင်ကြသည်။ ဘုရားပွဲတော်ကျင်းပချိန်မဟုတ်သော ကာလများတွင်မူ အင်းတော်ကြီးအိုင်တစ်ခုလုံးသည် ရေများပြည့်နေသဖြင့် ရေလယ်ရှိ ရွှေမဥ္ဇူဘုရားသို့ စက်လှေဖြင့်သာ သွားရောက်ဖူးမြော်နိုင်ကြပေသည်။ လက်ရှိအချိန်တွင် စက်လှေစီးခ တစ်ယောက်လျှင် ငွေကျပ် ၁၀၀၀ ပေးရသည်။

အင်းတော်ကြီး ရွှေမဥ္ဇူဘုရားကို ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်တွင် ဆရာတော်ဦးသောဘိတက တည်ထားခဲ့သည်ဟု ဆိုကြသည်။ ရွှေမဥ္ဇူဘုရား၏ ပထမဆုံးသောပွဲတော်ကို မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ် တပေါင်းလက ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် ယနေ့တိုင် နှစ်စဉ်ကျင်းပလျက်ရှိပေသည်။

အင်းတော်ကြီးသို့ ဟိုပင်မြို့မှတစ်ဆင့်သွားကြရပြီး ဟိုပင်မြို့သည် ဖားကန့်၊ ထန်မခန်၊ ဆိုင်းတောင်၊ လုံးခင်း၊ နန့်မွန်း ဒေသများသို့ သွားရောက်နိုင်သည့် လမ်းဆုံမြို့ဖြစ်သည်။ မိုးကောင်းမြို့နှင့် မိုးညှင်းမြို့အကြားရှိ ဟိုပင်မြို့သို့ မန္တလေးနှင့် မြစ်ကြီးနားမြို့များမှ မီးရထား၊ မော်တော်ကားများဖြင့်သွားနိုင်ပြီး ဟိုပင်အနောက်မြောက်ဘက် ၁၀ မိုင်အကွာရှိ အင်းတော်ကြီးသို့ ကားများ၊ ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ကြသည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများသည် အင်းတော်ကြီးသို့ တိုက်ရိုက်သွားရောက်လေ့ရှိကြသည်။

အင်းတော်ကြီးဒေသတွင် ဒေသထွက်ကုန်အဖြစ် ငါးပေါက်သီးဟု ခေါ်သည့် သစ်မာသီးများကို တွေ့ရှိနိုင်ပြီး နူးညံ့၍ ဆိမ့်သောအရသာရှိသည်။ အသီးတွင်ပါရှိသည့် အပေါက်ငါးပေါက်ထဲမှ အဆံများကို ဝါးတံငယ်ဖြင့်ကော်ထုတ်ကာ စားနိုင်ကြပြီး ငါးပေါက်သီးကို ယိုထိုး၍လည်း ရောင်းချကြသည်။

## အင်းတော်ကြီးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းလေ့လာချက်များအရ မြန်မာနိုင်ငံ၏ အရေးပါသည့် ရေတိမ်ဒေသ ၉၉ ခုသည် ဧရာဝတီနှင့် ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ၈၅ ခု၊ သံလွင်မြစ်ဝှမ်းဒေသတွင် ခြောက်ခု၊ စစ်တောင်းမြစ်ဝှမ်းဒေသတွင် ငါးခုနှင့် ရခိုင်ကမ်းရိုးတန်းဒေသတွင် သုံးခု ရှိသည်။ ယင်းတို့ကို ပင်လယ်ကမ်းခြေဒေသများဆိုင်ရာ ရေတိမ်ဒေသများ၊ အင်းအိုင်နှင့် ရေကန်များဆိုင်ရာ ရေတိမ်ဒေသများ၊ နွံနစ်-သစ်ဆွေးဒေသများဆိုင်ရာ ရေတိမ်ဒေသများ၊ စိမ့်တော-စိမ့်မြေများဆိုင်ရာ ရေတိမ်ဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသဆိုင်ရာ ရေတိမ်ဒေသများဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

ယင်းတို့အနက် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းလေး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဝက်သည်းကန်ငှက်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လှော်ကားသဘာဝဥယျာဉ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ သမီးလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မော့စကော့ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် လန်ပိ အဏ္ဏဝါအမျိုးသားဥယျာဉ်တို့သည် မြန်မာနိုင်ငံ၏ ထင်ရှားသော ရေတိမ်ဒေသများဖြစ်ကြသည်။

အင်းတော်ကြီးနှင့် ပတ်ဝန်းကျင်၌ သစ် ၈၅ မျိုး၊ ပရဆေးပင် ၅၆ မျိုး၊ ဝါး ၁၁ မျိုး၊ မြက် ၁၄ မျိုး၊ ကြိမ် ငါးမျိုး၊ သစ်ခွ မျိုး ၇၀ ကို တွေ့ရှိရသည်။ ထို့အတူ အင်းတော်ကြီးဒေသတွင် နို့တိုက်သတ္တဝါ ၃၇ မျိုး၊ ကုန်းနေသတ္တဝါ ၈၈ မျိုး၊ လိပ်ပြာ ၆၇ မျိုး ကျက်စားလျက်ရှိသည်။

အင်းတော်ကြီးအိုင်အတွင်း၌ ဒေသမျိုးရင်း ငါးမျိုးစိတ် ၆၆ မျိုး၊ ရေပျော်ငှက် ၉၉ မျိုး အပါအဝင် ငှက်မျိုးစိတ် ၁၈၅ မျိုး ကျက်စားလျက်ရှိပြီး ဆောင်းခိုငှက်မျိုးစိတ် ၁၅၀ ကို နှစ်စဉ် တွေ့ရှိနိုင်ကြပေသည်။

အင်းတော်ကြီးကန်အတွင်း ငါးမျိုးပွားမှုမထိခိုက်စေရန်အတွက် ရွှေမဥ္ဇူရေလယ်ဘုရား တစ်မိုင်ပတ်လည်အတွင်း၌ ငါးမဖမ်းရန် ကန့်သတ်ထားပြီး ငါးမျိုးပွားသောကာလများတွင် အင်းတော်ကြီးကန်ဒေသတစ်ဝိုက် ကျေးရွာများ၌ ပညာပေးဟောပြောပွဲများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုပညာပေးလုပ်ငန်းများကိုလည်း ပြုလုပ်လေ့ရှိသည်။ အင်းတော်ကြီးပတ်ဝန်းကျင်တွင် နေထိုင်ကြပြီး ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြသူများအား ကန့်သတ်နယ်မြေပြင်ပတွင် သာမန်ငါးဖမ်းမှုကို ခွင့်ပြုထားသည်။

## ရမ်ဆာရေတိမ်ဒေသ အင်းတော်ကြီး

၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ရေတိမ်ဒေသများဆိုင်ရာ ကွန်ဗင်းရှင်းကို ပထမဆုံးကျင်းပခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ရေတိမ်ဒေသများနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်တွင် အဖွဲ့ဝင် ၁၆၈ နိုင်ငံရှိသည့် ရမ်ဆာရေတိမ်ဒေသထိန်းသိမ်းရေး ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့သည် ကမ္ဘာအရပ်ရပ်ရှိ ရေတိမ်ဒေသများကို စံနှုန်းကိုးချက်ဖြင့် စိစစ်ပြီး အနည်းဆုံး စံနှုန်းတစ်ချက်နှင့်ကိုက်ညီသောဒေသကို ရမ်ဆာရေတိမ်ဒေသအဖြစ် အသိအမှတ်ပြုပေးလျက်ရှိသည်။

အင်းတော်ကြီးသည် ဇီဝဗေဒနှင့် ဘူမိဗေဒဆိုင်ရာ ထူးခြားသည့်ဒေသအတွင်း၌ သဘာဝအတိုင်း (သို့မဟုတ်) သဘာဝနီးပါးအတိုင်း ရှိနေခြင်း၊ ထိခိုက်ပျက်စီးလွယ်သော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော(သို့မဟုတ်) မျိုးသုဉ်းလုနီးပါးဖြစ်နေသောမျိုးစိတ်များနှင့် ခြိမ်းခြောက်ခြင်းခံရသော ဂေဟအဖွဲ့အစည်းများရှိနေခြင်း၊ ရေပျော်ငှက် ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနေခြင်း၊ ရေပျော်ငှက်မျိုးစိတ် (သို့မဟုတ်) တစ်ဆင့်ခံမျိုးစိတ် တစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်း ပုံမှန်ထောက်ပံ့နိုင်ခြင်းဟူသော စံလေးချက်နှင့် အကျုံးဝင်နေသဖြင့် ရမ်ဆာရေတိမ်ဒေသအဖြစ် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ရမ်ဆာထိန်းသိမ်းရေးနယ်မြေအဖြစ် ၂၀၁၄ ခုနှစ်တွင် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ၂၀၁၇ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့ တစ်စိတ်တစ်ဒေသတို့သည် ရမ်ဆာထိန်းသိမ်းရေးနယ်မြေများအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရပေသည်။

ရမ်ဆာရေတိမ်ဒေသ ဖြစ်လာသဖြင့် အင်းတော်ကြီးဒေသရှိ အပင်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုထိန်းသိမ်းလာနိုင်ပြီး အင်းတော်ကြီးဒေသ သဘာဝအခြေခံခရီးသွားလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ရမ်ဆာရေတိမ်ဒေသအဖြစ် သတ်မှတ်ခံရသောဒေသများသည် နိုင်ငံတကာအလေးထားမှုများ တိုးမြင့်ရရှိလေ့ရှိပြီး ရေတိမ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို လည်း ထိရောက်စွာ လုပ်ဆောင်လာနိုင်ကြသည်။ ယနေ့ ကမ္ဘာ့နေရာအနှံ့တွင် ကြုံတွေ့နေကြရသည့် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းတို့ကို ထိရောက်စွာလျှော့ချနိုင်ရေးတွင် ရေတိမ်ဒေသများအား စနစ်တကျ ထိန်းသိမ်းကာကွယ်ရေးသည်လည်း လိုအပ်ချက်တစ်ရပ်အဖြစ် ပါဝင်ပေသည်။ ရေတိမ်ဒေသများတွင် ဇီဝမျိုးစုံမျိုးကွဲများ၊ ရေပျော်ငှက်များ၊ ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိသဖြင့် လူသားများနှင့် သက်ရှိသတ္တဝါများ၏ ဂေဟစနစ်ကို ထိန်းသိမ်းရန် လိုအပ်လှပေသည်။

နို့တိုက်သတ္တဝါနှင့် ငှက်များအပါအဝင် သတ္တဝါမျိုးစိတ်များစွာ မှီခိုရှင်သန်နေကြသည့် အင်းတော်ကြီးဒေသတွင် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၉၉ ခုနှစ်က ထူထောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မျိုးသုဉ်းလုနီးပါးဖြစ်နေသည့် ငှက်မျိုးစိတ် ၁၀ မျိုးကို အင်းတော်ကြီးတွင် တွေ့ရှိနိုင်သဖြင့် အင်းတော်ကြီးအိုင်အတွင်း မော်တော်ဖြင့် လှည့်လည်ကြည့်ရှုပါက ရေတိမ်ဒေသနေ သတ္တဝါများ၏ လှုပ်ရှားနေမှုများကို မြင်တွေ့နိုင်ကြပေသည်။ နှစ်စဉ် ဆောင်းခိုငှက်များ လာရောက်နားခိုလေ့ရှိသည့် အင်းတော်ကြီးရေပြင်သည် နှစ်စဉ် မိုးရာသီရောက်ရှိပြီးတိုင်း ကြည်လင်သန့်ရှင်းနေလေ့ရှိရာ လူများ၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ညစ်နွမ်းမသွားစေရန် လိုအပ်လှပေသည်။

သာယာလှပသော သဘာဝရှုခင်းများနှင့်အတူ စိတ်နှလုံးအေးချမ်းစေသော အင်းတော်ကြီးအိုင်သို့ လာရောက်လည်ပတ်ကြသူများသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလျက်ရှိနေသည်။ အင်းတော်ကြီးသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရွက်လိုကြသူများ၊ ဒေသနေတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို လေ့လာလိုသူများ၊ သုတေသီများ၊ ပညာရှင်များ၊ ဘုရားဖူး လည်ပတ်ကြသူများအား လှပအေးချမ်းစွာ ကြိုဆိုလျက်ရှိနေပေသည်။ ။

# ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောသို့ ဆားလင်းကြီးမြို့နယ်မှ သမင်မနှစ်ကောင်ရောက်ရှိ

**ကန့်ဘလူ ဒီဇင်ဘာ ၂၄**

ကန့်ဘလူမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ မြန်မာ့ရွှေသမင်ကို အလွယ်တကူကြည့်ရှုလေ့လာနိုင်ရန် ခြံလှောင်မွေးမြူပြသမည့်သမင်ခြံသို့ဆားလင်းကြီးမြို့နယ် နတ်ချစ်တောင်မှ သမင်အမနှစ်ကောင် ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီက ရောက်ရှိခဲ့ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေသမင်နှစ်ကောင်ကို ပို့ဆောင်ခြင်းဖြစ်ပြီး သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) (မြန်မာနိုင်ငံအစီအစဉ်)မှ ပညာရှင်နှစ်ဦးနှင့် မန္တလေးမြို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ ကျွမ်းကျင်လုပ်သားနှစ်ဦးတို့က ရွှေသမင်ကို ပို့ဆောင်ပေးခဲ့ရာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းနှစ်ဦးက သွားရောက် လွှဲပြောင်းလက်ခံရယူပြီး သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲ(နေပြည်တော်)မှ ဦးစီးအရာရှိ ဦးသန်းလင်းပါဝင်သည့်အဖွဲ့က Wild Life Mobile Rescue (ပညာပေးအစီအစဉ်)၏ မော်တော်ယာဉ်ဖြင့် ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သမင်နှစ်ကောင်သည် မြန်မာ့ဒေသမျိုးရင်းဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေးအတွက် လုံးဝကာကွယ်ထားသည့် သမင်မျိုးဖြစ်ကြောင်း သိရသည်။ အဆိုပါသမင်နှစ်ကောင်အပြင် ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်မှ မြန်မာ့ရွှေသမင် အထီးနှစ်ကောင်နှင့် အမနှစ်ကောင်ကိုလည်း ဆက်လက်သယ်ယူရွှေ့ပြောင်းပြီး ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော စမ်းမြောင်စခန်းရှိ သမင်ခြံ၌ ထည့်သွင်းမွေးမြူပြသသွားမည်ဖြစ်ကြောင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံမှ သိရသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော စမ်းမြောင်စခန်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဧရိယာငါးဧကအကျယ်အဝန်းရှိသည့် သမင်ခြံကို တည်ဆောက်ထားရှိပြီး ချပ်သင်းဘေးမဲ့တောသို့ လာရောက်လေ့လာသည့် ခရီးသွားဧည့်သည်များအနေဖြင့် တောတွင်း သဘာဝအတိုင်း ကျင်လည်ကျက်စားနေသည့် မြန်မာ့ရွှေသမင်များကို လိုက်လံကြည့်ရှုရန် အချိန်မရပါက ခြံအတွင်းပြသထားသည့် ရွှေသမင်များကို အလွယ်တကူ ကြည့်ရှုလေ့လာခွင့်ရရန် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။



သမင်မနှစ်ကောင်ကို ချပ်သင်းဘေးမဲ့တောသို့ သယ်ဆောင်လာစဉ်။

၎င်းအပြင် သမင်ခြံနှင့်ဆက်စပ်၍ စမ်းမြောင်စခန်းတွင် ဖွင့်လှစ်ပြသထားသော ချပ်သင်းဘေးမဲ့တောသဘာဝသမိုင်းပြတိုက်၌ ချပ်သင်းဘေးမဲ့တော၏ နေရင်းသဘာဝတောကောင်များ၊ လိပ်ပြာနှင့်အင်းဆက်များ၊ ကုန်းနေ၊ ရေနေတွားသွားသတ္တဝါများ၊ ငှက်မျိုးစိတ်များ၊ ရုပ်လုံးသွင်းအကောင်များ၊ ဆေးစိမ်အကောင်များစသည်တို့ကိုလည်း လေ့လာကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ဘေးမဲ့တောသို့ လာရောက်လေ့လာကြည့်ရှုသည့် ခရီးသွားဧည့်သည်များ တည်းခိုနားနေနိုင်ရန်အတွက် ဧည့်သည် ၁၆ ဦးတည်းခိုနိုင်မည့် ရှစ်ခန်းတွဲ တစ်ထပ်သစ်လုံးဧည့်ရိပ်သာတစ်လုံးကိုလည်း သမင်ခြံနှင့် ပြတိုက်တည်ရှိရာ စမ်းမြောင်စခန်း၌ ဆောက်လုပ်လျက်ရှိရာ ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

လာရောက်လေ့လာသူ ဧည့်သည်များအနေဖြင့် စမ်းမြောင်စခန်းဧည့်ရိပ်သာတွင်တည်းခိုပြီး ပြတိုက်၊ သမင်ခြံတို့မှတစ်ဆင့် ဘေးမဲ့တောအတွင်း အထူးထိန်းသိမ်းရေးဇုန်၌တည်ရှိသည့် ကင်းစမ်းစခန်းဧရိယာသို့လည်းကောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဇုန်အတွင်းတည်ရှိသည့် တံခွန်တိုင်စခန်းနှင့် ကျေးအင်းရေပြင်ဧရိယာသို့လည်းကောင်း သွားရောက်ကာ မြန်မာ့ရွှေသမင်နှင့် တောရိုင်းတိရစ္ဆာန်များ၊ ဒေသနေငှက်မျိုးများနှင့် ဆောင်းခိုငှက်မျိုးစိတ်များ၊ ကျေးအင်းအတွင်းပေါက်ဖွားနေသော ရေနေသတ္တဝါမျိုးစိတ်များနှင့် ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်များ၊ သစ်ခွအမျိုးမျိုးနှင့်ဆေးဖက်ဝင်အပင်များ၊ အင်တိုင်းတောဂေဟစနစ်မှ လူသားတို့အကျိုးအတွက် အထောက်အပံ့ပြုမည့် အသေးစား သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် သစ်ပင်မျိုးစိတ်များကိုလည်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သက္ကရာဇ် ၈၃၁ ခုနှစ်က ကျောက်စာချပ်တစ်ချပ် ခင်ဦးမြို့နယ်တွင် တွေ့ရှိ

**ခင်ဦး ဒီဇင်ဘာ ၂၄**

ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာသာကွင်း သုံးဆူကုန်းဘုရားကုန်းအနီး လယ်ကွက်တစ်ကွက်ထဲမှ သက္ကရာဇ် (၈၃၁)ခုနှစ်ဟု စာသားပါ ကျောက်စာချပ်တစ်ချပ်ကို ဒီဇင်ဘာ ၂၃ ရက်တွင် ဒေသခံများနှင့် ရှေးဟောင်းသုတေသနဌာနရှိ ဝန်ထမ်းများက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါကျောက်စာသည် အင်းဝခေတ်ကာလပိုင်းက ကျောက်စာချပ်ဖြစ်နိုင်ကြောင်းနှင့် သက္ကရာဇ် (၈၃၁)ခုနှစ်ဟု စာသားပါဝင်ကာ ဒေသခံ ဦးမိုးကြည်၏ လယ်ကွက်အတွင်းမှ အပိုင်းနှစ်ပိုင်းပြတ်လျက် တွေ့ရှိရကြောင်း၊ အရွယ်အစားအားဖြင့် အလျား နှစ်ပေ နှစ်လက်မနှင့် ဒု ငါးလက်မရှိကာ ရှေးဟောင်းသုတေသနဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတစ်ဦးတို့က တွေ့ရှိခြင်းဖြစ်ပြီး အဆိုပါနေရာတွင် ဆက်လက်၍ ရှာဖွေမှုများပြုလုပ်နေကြောင်း သိရသည်။ **ငွေအိုး(ကသာ)**



ရှာဖွေတွေ့ရှိသည့် နှစ်ပိုင်းပြတ်နေသော ကျောက်စာ

# မြင်းခြံမြို့နယ်မှ ပြောင်းစိုက်တောင်သူများအား ပိုးသတ်ဆေးနှင့် ဆေးဖျန်းပစ္စည်းများ ထောက်ပံ့

**မြင်းခြံ ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ ကျေးရွာအချို့ရှိ တောင်သူများ၏ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် ငမြောင်တောင်ပိုးများ ကျရောက်နေသည့်အတွက် မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်လင်းနှင့် ဝန်ထမ်းများအဖွဲ့က အဆိုပါ ကျေးရွာများသို့ ဒီဇင်ဘာ ၂၂ ရက်တွင် သွားရောက်ပြီး ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရေးအတွက် ပိုးသတ်ဆေးနှင့် ဆေးဖျန်းပစ္စည်းများကို တောင်သူများထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အေးရွာကျေးရွာ တောင်သူဦးခင်ချို၏ ကွင်းအမှတ်(၂၁၉/က)တွင် စိုက်ပျိုးထားရှိသည့် အစေ့ထုတ်ပြောင်းစိုက်ခင်းအတွင်း ငမြောင်တောင်ပိုးကျရောက်နေကြောင်း သိရသဖြင့် ဒီဇင်ဘာ ၂၂ ရက်၊ ယမန်နေ့ နံနက် ၇ နာရီက ပိုးသတ်ဆေးနှင့် ဆေးဖျန်းပစ္စည်းများ ထောက်ပံ့ပေးရာတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်လင်းက ပိုးသတ်ဆေးဖျန်းရာတွင် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် လိုက်နာရမည့်အချက်များနှင့် ငမြောင်တောင်ပိုး ကာကွယ်နှိမ်နင်းရာတွင် တောင်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တောင်သူများအား ဆွေးနွေးပြောကြားသည်။

ထို့နောက် ငမြောင်တောင်ပိုးကျရောက်မှုဖြစ်နေသည့် အေးရွာကျေးရွာအုပ်စု အေးရွာနှင့် ရှားတောကျေးရွာအုပ်စု ပျော်ခင်းသာရွာတို့မှ တောင်သူများထံသို့ ပိုးသတ်ဆေးဘူးများနှင့် ဆေးဖျန်းရာတွင် ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အကာအကွယ်ပစ္စည်းများဖြစ်သည့် မျက်မှန်၊ နှာခေါင်းစည်း၊ လက်အိတ်နှင့် ဘောင်းဘီရှည်များကို တောင်သူ ၁၃ ဦးထံ ထောက်ပံ့ပေးခဲ့ကာ စနစ်တကျ ပိုးသတ်ဆေးဖျန်းနည်းကိုလည်း ငမြောင်တောင်ပိုးကျရောက်နေသည့် တောင်သူတစ်ဦး၏ အစေ့ထုတ်ပြောင်းစိုက်ခင်းအတွင်း စိုက်ပျိုးရေးဝန်ထမ်းများက လက်တွေ့သရုပ်ပြ ဆောင်ရွက်ပေးခဲ့သည်။

မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြင်းခြံမြို့နယ်အတွင်း အစေ့ထုတ်ပြောင်း စိုက်ပျိုးထားရှိမှုမှာ ဧကပေါင်း ၁၂၀၀၀ ခန့်ရှိကာ လက်ရှိ ငမြောင်တောင်ပိုး ကျရောက်မှုမှာ ကျေးရွာ လေးရွာမှ စိုက်ဧက ၆၃ ဧကသာရှိကြောင်းနှင့် လက်ရှိအနေအထားတွင် ငမြောင်တောင်ပိုးကျရောက်မှုအတွက် စုပေါင်းကာကွယ်နှိမ်နင်းမှုများကို ၇၅ ရာခိုင်နှုန်းခန့် ကွင်းဆင်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# နေပြည်တော်ရှိ အဖြူရောင်အနာဂတ် ပရဟိတအဖွဲ့က ကျေးလက်ဒေသများသို့ကွင်းဆင်း၍ ဆေးကုသပေး

**ပျဉ်းမနား ဒီဇင်ဘာ ၂၄**

နေပြည်တော် ပျဉ်းမနားမြို့ရှိ အဖြူရောင်အနာဂတ်မိသားစု ပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးပြားကျေးရွာသို့ ကွင်းဆင်း၍ ပြည်သူများအား ဆေးကုသပေးခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ကျေးရွာမူလတန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့ပြီး ကျောင်းအတွက် ကျောင်းသုံးပစ္စည်းများနှင့် စာရေးကိရိယာများ၊ အလှူငွေများလည်း ပေးအပ်လှူဒါန်းခဲ့ကြောင် းသိရသည်။



ဆေးကုသပေးရာတွင် အဖြူရောင်အနာဂတ်မိသားစု ပရဟိတအဖွဲ့ဥက္ကဋ္ဌဦးမင်းမင်းက ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများ၊ ကျေးရွာနေဒေသခံများအား ယခုကဲ့သို့ ဆေးဝါးကုသပေးသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပရဟိတအဖွဲ့ဝင် ဆရာဝန်များက ဒေသခံပြည်သူ ၈၀ ခန့်အား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ကာ ပရဟိတအဖွဲ့ဝင်များကလည်း ကျောင်းသား ကျောင်းသူ ၇၅ ဦးအား ဆံပင်ညှပ်ပေးခြင်း၊ လက်သည်းခြေသည်း ညှပ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် အဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းနှင့် အဖွဲ့ဝင်များက တာဝန်ခံကျောင်းအုပ်ဆရာကြီးထံ ကျောင်းသုံးဗီရို၊ ဆရာ ဆရာမ ထိုင်ခုံ၊ ကျောင်းသား ကျောင်းသူများအတွက် သင်ထောက်ကူ စာရေးကိရိယာများနှင့် အလှူငွေများ အပါအဝင် စုစုပေါင်း ကျပ်သိန်း ၂၀ ဖိုးခန့်ကို ပေးအပ်လှူဒါန်းခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ရွှေပြည်သာမြို့နယ်၌ ပရဟိတအဖွဲ့ ခုနစ်ဖွဲ့ စုပေါင်း၍ (အခမဲ့)တိုင်းရင်းဆေးကုခန်း ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်းရှိ လူမှုအထောက်အကူပြု ပရဟိတအသင်းအဖွဲ့ ခုနစ်ဖွဲ့ စုပေါင်း၍ အခမဲ့တိုင်းရင်းဆေးကုခန်းကို သုခသဇင် (အခမဲ့)ဆေးကုခန်းအမည်ဖြင့် ရွှေပြည်သာမြို့နယ် အမှတ်(၅) ရပ်ကွက် သီရိမင်္ဂလာပတ်လမ်း အပိုင်း(၈)၌ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ခဲ့သည်။



ဆေးခန်းဖွင့်ပွဲသို့ ရွှေပြည်သာမြို့နယ် သံဃနာယကဆရာတော်နှင့် ပင့်သံဃာ ၁၁ ပါး၊ တိုင်းရင်းဆေးဆရာများအသင်း(ရန်ကုန်မြောက်ပိုင်းခရိုင်) ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်တိုင်းရင်းဆေးဆရာများအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစောမင်းဦးနှင့် ပရဟိတအသင်းများမှ အသင်းဝင်များ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဆေးခန်းဖွင့်လှစ်နိုင်ရေးအတွက် မတည်ပေးခဲ့သော ရွှေလမင်းရွှေဆိုင် အပါအဝင် မတည်အလှူရှင်များနှင့် စေတနာအလျောက်လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ရွှေပြည်သာမြို့နယ်၏ စက်မှုဇုန်များအတွင်း စက်ရုံအလုပ်ရုံများတွင် လုပ်ကိုင်နေကြသော လုပ်သားအလုပ်သမများသည် နိုင်ငံတစ်ဝန်း အနယ်နယ်အရပ်ရပ်မှ ရပ်ဝေးနယ်ခြား လာရောက်လုပ်ကိုင်နေကြသူများဖြစ်ရာ ၎င်းတို့အား အချိန်မရွေး ရာသီမရွေး (အခမဲ့) ကျန်းမာရေးစောင့်ရှောက်မှုပေးသွားရန် အဓိက ရည်ရွယ်ချက်ဖြင့် ဆေးခန်းဖွင့်လှစ်ရခြင်းဖြစ်ပြီး ဒေသခံပြည်သူများကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**







## ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာ့စာတိုက်လုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဖော်ပြပါနေရာများတွင် အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဆောင်ရွက်ရမည့်လုပ်ငန်းများ
(က) မှော်ဘီစာတိုက်ဆောက်လုပ်ခြင်း ပေ(၅၀×၂၅×၁၁) တစ်ထပ်အဆောက်အအုံ (Steel Structure)
(ခ) ကျောက်တန်းစာတိုက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ပေ(၄၂×၁၅×၁၀) တစ်ထပ်အုတ်တိုင်ပုံ

၃။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၈ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၃-၁-၂၀၁၉ရက်၊ ညနေ ၃း၃၀နာရီ
**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - တိုင်းဒေသကြီးမန်နေဂျာရုံး၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးမန်နေဂျာရုံး၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၃၉၁၅၅၄၊ ၀၁-၃၇၀၇၀၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ ကွင်း၁၈/ရှောလီဝိုင်းတောင်၊ မြေကွက်အမှတ်(၂၈)၊ ၀ဒသမ ၀၅၁ဧကရှိ မြေကွက်အား ဒေါ်ကြူပေါင်း အမည်ဖြင့် အမည်ပြောင်း ဂရန်လျှောက်ထားမည်ဖြစ်၍ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြူပေါင်း**
**ဖုန်း-၀၉-၄၀၂၅၂၆၀၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ် ၂၂၁၊ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏ ငါးလွှာ(ခေါင်းရင်းခန်း)၊ အကျယ်(၁၁×၄၅)ပေ တိုက်ခန်းအား ဦးကျော်တင် ၁၁/ကဖန(နိုင်)၀၁၄၉၀၄မှ လက်ရောက်ရယူ ဝယ်ယူပိုင်ဆိုင်ထားပြီး ကန်ထရိုက်တာထံမှ ၄င်းဝယ်ယူထားသော အရောင်းအဝယ်စာချုပ်မူရင်းသည် ပျောက်ဆုံးနေခဲ့ပါသည်။ ၂၅-၁၀-၂၀၁၈ရက်တွင် ဦးကျော်တင် ကွယ်လွန်သွားသည့်အတွက် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်သန်းညွန့် ၁၁/ကဖန(နိုင်)၀၁၄၉၂၀မှ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ဆိုင်သဖြင့် ထိုတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ဆက်သွယ်တွေ့ဆုံနိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် (စဥ်-၉၉၃၉)**
**LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ**

**ဦးအောင်ကျော်မြင့် (စဥ်-၁၅၁၈၃)**
**LL.B**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ အလပ်လယ်ကျေးရွာအုပ်စု၊ ဆံကုန်းကျေးရွာတွင် AGAR သောက်ရေသန့်အမည်ဖြင့် ရေသန့်ဘူးကြီး၊ ဘူးငယ်များအား ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသောကြောင့် AGAR သောက်ရေသန့်နှင့် အမည်တူရှိပါက ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲနောင် ၈/ဆမန(နိုင်)၀၄၀၃၈၀**
**ရေနံ့သာကျေးရွာ၊ ကံမမြို့နယ်**
**ဖုန်း-၀၉-၇၉၆၃၃၇၀၅၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်နေ မဒေဝီ ၉/ပဘန(နိုင်)၂၃၇၂၂၅၏ဖခင် ဦးသာရ(ခ)ဦးမြင့်သန်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသာရ(ခ)ဦးမြင့်သန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သိန်းကျော်ထိုက်(ဘ)ဦးစိန်ကုလား ၁၄/ငပတ(နိုင်)၂၂၇၃၄၆၏ ပတ်(စ်)ပို့နံပါတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၅၃၁၆၆**

## မွေးသက္ကရာဇ်အမှန်

ပခုက္ကူမြို့၊ (၁)ရပ်ကွက်၊ ရန်အောင်မြင်လမ်း၊ EPC ဝင်းနေ ဦးသန်းမောင်၏သမီး မနိုင်နိုင်မော် ၈/ပခက(နိုင်)၀၂၈၀၄၀၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁-၁၉၆၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဝဲပတန်(အထက) တက္ကသိုလ်ဝင်တန်းမှ မောင်နိုင်လင်းကို၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းနိုင် ဖြစ်ပါကြောင်း။ **ဦးကျော်မင်းနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရွှေမြေယာကုန်းအုပ်စု၊ ၆၈၂-ခ၊ ဆင်သေအင်းကွင်း၊ ဦးပိုင်အမှတ် ၁၁/၂+၂၀/၄+၂၂/၃၊ အခြားနည်းအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေ ၄ဒသမ ၄၅ဧကအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဆန်းထူးမြင့် ၁၂/ကမရ(နိုင်)၁၂၅၃၈၁ ထံမှ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ရန်အတွက် ကျွန်တော်များ SKYLARK SUNLINE COMPANY LIMITED မှ စရန်ငွေတချို့တစ်ဝက်အား ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ၁၄ ရက်အတွင်း အမှတ် ၈/ခ၊ နီကောရိပ်သာ၊ ပါရမီလမ်း၊ မရမ်းကုန်းသို့ စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**SKYLARK SUNLINE COMPANY LIMITED**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ အလက(မဲသလွတ်) အဌမတန်းမှ မောင်ညီညီဦးနှင့် ပဥ္စမတန်းမှ မကေခိုင်ဦးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းမြတ်ဦး ၃/ဖပန(နိုင်)၀၁၇၂၃၁ ဖြစ်ပါကြောင်း။

**ဦးသန်းမြတ်ဦး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဦးသန်းလွင်-ဒေါ်တင်တင်ညွန့် တို့၏ သမီး မနွယ်နီဝင်း ၇/တငန(နိုင်)၁၈၂၄၃၆သည် မိဘမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းလွင်-ဒေါ်တင်တင်ညွန့်**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာသာသနာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ နုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ

# အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင်ဒေါက်တာခင်ရွှေ

ပြည်တွင်းပြည်ပနိုင်ငံများက ဂုဏ်ထူးဆောင်စီးပွားရေး ပါရဂူဘွဲ့၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆု နှင့် ပြည်တွင်းပြည်ပ သာသနာ ပြုဘွဲ့တံဆိပ်တော်များ ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ကြသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်လည်း ထပ်မံ၍

ထိုင်းနိုင်ငံ Nakhon Phanom University မှ ဘွဲ့ရကျောင်းသား ကျောင်းသူများ

ထိုင်းနိုင်ငံမှ အထင်ကရပုဂ္ဂိုလ်(၃)ဦးတို့နှင့်အတူ

## ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒွ ချီးမြှင့်သည့်

( Honorary Doctorate Degree of Social and Environment )

လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာဖွံ့ဖြိုးမှု ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ( Honoris Causa )အား ထိုက်ထိုက်တန်တန်ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ကွန်ကရစ်လမ်းနှင့်၊ ကွန်ကရစ်တံတားများအတွက် လိုအပ်သောဘိလပ်မြေပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၇-၁-၂၀၁၉ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၃-၁-၂၀၁၉ရက်
**တင်ဒါအာမခံပိတ်မည့်ရက်** - ၂၄-၁-၂၀၁၉ရက်
**တင်ဒါပွဲကျင်းပမည့်ရက်** - ၂၅-၁-၂၀၁၉ရက်
**တင်ဒါပွဲကျင်းပမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင်၂၆-၁၂-၂၀၁၈ရက်မှ စ၍ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက် များကို ဖုန်း-၀၇၁-၂၆၃၄၉၊ ၀၇၁-၂၆၃၅၉၊ ၀၇၁-၂၆၃၆၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### ကချင်ပြည်နယ်အစိုးရအဖွဲ့
### လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
### ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံ ငွေရင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ်၏ မြို့နယ်(၉)ခုအတွင်း ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်း Lot(၁၀)ခုအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့)
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၃-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) - ညနေ ၄ နာရီအထိ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း-၀၇၄-၂၅၂၂၂၈၄ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းသစ် (၆)ခန်းတွဲ (၃)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံး၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံး၊ (၃)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး၊ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၁၂)ခု၏ ကျေးလက်ဆေးပေးခန်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ရေမိလ္လာဆောက်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၈ရက်
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရက်** - ၁၉-၁-၂၀၁၉ရက်

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၈၃-၂၂၂၁၀၈၆**
**ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး**
**ကန္တရဝတီလမ်း၊ လွိုင်ကော်မြို့**

---

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကယားပြည်နယ် ကုသရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ကယားပြည်နယ်ကုသရေးဦးစီးဌာန အုပ်ချုပ်မှု အောက်ရှိဆေးရုံများတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာများ တည်ဆောက်မည့်လုပ်ငန်း (၁၇)ခုကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ တင်ဒါတင်သွင်းနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၉ရက် (ညနေ ၄နာရီ)

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ကယားပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၈၃-၂၂၂၄၂၀၄**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ မဟာစေတီလမ်း၊ အကွက်အမှတ်(၇၂)၊ ဈေးချောင်းတောင်အကွက်၊ ဦးပိုင်အမှတ်(၂/၄)၊ ဧရိယာဝဒသမဝ၆၅ဧကရှိ မြို့မြေကို ဦးခင်ချစ် အမည်ဖြင့် မြေငှားဂရန်အသစ်ထုတ်ပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3038, Top Star L/T(TSL-01),Pick Up(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးနိုင် ၉/ပသန(နိုင်)၁၂၄၄၀၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်းသွယ်၊ အမှတ်(က-၂၀)နေ ဦးဘရင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၄)၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည်-ညောင်နီ၊ ဦးပိုင်အမှတ်(N-၃/၂)၊မြေဧရိယာ ၄ဒသမ၈၂ဧကကို ဒေါ်ဥဥအောင်နှင့် ဒေါ်သွန်းဖြိုးဆုလာဘ်လှိုင် တို့၏ သီးစားအမည်ပေါက် ပိုင်ဆိုင်ပါသည်။ အထက်ပါမြေမှ ခွဲဝေ၍ မြေ(၁)ဧကအား ပိုင်ရှင်ဒေါ်ဥဥအောင်နှင့် ဒေါ်သွန်းဖြိုးဆုလာဘ်လှိုင်တို့ ကိုယ်တိုင်က တာဝန်ခံ ရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးဘရင်ဖြိုးမှ စရန်ငွေ တချို့တစ်ဝက်ပေးချေ၍ မြေအား လက်ရောက်ရယူပြီး ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အရောင်း အဝယ်ကိစ္စအား အပြီးအပိုင် ငွေပေးချေဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဦးဘရင်ဖြိုးထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေ ဦးဘရင်ဖြိုးက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘရင်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၅၅၀)**
**အမှတ်(၁၂၈)၊ ၈လမ်း၊ (၇)ရပ်ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆**
**၀၉-၇၉၂၀၄၅၈၇၅၊ ၀၉-၇၈၂၀၄၅၈၇၅**

---

### ပျောက်ဆုံးကြောင်း

ကျိုင်းတုံမြို့နယ်၊ ကျိုင်းလန်းရပ်ကွက်(၂)နေ နန်းပိုး ၁၃/ကတန(နိုင်)၀၇၀၇၉၂၏ နိုင်ငံကူးလက်မှတ်နံပါတ် (၇၀၆၉၄၈)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၂၂၄၇၈၀၆**

---

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၉) ရပ်ကွက်၊ မြေတိုင်းအကွက် အမှတ်/အမည် (၂-ထီးလှိုင်)၊ ဦးပိုင်(က-၁/၃)၊ ၀ ဒသမ ၁၂၂ ဧကရှိ ခြံမြေအား ဦးသောင်းရွှေ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်လာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးသောင်းရွှေအား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူမြို့နယ်၊ (၂၁) ရပ်ကွက်၊ မြေတိုင်းအကွက် အမှတ်/အမည် (၂-ရှမ်းစု)၊ ဦးပိုင်(အ-၁၀/၂၃)၊ ၀ ဒသမ ၃၆၀ ဧကရှိ ခြံမြေအား ဦးအေးလွင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်လာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူ ဦးအေးလွင်အား မြေငှားဂရန်အသစ် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၌ တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ဝင်စားသည့်လုပ်ငန်း/ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်း

(၁) ပုသိမ်ခရိုင်ရုံး (၉၀'×၆၈') (၁)လုံး

(နှစ်ထပ်) (သံကူကွန်ကရစ်အဆောက်အအုံ)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၂-၂၀၁၈ရက်စတင် ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၁-၂၀၁၉ရက် နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါ ရောင်းချ/တင်သွင်းမည့် လိပ်စာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးဖြစ်ပါသည်။ တင်ဒါနှင့် ပတ်သက်၍ သိရှိလိုသည်များအား ဖုန်း-၀၉-၇၉၉၇၉၈၇၄၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏
## ၂၀၁၇-၂၀၁၈ခုနှစ် ပညာသင်နှစ်
## A.G.T.I ဒီပလိုမာ ပေးအပ်မည့်အခမ်းအနားအတွက်
## ကြေညာချက်

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာပေးအပ်မည့် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၉-၂-၂၀၁၉ရက် (စနေနေ့) နံနက် ၉း၀၀နာရီ

**အခမ်းအနားကျင်းပခြင်း** - ၁၀-၂-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ A.G.T.I ဒီပလိုမာပေးအပ်မည့် အခမ်းအနားသို့ အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများ တက်ရောက်ယူနိုင်သည်-

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊ မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ မန္တလေး၊ လပွတ္တာ) တို့တွင် ၂၀၁၈ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I(တတိယနှစ်)စာမေးပွဲ အောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက် -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက် -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်း ရိုက်ကူးထားသော (တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၂-၁-၂၀၁၉ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၅-၁-၂၀၁၉ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့တက်ရောက်မည်(သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည်။

**မှတ်ချက်**။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ရန်ကုန်တိုင်းဒေသကြီး
### ကွမ်းခြံကုန်းမြို့နယ်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃

ဒေါ်တင်မိုးခိုင် **နှင့်** မောင်မျိုးမြင့်အောင်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာနေ မောင်မျိုးမြင့်အောင်(ဘ)ဦးခင်မောင်ရွှေ(ယခုနေရပ်လိပ်စာမသိသူ)တရားပြိုင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို လျှောက်ထားတရားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက် (၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင်)**
**မြို့နယ်တရားသူကြီး**
**ကွမ်းခြံကုန်းမြို့နယ်တရားရုံး**

## လူငယ်များအလုပ်အကိုင်ရရှိရေးအတွက်
## လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း
## (Equipping Youth for Employment-EYE) မှ
## ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်း
## (Competency Based Modular Short Course)
## သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (Equipping Youth for Employment-EYE) မှ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်နည်းပညာရှင်များ၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကျောင်းများ၏ ဆရာ ဆရာမများမှ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါသည်။

၁။ **သင်တန်းရည်ရွယ်ချက်**

မူလတန်းကျောင်းပြီးသည့်နောက် ကျောင်းဆက်လက်တက်ရောက်နိုင်ခြင်းမရှိသည့် လူငယ်များ၊ ဝေးလံခေါင်ဖျားဒေသများမှ တိုင်းရင်းသားလူငယ်များနှင့် အမျိုးသမီးများအတွက် ဆောက်လုပ်ရေး၊ စက်မှု၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး လုပ်သားဈေးကွက်နှင့် ကိုက်ညီသော ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၂။ **သင်တန်းဆိုင်ရာအချက်အလက်များနှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ**

(က) သင်တန်းကြေးအခမဲ့

(ခ) အစားအသောက်နှင့် နေထိုင်ရန် အဆောင်စီစဉ်ပေးမှု

(ဂ) ယူနီဖောင်းထောက်ပံ့မှုနှင့် သင်တန်းအား လုံလောက်သော သင်ထောက်ကူပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားပေးမှု

(ဃ) Stipend (လစဉ်ထောက်ပံ့ကြေးငွေ) လျှောက်ထားနိုင်မှု

(င) ကျား/မ မရွေးတက်ရောက်နိုင်ပြီး သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၁၂ ဦးသာလက်ခံသင်ကြားမှု

(စ) (Level-1 ) သင်တန်းပြီးဆုံးပါက အရည်အချင်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ပြီး အောင်မြင်ပါက (Level-2) သင်တန်း ဆက်လက်တက်ရောက်နိုင်မှုနှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင်လည်း အလုပ်အကိုင်ရရှိရန် ဆက်သွယ်ဆောင်ရွက်ပေးမှု

၃။ **သင်တန်းကျောင်းနှင့် ဖွင့်လှစ်မည့်သင်တန်းအမည်**

| စဉ် | ကျောင်းအမည် | ရွေးချယ်တက်ရောက်နိုင်သောဘာသာရပ် |
|---|---|---|
| ၁ | အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆ | - အုတ်စီကျွမ်းကျင်သင်တန်း (Bricklaying)<br>- သံချည်သံကွေးကျွမ်းကျင်သင်တန်း (Bardending) |
| ၂ | အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) - ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆ | |
| ၃ | အစိုးရနည်းပညာအထက်တန်းကျောင်း (မန္တလေး) ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၁-၅၁၅၂၁၉၂ | |
| ၄ | အမှတ် (၂)စက်မှုသင်တန်းကျောင်း (မန္တလေး) ဖုန်း-၀၉-၂၀၂၂၆၈၄ | - ဓာတ်ငွေ့သုံးလျှပ်စစ်ဂဟေဆက် သင်တန်း (MIG-MAG welding)<br>- လျှပ်စစ်ဂဟေဆက် သင်တန်း (SMAW/MMAW Welding) |
| ၅ | အမှတ် (၄)စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ဖုန်း-၀၉-၄၅၆၇၂၉၉၂၈၊ ၀၉-၄၀၁၅၇၅၀၅၃ | - လျှပ်စစ်ဂဟေဆက်သင်တန်း (SMAW/MMAW Welding)<br>- စိုက်ပျိုးရေးသုံးစက်ပစ္စည်းများပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (Small farm machinery repair and maintenance) |

၄။ **ဖွင့်လှစ်မည့်ရက်နှင့် သင်တန်းကာလ**

| အပတ်စဉ် (၁) | | သင်တန်း | မှတ်ချက် |
|---|---|---|---|
| စတင်မည့်ရက် | ပြီးဆုံးမည့်ရက် | ကာလ | |
| ၇-၁-၂၀၁၉ | ၆-၄-၂၀၁၉ | (၉၀)ရက် | သင်တန်းများအား နောက်အပတ်စဉ်များတွင် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ၊ ကလေး၊ လားရှိုး၊ မော်လမြိုင်၊ မိတ္ထီလာ၊ မုံရွာ၊ ပုသိမ်၊ တောင်ငူ)နှင့် ITC (မကွေးနှင့် သာဂရ)ကျောင်းများတွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းဖွင့်လှစ်မည့်ရက်များအား အချိန်နှင့်တစ်ပြေးညီ ကြော်ငြာသွားပါမည်။ |

၅။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံရပါမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မူလတန်းအောင်မြင်ပြီး အသက်(၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

၆။ လျှောက်လွှာတင်ရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပါရှိရပါမည်-

(က) သင်တန်းလျှောက်လွှာ (၁)စောင်

(ခ) နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ (၁)စောင်

(ဂ) လိုင်စင်ဓာတ်ပုံ (၃)ပုံ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/မြို့နယ်/ရဲစခန်း ထောက်ခံစာ

၇။ **သင်တန်းလျှောက်ထားနိုင်ပုံ**

သင်တန်းဝင်ခွင့် လျှောက်လွှာများကို အပိုဒ်(၃)ပါ ကျောင်းများတွင် အခမဲ့ရယူနိုင်သည့်အပြင် www.mimu.info နှင့် https://bit.1y/2A3xiak တွင်လည်း (Download) လွယ်ကူစွာရယူနိုင်ပါသည်။ လျှောက်လွှာအား ပြည့်စုံစွာဖြည့်စွက်ပြီး လိုအပ်သော ပူးတွဲအထောက်အထားများနှင့်တကွ သက်ဆိုင်ရာကျောင်းများ (သို့မဟုတ်) eye.cbmsc@gmail.com သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စက်မှုဝန်ကြီးဌာန
## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## MSMEs Logo ပြိုင်ပွဲဝင်လျှောက်လွှာခေါ်ယူခြင်း

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျင်းပလျက်ရှိသော ဒေသတွင်း ထုတ်ကုန်ပြိုင်ပွဲများမှ ဆုရလုပ်ငန်းရှင်များ၏ MSMEs ထုတ်ကုန်များတွင် တရားဝင်အသုံးပြုမည့် အသိအမှတ်ပြုအမှတ်တံဆိပ် (Logo)ကို ရွေးချယ်မည့် MSMEs Logo ပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

၂။ လျှောက်လွှာများကို ပေးသွင်းရမည့်အစီအစဉ်

(က) **လျှောက်လွှာလက်ခံမည့်ရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၈ရက်မှ ၁၀-၁-၂၀၁၉ရက်အထိ နံနက် ၉း၃၀နာရီမှညနေ ၄း၃၀နာရီအထိ

**(သတ်မှတ်ချိန်ထက် နောက်ကျပေးပို့သည့် ပြိုင်ပွဲဝင်လျှောက်လွှာများသည် အကျုံးမဝင်ပါ)**

(ခ) **ပြိုင်ပွဲကျင်းပမည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၉နာရီ

(ဂ) **ပြိုင်ပွဲကျင်းပမည့်နေရာ** - SME Center အမှတ် ၃၅၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့

(ဃ) **လျှောက်လွှာတင်သွင်းရမည့်လိပ်စာ** - MSMEs Logo ပြိုင်ပွဲကျင်းပရေးဘုတ်အဖွဲ့
ရုံးအမှတ် ၄၁၊ ဇေယျာဌာနီလမ်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်၊
ဖုန်း-၀၆၇-၃၄၀၈၁၂၈၊ ၀၆၇-၃၄၀၈၀၆၅၊
ဖက်စ်-၀၆၇-၃၄၀၈၁၂၈
smeagencymm@gmail.com, disi@e.industry.gov.mm

၃။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၁၂-၂၀၁၈ရက်မှစ၍ ရုံးအမှတ် ၄၁၊ မူဝါဒနှင့်ပြည်ပရေးရာဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး www.myanmarsmegov.mm, www.industry. gov.mm, www.disi.gov.mm နှင့် https://m.facebook.com တို့တွင်လည်း download ရယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၃၄၀၈၁၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ အမည်၊ ဆက်သွယ်ရန်လိပ်စာ၊ အီးမေးလ်နှင့် ဖုန်းနံပါတ်တို့ကို လျှောက်လွှာပုံစံ၌ ပြည့်စုံစွာဖြည့်စွက်၍ ပြိုင်ပွဲဝင်မည့် Logo (soft copy/ hard copy) နှင့်အတူ အထက်ပါလိပ်စာသို့ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၀ရက် ညနေ ၄း၃၀နာရီ နောက်ဆုံးထား၍ မူကြမ်းပေးပို့ရပါမည်။

၅။ ပြိုင်ပွဲဝင်ခွင့်ရမည့်သူများစာရင်းကို ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (သောကြာနေ့)၌ www.myanmarsmegov.mm, www.industry. gov.mm, www.disi.gov.mm နှင့် https://www.facebook.com/SME-Development- Department-Ministry- of-Industry-Myanmar တို့တွင် ကြေညာပေးမည် ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၁၂၉၈ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးမောင် ၉/မဟမ(နိုင်)၀၁၄၉၀၇က (ကမ-၃) ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၀ နှင့်ဆက်သွယ်သည့်
### ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇၂

ဦးသန်းစိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်နု) **နှင့်** ၁။ ကိုညွန့် ၂။ မလှတင် ၃။ ဒေါ်ဥမ္မာခင်

**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း ဘုရင့်နောင်လမ်းသွယ် (၁)လမ်း၊ အမှတ် (၄၁၄/ခ)နေ ကိုညွန့်၊ မလှတင်နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီ (၅)လမ်း၊ အမှတ် (၁၁၁၇-ဃ) နေ ဒေါ်ဥမ္မာခင် (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးသန်းစိုး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်နု)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၈ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အထက ၄၊ နဝမတန်း (က)မှ မလှရွှေ၏ ဖခင်အမည်မှန်မှာ ဦးထွန်းရွှေ ၁၃/ကလန(နိုင်)၀၄၂၆၅၄ ဖြစ်ပါကြောင်း။ **ဦးထွန်းရွှေ**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အထက ၄၊ အဋ္ဌမတန်း(ခ)မှ မောင်ကျော်ရှိန်းအား မောင်ချမ်းငြိမ်းဟုပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးစောဦး ၁၃/ကလန(နိုင်)၀၄၂၇၃၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ မိုင်းကိုင်မြို့၊ အထက သတ္တမတန်းမှ မသီသီဝင်း၏ ဖခင်အမည်မှန်မှာ ဦးချောက်ချိုရှင်း ဖြစ်ပါကြောင်း။ **ဦးချောက်ချိုရှင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိန်ဝင်း ၁၃/ဖခန(နိုင်) ၀၄၂၆၄၃၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ချစ်စန်းမောင် ၁၃/ရစန(နိုင်)၀၉၇၅၆၀၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၅၄၇၄၇၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်သန်းမေ ၁၃/ရစန(နိုင်) ၀၉၇၁၁၀၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၅၄၇၄၇၃**

## ပျောက်ဆုံးကြောင်း

ကျွန်မ မလှဲလှဲဝင်း ၁၃/ရစန(နိုင်) ၀၅၄၅၈၅၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၂၅၄၇၄၇၃**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ Family ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဉ္စမတန်းမှ မခိုင်ဇူလိုင်အား မသက်ထားမော်ဟု ပြောင်းလဲခေါ်ပါရန်။ **မသက်ထားမော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အလက(၁၂)မှ အလယ်တန်းပြ ဆရာမ ဒေါ်ခင်ချိုဝင်းနှင့် ဒေါ်ချိုချိုဝင်း ၁၃/တကန(နိုင်)၀၂၂၂၉၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်ချိုဝင်း(ခ)ဒေါ်ချိုချိုဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အလက(၁၂)မှ အလယ်တန်းပြဆရာမ ဒေါ်နန်းကြည်ဝင်းနှင့် ဒေါ်နန်းကြည်ကြည်ဝင်း ၁၃/မတန(နိုင်)၀၀၀၂၉၇သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်နန်းကြည်ဝင်း(ခ) ဒေါ်နန်းကြည်ကြည်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 2C/1964 Mitsubishi Canter ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၁၃/ကလန(နိုင်)၀၂၈၀၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံးခွဲ (အောင်ပန်း)**

## မော်တော်ဆိုင်ကယ်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၇၂၆၅၉ ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် ၅/ရဘန(နိုင်) ၀၁၀၇၉၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ရဲမှူးမြင့်သန်း (ငြိမ်း)

**သူရ(၇)၊ ဖောင်ကြီး**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေး ၅လမ်း၊ တိုက်(၂/၆)၊ အခန်း ၁၀၃နေ (ဦးသန်း-ဒေါ်လှမြင့်)တို့၏သား၊ ဒေါ်လုံးလုံးသွင်(စာရင်းစစ်မှူး၊ငြိမ်း၊ Natural World Co.,Ltd. )၏ချစ်လှစွာသောခင်ပွန်း၊ (ဦးရီထွန်း)-ဒေါ်နီနီမြင့်၊ [ဦးရင်ထွေး(ရှမဝ)-စမ်းစမ်းအေး(ရှမဝ)]တို့၏မောင်၊ ဦးဆန်နီသန်း-ဒေါ်အေးအေး၊ (ဦးကျော်နီသန်း)-ဒေါ်သီတာ၊ ဦးလှဆန်းတို့၏အစ်ကို၊ မအေးအေးယွန်း၊ ကိုသန်းထက်ဦး-မအိအိနွယ်၊ ကိုဟိန်းထွဋ်ဦး-မဇင်ဇင်ညို (ခေတ္တ-ဂျပန်)တို့၏ဖခင်၊ မသွန်းဝတီထက်၊ မလဲ့ယုခတို့၏ဘိုးဘိုးကြီးသည် ၂၃-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၀၅ နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ရဲမှူးမြင့်သန်း (ငြိမ်း)**

**သူရ(၇)၊ ဖောင်ကြီး**

**အသက်(၇၁)နှစ်**

သူငယ်ချင်း ဦးမြင့်သန်းသည် ၂၃-၁၂-၂၀၁၈ရက် ည ၇း၀၅ နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရ(၇)၊ ဖောင်ကြီး**

**သင်တန်းဆင်း အရာရှိနှင့်မိသားစုများ**

## ဒေါ်ခင်မေနွယ်

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၄၉၊ ၁၈ လမ်းနေ(ဦးဘဝက်-ဒေါ်ချစ်ခင်)တို့၏သမီး၊ (ဦးကျော်ညွန့်)- ဒေါ်လှမြင့်၊ (ဦးစံဝင်း-ဒေါ်လှရီ)၊ (ဦးဘသွင်-ဒေါ်ရင်ကြည်)တို့၏ညီမ၊ (ဦးကျော်သိန်းညွန့်)-ဒေါ်ရင်ရင်၊ (ဦးအောင်စိန်)တို့၏အစ်မ ဒေါ်ခင်မေနွယ်သည် ၂၃-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) ညနေ ၆း၁၂ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၈ ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၂)၊ သီရိရတနာလမ်း၊ မိကျောင်းကန်အပိုင်း(၃)၊ သဃ်န်းကျွန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ကြင်မေ(ခ) တောဘိအိန်(ခ) တောဘိကြည်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ် ၅၃၅၊ သုံးလွှာ(ဝဲ)နေ (ဦးချိန်ဂန်း-ဒေါ်ဘီ)တို့၏သမီး၊ (ဦးကျော်ဝင်း)၏ညီမ၊ ဦးဖိုးလမင်း-ဒေါ်သီတာဝင်း(ခေတ္တ-ဩစတြေးလျ)တို့၏ ကြီးတော်၊ အမေသည် ၂၀-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

၁၄-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားသော **ဆရာဦးမျိုးသန့်ကျော်** (အလုပ်ရုံမှူး၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်)၏ ဈာပနကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးခဲ့ကြပါသော ကျောင်းအုပ်ကြီးနှင့်တကွ ဌာနမှူးများ၊ အရာရှိများ၊ ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ၊ ကျောင်းသားဟောင်းများ၊ သင်္ဘောသား သူငယ်ချင်းများအားလည်းကောင်း၊ (၁၉၆၄-၈၈) ခုနှစ် လူရည်ချွန်အဖွဲ့နှင့် သင်္ဘောကုမ္ပဏီများအားလည်းကောင်း၊ အင်းစိန် GTI သူငယ်ချင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဝမ်းနည်းခြင်းသတင်း မေးမြန်းပြီး လှူဖွယ်ပစ္စည်းများပေးပို့လှူဒါန်းကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။

**ဇနီး** - **ဒေါ်စန်းစန်းလွင်(S- SAE ၊ ငြိမ်း)**

**သားကြီး** - **အောင်ကျော်မိုး**

**(KAW GUCHI MARITIME COMPANY)**

**သားငယ်** - **မင်းသစ်ကျော်**

**(EVER FORTUNE SHIP MANAGEMENT)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)

## ဒေါ်ဖွားသန်း

**အသက်(၇၈)နှစ်**

နတ်တလင်းမြို့နေ (ဆရာကြီးဦးအုန်းငွေ-ဒေါ်သိန်းလှ)တို့၏သမီး၊ ဒေါ်ဖွားသန်း (ရာသက်ပန်အသင်းဝင်အမှတ်-၁၃)သည် ၂၁-၁၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၁၀း၂၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးဝင်းမြင့် (ပ/၃၀၀၈)

**ဦးစီးအရာရှိ-ငြိမ်း(ထွေ/အုပ်)**

**B.Ed(1970-75)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ-၃၊ ခိုင်သဇင်လမ်းသွယ် ၄၊ အမှတ် ၄၁၈ နေ ဒေါ်ခင်မာငွေး၏ခင်ပွန်း၊ မောင်သူရအောင်-မဇွန်ဝင်းမြင့်(ခေတ္တ-စင်ကာပူ)၊ ဒေါက်တာဝဏ္ဏဝင်းတို့၏ဖခင်၊မောင်ဘုန်းရောင်နေ၏အဘိုးသည် ၂၄-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှဝေ (ပုလော)

**အသက်(၆၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နေ (ဦးစံမောင်-ဒေါ်မြရီ)တို့၏သား၊ (ဦးချစ်ထွန်း-ဒေါ်ညွန့်ရွှေ)တို့၏ သားသမက်၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ တိုက် ၄၃၊ (ငါးလွှာ၊ ခေါင်းရင်းခန်း) နေ ဒေါ်လှသန်း၏ခင်ပွန်း၊ ဦးတည်ကြည်ဦး-ဒေါ်ချောစုမြင့်၊ ကိုငြိမ်းအေးလတ်-မခွန်ထီးလို၊ ကိုအောင်ချမ်းထွန်း-မသီရိဦးတို့၏ဖခင်၊ မောင်ကောင်းသန့်တည်ကြည်၊ မောင်ကောင်းစုတည်ကြည်တို့၏ အဘိုးသည် ၂၄-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

## ဦးလှဝေ(ပုလော)

**ဒုတိယဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း (ရန်ကုန်)**

**အသင်းဝင်အမှတ်(၃၁၅)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ တိုက် ၄၃(ငါးလွှာ၊ခေါင်းရင်းခန်း)နေ ဒေါ်လှသန်း၏ ခင်ပွန်းသည် ၂၄-၁၂-၂၀၁၈ ရက်(တနင်္လာနေ့)နံနက် ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အသင်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ဝါး (ပဒေသာ)

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၆၊ အခန်း(7B)နေ (ဦးသာရောက်-ဒေါ်ဝက်)တို့၏သမီး၊ (ဦးသိန်းဆွေ)-ဒေါ်အေးမြင့်၊ ဒေါ်အေးကြည်၊ ဒေါ်အေးရီ၊ ဦးဇော်ဝင်း-ဒေါ်အေးစီ၊ (ဦးလှတင်-ဒေါ်အေးမြ)၊ ဦးသန်းအေး-ဒေါ်သူဇာခင်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ် ၁၈ ယောက်တို့၏အဘွားသည် ၂၁-၁၂-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၈ ရက်(စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးသာချော

**အသက်(၈၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၄)ရပ်ကွက်၊ ၆၄လမ်း၊ အမှတ်(ဃ-၁/၁၃၆)နေ ဦးညွန့်လှိုင်-ဒေါ်ဝင်းစိန်၊ ဦးတင်ဖေ-ဒေါ်နှင်းအေး၊ ဦးညွန့်ဝင်း-ဒေါ်ခင်ပြုံးခိုင်(ကထိက၊ သမိုင်းဌာန၊ မန္တလာဒီဂရီကောလိပ်)၊ ဦးညွန့်လင်း (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်နီလာဦးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်မြတင်၏ခင်ပွန်းသည် ၂၃-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) ည၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ တောင်အင်း၊ မြောက်အင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါ ချမ်းမြသာစည်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ လွှတ်တော်အိမ်ရာဝင်းနေ ဗိုလ်ကြီးညွန့်လင်း(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)၏ဖခင် ဦးသာချော အသက်(၈၈)နှစ်သည် ၂၃-၁၂-၂၀၁၈ရက် (တနင်္လာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **OTS 97 မှသူငယ်ချင်းများ**

## ဦးဝေလင်း (ကပရ-ငြိမ်း)

**အသက်(၆၈)နှစ်**

ရှာင်မြို့၊ ဈေးတန်းရပ်နေ(ဦးအောင်ဖေ-ဒေါ်သန့်ဇင်)တို့၏သား၊ (ဦးမြင့်အောင်-ဒေါ်ညွန့်တင်)၊ (ဦးမရန်တန်-ဒေါ်သန်းစိန်)၊ (ဦးဝင်းမြင့်)-ဒေါ်တင်တင်၊ ဦးခင်မောင်လေး-ဒေါ်ခင်မြ၊ (ဦးတင်မြင့်)-ဒေါ်မြဝင်းတို့၏ညီ/မောင်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊မင်းရဲ ကျော် စွာလမ်း၊ အမှတ်မ/၂၈၇၊ ငွေတောင်ကဖေးနေ ဦးမောင်မောင်ထွေး-ဒေါ်တင်တင်ဝင်း တို့၏ အစ်ကို၊ တူ/တူမ၂၆ယောက်တို့၏ ဦးလေး၊ မြေး၂၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၃-၁၂-၂၀၁၈ ရက်(တနင်္လာနေ့) ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ငွေတောင်ကဖေးမှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်ဆောင်းတင့် (မင်းလှ)

**ပြည်ထောင်စုရှေ့နေချုပ်ရုံး(ရုံးအုပ်-ငြိမ်း)**

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ အမှတ် ၁၅ (ငါးလွှာ-A)နေ (ဦးအေးမောင်-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးထွန်းရွှေ-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်ခင်)၏ဇနီး၊ ဦးအောင်မင်းငွေ-ဒေါ်တင်တင်အေး၊ ဦးမြတ်ထွန်း-ဒေါ်ခင်ဆောင်းထွေးတို့၏အစ်မ၊ ဦးနိုင်သူရ၊ ဒေါ်ယုမိစံ၊ ဦးဘိုဘိုမင်း၊ ဒေါ်ကေသီချစ်လှိုင်(ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏ ချစ်လှစွာသောမိခင်၊ မစံရတီ၏အဘွားသည် ၂၃-၁၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၈ရက်တွင် စမ်းချောင်းမြို့နယ်၊ ညောင်တုန်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စိန် အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၂လမ်း၊ အမှတ် (၇၂/က)နေ(ဗိုလ်ကြီး မြင့်ဆွေ)-ဒေါ်ခင် စိန်တို့၏သမီး၊ (ဦးကျော်စိန်-ဒေါ်သိန်းဟန်)တို့၏သမီးချွေးမ၊ ဦးမျိုးဆွေ-ဒေါ် ဖြူဖြူအေးတို့၏ညီမ၊ (ဦးမြင့်အေး)-ဒေါ်လှနွယ်စိန်၊ ဒေါ်ဝင်းနွယ်စိန်၊ ဦးဝင်းနိုင်၊ (ဦးထင်ကျော်ဦး)-ဒေါ်ခင်သီတာဝင်း၊ ဦးစန်းမြိုင်-ဒေါ်နွယ်နွယ်ထွန်း၊ ဦးလှနိုင်-ဒေါ်ဝင်းမြင့်၊ ဦးကျော်ကျော်-ဒေါ်လှလှရီတို့၏ အစ်မ၊ ဦးစိုးမြင့်(ဒု-ရဲမှူး၊ငြိမ်း)၏ဇနီး၊ ဦးနေလင်းအောင်-ဒေါ်ရွှယ်နှောင်းတို့၏မိခင်၊ မောင်ထက်ဇေယျာလင်း၊ မခိုင်ဇင်လင်းတို့၏ အဘွားသည် ၂၄-၁၂-၂၀၁၈ရက်(တနင်္လာနေ့) နံနက်၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃ နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၈ ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

အဂ္ဂိဈာပနရက်ကြေညာခြင်း

## ဘဒ္ဒန္တကောဏ္ဍည

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊**

**မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ဝေဠုဝန်)**

**သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်၊ အလတ်ချောင်း၊ ချောင်းဝကျောင်းတိုက် (ဘုန်းတော်ကြီးသင်ပညာရေးကျောင်း)၏ ဦးစီးပဓာနနာယကဖြစ်သော ဘဒ္ဒန္တကောဏ္ဍညသည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်) ၁၇-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) နံနက် နံနက် ၁၀း၂၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်၍ (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်) ၃၁-၁၂-၂၀၁၈ ရက် (တနင်္လာနေ့)တွင် အဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ သဟာယက၊ သံဃာ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**တွံတေးမြို့နယ်၊ ဖောင်းတော်ချုပ်ကျောင်းတိုက်**

**နာယကဆရာတော်**

## ဘဒ္ဒန္တသုမင်္ဂလ(ခ)ဘုန်းကြီးဦးသန်းဖေ (မုဒုံ)

**သက်တော် (၈၅)နှစ်၊ သိက္ခာတော်(၅၁)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဖောင်းတော်ချုပ် ကျောင်းတိုက်၏ နာယကဆရာတော်ဘဒ္ဒန္တသုမင်္ဂလ(ခ)ဘုန်းကြီးဦးသန်းဖေ(မုဒုံ)သည် (၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်) ၂၂-၁၂-၂၀၁၈ရက်(စနေနေ့) နံနက် ၁း၀၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ရက်) ၃၀-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တွံတေးမြို့နယ်၊ သတ္တဌာနအနီး၊ ကံဘဲ့အနောက်ပိုင်း သုသာန်သို့ ကရဝိက်ဖောင်တော်ဖြင့် ပင့်ဆောင်ပြီး အန္တိမအဂ္ဂိဈာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟနှင့် တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးအကျိုးတော်ဆောင်အဖွဲ့

ဖောင်းတော်ချုပ်ကျောင်းတိုက်

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ခင်စန်းလှိုင်

**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၄၄)နေ (ဦးဘသော်-ဒေါ်မြတင်)တို့၏သမီး၊ (ဦးညွန့်ရွှေ)(ညွှန်မှူး၊ ဗဟိုစာရင်းစစ်ရုံး)၏ဇနီး၊ (ဦးခင်ညွန့်-ဒေါ်ကြွယ်ကြွယ်ညွန့်)တို့၏ညီမ၊ (ဗိုလ်မှူးတင်လှ-ဒေါ်ကြည်ကြည်)၊ (ဒုတိယဗိုလ်မှူးကြီး ဒေါက်တာမြသော်)-ဒေါက်တာဝင်နီတို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း)-ဒေါ်သန်းသန်းရွှေ (ရွှေသွားဆေးခန်း)၊ (ဦးမောင်မောင်ရွှေ)၊ (ဦးမောင်မောင်အေး-ဒေါ်မြင့်မြင့်စိုး)၊ ဒေါ်ဝေဝေရွှေ (FXB Myanmar)၊ ဦးဝင်းမော်-ဒေါ်ခင်ခင်ဝင်းတို့၏မိခင်၊ ဒေါက်တာကျော်နောင်အုန်း(ပြည်သူ့ဆေးရုံကြီး၊ ရေးမြို့)-ဒေါ်မန္တူဝင်း၊ ဦးတေဇာသိုက်-ဒေါ်မြမြငွေး၊ ဒေါက်တာအောင်မွန်-ဒေါက်တာရည်မွန်ရွှေ(ခေတ္တ-ဂျပန်)၊ ဦးအောင်ချို-ဒေါ်စုမွန်အောင်၊ မတင်ဇာမော်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၄း၅၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ကြည် (ကျုံပျော်ထီဆိုင်နှင့် ဇရာပုံနှိပ်တိုက်)

**ဟင်္သာတမြို့**

**အသက်(၉၆)နှစ်**

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ် ၃၅နေ (ဦးသာဆိုင်)၏ဇနီး၊ ဦးသိန်းဇံ-ဒေါ်ခင်လှိုင်(အိုအေစစ်-ပုံနှိပ်တိုက်)၊ ဦးမြင့်စိုး-ဒေါ်ထွေးလှ၊ ဦးမြင့်သိန်း-ဒေါ်သန်းသန်းညိမ်း (မြသုံးလုံးပိုးထည်တိုက်)တို့၏မိခင်၊ ကိုကျော်ခိုင်ဝင်း-မဝါဝါလင်းဇံ(OASIS RECYCLE Co.,Ltd)၊ ကိုဖြိုးမြင့်သိန်း-မအင်ကြင်းလှိုင်(ဒင်္ဂါးဆေးဆိုင်)၊ ကိုမြတ်မင်းဇံ-မပြုံးရတနာမွန်(ငွေနန်းထိုက်)တို့၏အဘွား၊ မောင်ကောင်းထူးကျော်၊ မောင်လျှမ်းပြည့်၊ မလင်းရတီကျော်တို့၏အဘွားသည် ၂၃-၁၂-၂၀၁၈ရက် နံနက် ၁၁း၁၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အမှတ်တရသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးကျော်စိုး (AGTI Civil 1965 အင်းစိန်) အသက်(၇၇)နှစ်

**ဌာနခွဲမှူး(စည်ပင်/လမ်းတံတား၊ ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် ၁၂၇၀ နေ ဒေါ်မြင့်မြင့်သန်း(ငွေဆည်းဆာစတိုး)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဟိန်းလတ်-ငုယင်အန်တွင်း၊ (ကိုအောင်ကျော်မြင့်)၊ ကိုမင်းဟန်-မခိုင်ရွှေသိမ်း၊ မမြချမ်းငြိမ်းတို့၏ဖခင်၊ Simon Lee Chu Rong ၏အဘိုးသည် ၂၂-၁၂-၂၀၁၈ ရက်(စနေနေ့) ညနေ ၄း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၁၈ ရက်(တနင်္လာနေ့) ညနေ ၄ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၈ ရက် (သောကြာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးမောင်အေး အသက်(၇၈)နှစ်

ကွမ်းခြံကုန်းမြို့နယ်၊ တောင်ကုန်းကျေးရွာနေ(ဦးလှစိန်-ဒေါ်ကြည်ညွန့်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရန်ကုန် ပေါက်ကျေးရွာနေ ဒေါ်စောမြ၏သားသမက်၊ ဒေါ်ကျင်အေး၏ခင်ပွန်း၊ ဦးမောင်လွင်-ဒေါ်ငွေးငွေးမြင့်၊ ဦးခင်ဇော်-ဒေါ်ခင်မာဝင်း၊ ဦးနိုင်ဦး-ဒေါ်လှလှသန်း၊ ဦးကျော်ဆန်း-ဒေါ်ချိုချိုမာ၊ ဦးဝင်းအောင်ကြူ-ဒေါ်ဘေဘီအေး၊ မမျိုးမျိုးအေးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ အောင်ချမ်းသာလမ်းမကြီး၊ အမှတ် ၁၁၅၂နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# တပ်မတော်(ရေ)၏ (၇၁)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့သော တပ်မတော်(ရေ)သည် ယနေ့တွင် (၇၁)နှစ်တင်းတင်း ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တပ်မတော်(ရေ)၏ ရေကြောင်းစွမ်းအားကို ဒေသတွင်း ရေပြာရေတပ် (Regional Blue Water Navy) အဆင့်ရောက်အောင် မြှင့်တင်ရေးအတွက် ယနေ့(၇၁) နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားအား ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ် ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❐



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနား၌ စစ်ရေယာဉ်များအား ကြည့်ရှုစဉ်။** ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## မောင်တောရဲကင်းစခန်း ဖျက်ဆီးသည့် တောဆင်ရိုင်းအုပ်ကို ဟန့်တားပစ်ခတ်ရာမှ ဆင်တစ်ကောင်သေဆုံး

*စာမျက်နှာ » ၁၃*

## အင်ဒိုနီးရှား၌ ဆူနာမီကြောင့် သေဆုံးသူအရေအတွက်မြင့်တက်

*စာမျက်နှာ » ၁၄*

## ဒုံးခွင်းစနစ်ဝယ်ယူဖို့အရေးမှာ ဗျာများနေတဲ့ တူရကီ

*စာမျက်နှာ » ၁၅*

# မြန်မာ ယူ-၂၂ အသင်း နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာ ၂၆ ရက်တွင် စတင်လေ့ကျင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာ ယူ-၂၂ အသင်းသည် ဇန်နဝါရီလတွင် သွားရောက်မည့် ကာတာခြေစမ်းခရီးစဉ် အပါအဝင် ၂၀၁၉ ခုနှစ်တွင် ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာ ၂၆ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် လာမည့်နှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ကာတာဘောလုံးအဖွဲ့ချုပ်တို့၏ သဘောတူညီမှုအရ မြန်မာ ယူ-၂၂ အသင်းနှင့် ကာတာ ယူ-၂၂ အသင်းသည် ဇန်နဝါရီ ၁၀ ရက်တွင် ကာတာနိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာ ယူ-၂၂ အသင်း ယှဉ်ပြိုင်မည့် ပထမဆုံး နိုင်ငံတကာ ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၈ ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယရခဲ့သည့် အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဝန်းကျင်ပါဝင်လာမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဖိလစ်ပိုင်၌ ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဖေဖော်ဝါရီတွင် ကျင်းပမည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ မတ်လတွင် ကျင်းပမည့် အာရှ ယူ-၂၃ ခြေစစ်ပွဲတို့အတွက် စတင်ပြင်ဆင်ရမည်ဖြစ်သည်။

### ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရ

မြန်မာ ယူ-၂၂ အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ယခုနှစ်လယ်ပိုင်းကတည်းက ပြင်ဆင်ခဲ့ပြီး ယခုနှစ်အတွင်း တရုတ်ဖိတ်ခေါ်ပြိုင်ပွဲနှင့် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ နောက်ဆုံးပြိုင်ပွဲအဖြစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲ၌ အိမ်ရှင်ဗီယက်နမ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ကာ ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် အချိန်ယူပြင်ဆင်မည်ဖြစ်သောကြောင့် ယခုအကြိမ်ဖွဲ့စည်းရာတွင် အမာခံကစားသမား အစုံအလင် ပါဝင်လာမည်ဖြစ်ပြီး ကာတာ ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲမှာ အကျိုးရှိမည့် ခြေစမ်းပွဲဖြစ်လာမည်ဖြစ်သည်။ ထို့ပြင် အာဆီယံ ယူ-၂၂ ပြိုင်ပွဲနှင့် အာရှ ယူ-၂၃ ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲများ ထပ်မံ ကစားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ၎င်းကိုင်တွယ်သည့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ **သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၂၂ အသင်း ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်။

